# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာ ပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)


၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့။ Sunday 29 July 2018 ၉၁၆၂


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပဲခူးတိုင်းဒေသကြီးရှိ တာဝန်ရှိသူများနှင့် တွေ့ဆုံမှာကြားပြီး ရေဘေးရှောင်ပြည်သူများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်

နေပြည်တော် ဇူလိုင် ၂၈

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ မြို့တော်ခန်းမ၌ကျင်းပသည့် တိုင်းဒေသကြီးအစိုးရ၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လမ်းညွှန်အမှာစကား ပြောကြားသည်။**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပဲခူးမြို့ရှိ ဗုဒ္ဓအသံ ဓမ္မဗိမာန်၌ ပဲခူးမြို့နယ်အတွင်းရှိ ရေဘေးရှောင်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အားပေးစကားပြောကြားစဉ်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေနှင့် တရားသူကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က လမ်းညွှန်အမှာစကားပြောကြားရာ၌ ပဲခူးတိုင်းဒေသကြီးသို့ လာရောက်ရခြင်း

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

**အမျိုးသားအဆင့် အမွေအနှစ်မှသည် ကမ္ဘာ့အမွေအနှစ်ဆီသို့**

စာမျက်နှာ » ၆

**တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်ကျရောက်၍ ပျက်စီးဆုံးရှုံးမှုများဖြစ်ပွား**

စာမျက်နှာ » ၇

**ဂျပန်နိုင်ငံအနောက်ပိုင်းသို့ ဂျောင်ဒါရီ တိုင်ဖုန်းမုန်တိုင်း ဦးတည်ရွေ့လျားလျက်ရှိ**

စာမျက်နှာ » ၁၂

**ရာသီဥတုခန့်မှန်းချက် ရာနှုန်းပြည့်မိုး** (၂၉-၇-၂၀၁၈)

**နေပြည်တော်**
မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်**
မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။


C B BANK

SME LOAN
- CGI LOAN (အာမခံပစ္စည်းမဲ့ချေးငွေ)
- JICA TSL LOAN (ကာလရှည်ရင်းနှီးမြှုပ်နှံခြင်းချေးငွေ)
- CB - KfW LOAN (ပုံသေပိုင်ရင်းနှီးမြှုပ်နှံခြင်းချေးငွေ)
- TERM LOAN (လုပ်ငန်းလည်ပတ်ငွေအတွက်ချေးငွေ)

SME လုပ်ငန်းများပိုမိုတိုးတက်ဖို့ CB Bank မှ SME LOAN ကိုရယူစို့.....

Contact Us : (95-1) 371150, (95-1) 2317906 enterprise.dept@cbbank.com.mm

## ကြေးမုံ

# ရာသီဥတုပြောင်းလဲလာမှုကို သတိမူ

မျက်မှောက်ကာလ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများသည် ပုံမှန်အားဖြင့် မိုးရာသီကာလဖြစ်သည်။ မိုးရာသီကာလဖြစ်၍ မိုးရွာသွန်းသည်မှာ အဆန်းမဟုတ်ချေ။ သို့သော် ယခုနှစ်မိုးရာသီကာလတွင် ပုံမှန်မိုးရွာသွန်းမှုထက် ပိုမိုလွန်ကဲပြီး မြန်မာတစ်နိုင်ငံလုံး လွှမ်းခြုံရွာသွန်းနေသည်မှာ ယခင်နှင့်မတူ ထူးခြားနေသည်။ ယခင်က ဖြစ်လေ့ဖြစ်ထမရှိသည့် မိုးရွာသွန်းမှုပုံစံကို ကြုံတွေ့နေရပြီး နောင်ကာလတွင်လည်း ယင်းသို့ပင် ကြုံတွေ့လာနိုင်သည်မှာ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့်ဟု ဆိုရမည်ဖြစ်သည်။

အဆိုပါ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိရာ မြန်မာပြည်အောက်ပိုင်းရှိ အချို့ဒေသများမှ ပြည်သူများ ရေဘေးဒုက္ခများနှင့် ကြုံတွေ့နေရသည်ကို မြင်တွေ့နေရသည်။ ယခုရက်ပိုင်းတွင် မြန်မာပြည်အထက်ပိုင်းတွင် မိုးပိုမိုလာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထားပြန်ရာ မြန်မာပြည်အောက်ပိုင်းနှင့် အနိမ့်ပိုင်းဒေသများမှ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကို အထူးသတိပြုကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအောက်ပိုင်းဒေသအချို့၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားနေသောကြောင့် ဇူလိုင်လ ၂၆ ရက်နေ့က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ နိုင်ငံတော်အဆင့်တာဝန်ရှိပုဂ္ဂိုလ်များက မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ရေဘေးအန္တရာယ်ကြုံတွေ့ကြရသည့် ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး လိုအပ်သောကူညီထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့သည်ကို တွေ့ရပါသည်။

ရေကြီးရေလျှံမှုပြဿနာမှာ ပေါက်ပင် ဘာကြောင့်ကိုင်း ဆိုသည့် ဥပမာကဲ့သို့ ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာရပြီး ရာသီဥတုပြောင်းလဲခြင်းမှာ သစ်တောသစ်ပင်နှင့် သဘာဝပတ်ဝန်းကျင်များ ပျက်စီးဆုံးရှုံးသောကြောင့်ဖြစ်သည်။ ရေကိုထိန်းသိမ်းနိုင်သည့် သစ်တောသစ်ပင်နှင့် မြစ်ချောင်းများကို ထိန်းသိမ်းနိုင်သည့် သဘာဝပတ်ဝန်းကျင်များ ပျက်စီးယိုယွင်းလာသောကြောင့် ရေကြီးရေလျှံမှုများ နှစ်စဉ်တိုးတက်ဖြစ်ပေါ်လာသည်ဟု ဆိုနိုင်သည်။

လတ်တလောတွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့နေရသော၊ ကြုံတွေ့နိုင်သည့် ပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်စေပြီး လမ်းပန်းဆက်သွယ်မှု ပြတ်တောက်မှုမရှိစေရေး၊ ကျန်းမာရေး၊ ပညာရေး၊ အာဟာရဖြည့်ဆည်းရေး၊ အလုပ်အကိုင်မပျက်စေရေး၊ မြစ်၊ ချောင်း၊ မြောင်းများ မပိတ်ဆို့စေရေးတို့ကို ဖြေရှင်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

လတ်တလောအခြေအနေတွင် ငွေကြေးနှင့် အင်အားစိုက်ထုတ်၍ လက်ငင်းပြဿနာကို ဖြေရှင်းတန်သရွေ့ ဖြေရှင်း၍ရနိုင်သေးသော်လည်း ရေရှည်အတွက်မူ စိန်ခေါ်မှုအခက်အခဲများစွာဖြင့် အချိန်ယူဖြေရှင်းကြရဦးမည် ဖြစ်သည်။ အဓိကပြဿနာဖြစ်သည့် သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်းနှင့် မြစ်ချောင်းများ ထိန်းသိမ်းခြင်းတို့ကို ဟန်ချက်ညီဆောင်ရွက်မှသာ ရေကြီးရေလျှံမှုများ တစ်စတစ်စ လျော့နည်းသက်သာသွားမည်ဟု ထင်မြင်ယူဆပါသည်။ ယင်းအရေးကို အဖွဲ့အစည်းတစ်ခု၊ လုပ်ငန်းတစ်ခုက ဆောင်ရွက်နေရုံဖြင့် ရနိုင်လိမ့်မည်မဟုတ်ဘဲ အဖွဲ့အစည်းများအားလုံး လက်တွဲပူးပေါင်း၍ ပြည်သူများပါ ပါဝင်ဆောင်ရွက်ကြကာ အမျိုးသားရေးအသွင်နှင့် နှစ်စဉ်ရေရှည်စီမံချက်ဖြင့် ဆောင်ရွက်သွားနိုင်မှသာလျှင် အောင်မြင်နိုင်လိမ့်မည်ဟု သုံးသပ်မိပါသည်။

သို့ဖြစ်ရာ ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်လာသော ရေကြီးရေလျှံမှုပြဿနာများ တစ်စတစ်စ လျော့နည်းသက်သာသွားစေရန်အတွက် ပြည်သူများနှင့်အဖွဲ့အစည်းများအားလုံး ပူးပေါင်းလက်တွဲ၍ အမျိုးသားရေးအသွင်ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အစည်းအဝေးကျင်းပ

**စစ်တွေ ဇူလိုင် ၂၈**

လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးမောင်လှမြင့်၏ အယူခံတင်သွင်းလွှာနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ပထမအကြိမ်စုံညီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါ်တင်လှိုင်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသူရိန်ထွန်းက စစ်တွေခရိုင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်နှင့် လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးမောင်လှမြင့်၏ အယူခံတင်သွင်းလွှာအား ရှင်းလင်းပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသော ကော်မရှင်အဖွဲ့ခွဲဝင်များက အယူခံလွှာအပေါ် စိစစ်ဆွေးနွေး ရှင်းလင်းတင်ပြကြပြီး ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

လာမည့်ကြားဖြတ် ရွေးကောက်ပွဲတွင် လစ်လပ်နေသည့် ရသေ့တောင်မြို့နယ် ပြည်နယ်လွှတ်တော် အမှတ် (၂)မဲဆန္ဒနယ်၌ ပါဝင်ယှဉ်ပြိုင်ရန် စစ်တွေခရိုင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲတွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD) ပါတီမှ ကိုယ်စားလှယ်လောင်း စာရင်းတင်သွင်းသူ ဦးသိန်းမောင်ကို ရခိုင်အမျိုးသားပါတီ (ANP)မှ ကိုယ်စားလှယ်လောင်း ဦးမောင်လှမြင့်က ကန့်ကွက်ထားမှုအပေါ် ခရိုင် ရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်အား ဦးမောင်လှမြင့်က အယူခံတင်သွင်းထားခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(မြန်/ဆက်)**

# မြိတ်မြို့တွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင်အကြိုဆင့်ပွားသင်တန်းဖွင့်

**မြိတ် ဇူလိုင် ၂၈**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ ဖြစ်စေရန်အတွက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များ လက်တွေ့မြေပြင်တွင် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေးရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲက ကြီးမှူး၍ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင် အကြိုဆင့်ပွားသင်တန်းကို ယနေ့နံနက် ၉ နာရီခွဲတွင် အထက ၃ မြိတ်ပညာရတနာခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းကို တနင်္သာရီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင် ဦးယုတင်နှင့် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရည်မွန်တို့က အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးကြသည်။

သင်ရိုးညွှန်းတမ်းတွင် ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များ ခြုံငုံရွေးဆွဲထားသည့် သင်ရိုး ၁၂ ခုကို သင်ကြားသူကိုယ်တိုင် ပါဝင်ဆောင်ရွက်သည့် Enter Active နည်းဖြင့် စာတွေ့သင်ကြားဆွေးနွေးခြင်း၊ လက်တွေ့ဆောင်ရွက်ခြင်းများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ မြိတ်ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းကြည်ထံမှ သိရသည်။

အဆိုပါ သင်တန်းကို ဇူလိုင် ၂၈ ရက် နှင့် ၂၉ ရက်တို့တွင် ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(မြန်/ဆက်)**

# ရန်ကုန်တောင်ပိုင်းခရိုင်၌ မူးယစ်ဆေးဝါး မှုခင်းအသိပညာပေး

**တွံတေး ဇူလိုင် ၂၈**

လူကုန်ကူးမှု၊ မူးယစ်ဆေးဝါး၊ ယာဉ်အန္တရာယ်များကင်းဝေးစေရေးနှင့် မှုခင်းဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် တွံတေးမြို့နယ် ရဲတပ်ဖွဲ့ဝင်များက ပျော်ဘွယ်လေးကျေးရွာ မူလတန်းလွန်ကျောင်း၌ ပြုလုပ်ခဲ့ရာ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူ ၄၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ပွင့်သစ္စာ**

# တာချီလိတ်၌ သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**တာချီလိတ် ဇူလိုင် ၂၈**

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး လူထုလှုပ်ရှားမှုကို ယနေ့နံနက်ပိုင်းက တာချီလိတ်မြို့ ရှမ်းရိုးမကွင်း၌ပြုလုပ်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကင်းထောက်လူငယ်မောင်မယ်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က ၂၀၁၈ ခုနှစ် ဇူလိုင်လမှ ဩဂုတ်လအထိ ရက်သတ္တ ငါးပတ်ကြာ ဆောင်ရွက်မည့် လူထုလှုပ်ရှားမှုအစီအစဉ်ကို ရှင်းလင်းပြောကြားပြီး ရှမ်းရိုးမကွင်းအရှေ့တွင် စိုက်ထူထားသည့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး လူထုလှုပ်ရှားမှုမြေစိုက်ပိုစတာကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ကြီးကြပ်ရေးအဖွဲ့က တာချီလိတ်မြို့ပေါ် ၁၁ ရပ်ကွက်တွင် တစ်ပြိုင်တည်း ဆောင်ရွက်နေသည့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်း၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းနှင့် ခြင်ဆေးဖျန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# မုံရွာ၌ အများသုံးသန့်စင်ခန်းများ အဆင့်မြှင့်တင်မှု ပြုလုပ်မည်

**မုံရွာ ဇူလိုင် ၂၈**

မုံရွာမြို့၌ မုံရွာ-မန္တလေးကားလမ်းတစ်လျှောက်နှင့် အထင်ကရနေရာများရှိ အများသုံးသန့်စင်ခန်းများကို အဆင့်မြှင့်တင်မှု ပြုလုပ်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က ပြောသည်။

"တိုင်းဒေသကြီးအတွင်းမှာ ခရီးသွားလုပ်ငန်းတွေ အရှိန်အဟုန်နဲ့ ဖော်ဆောင်လုပ်ကိုင်နေတာ ဖြစ်ပါတယ်၊ အဓိကလုပ်ဖြစ်တာက ခရီးသွားပြည်သူတွေဟာ သန့်စင်ခန်းကို မသုံးမဖြစ်သုံးကြရတယ်၊ ဒါကြောင့် ခေတ်စနစ်နဲ့အညီဖြစ်တဲ့၊ ကျန်းမာရေးနဲ့ညီညွတ်တဲ့၊ နိုင်ငံတကာအဆင့်မီတဲ့ သန့်စင်ခန်းတွေ စီစဉ်ပေးမှာ ဖြစ်ပါတယ်၊ မုံရွာမြို့နယ်အတွင်း သွားလာကြတဲ့ ပြည်တွင်း၊ ပြည်ပခရီးသွားတွေ လမ်းခရီးမှာ သန့်စင်ခန်းတွေ အခမဲ့အသုံးပြုနိုင်ဖို့အတွက် မုံရွာ-မန္တလေးကားလမ်းတစ်လျှောက်မှာရှိတဲ့ စက်သုံးဆီဆိုင်တွေ၊ အထင်ကရနေရာတွေဖြစ်တဲ့ ဗောဓိတစ်ထောင်သာသနာ့နယ်မြေနဲ့ မိုးညှင်းသမ္ဗုဒ္ဓေဘုရားဝင်းအတွင်းမှာရှိတဲ့ အများသုံးသန့်စင်ခန်းတွေကို အဆင့်မြှင့်တင်မှုတွေ လုပ်ဆောင်ပေးသွားမှာပါ"ဟု စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က ပြောသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

သင့်စီးပွားရေးလုပ်ငန်းအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၈ ၊ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပဲခူးတိုင်းဒေသကြီးရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများအား လမ်းညွှန်အမှာစကားပြောကြားစဉ်။




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❖ ရှေ့ဖုံးမှ

ရည်ရွယ်ချက်နှစ်ခုရှိပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်တင်ဆောင်ရွက်ရန်နှင့် အဆက်မပြတ်မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် ရေဘေးရှောင် ပြည်သူများအား တွေ့ဆုံရန်တို့ဖြစ်ပါကြောင်း။

**အခွင့်ကောင်းအခါကောင်း**

နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍတို့တွင် တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် စိုးရိမ်ထိတ်လန့်နေရန် မလိုအပ်ပါကြောင်း၊ ယခုအချိန်သည် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ဆောင်ရွက်ရန် အခွင့်ကောင်း အခါကောင်းဖြစ်ပါကြောင်း၊ အားလုံး တက်ညီလက်ညီဖြင့် နည်းမှန်လမ်းမှန် လိုက်ပါဆောင်ရွက်မှသာ မိမိတို့တိုင်းပြည် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်ချမ်းသာကြွယ်ဝပြီး ပြည်သူလူထုလည်း လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်နေပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး အချိုးကျကျ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးကို အလေးထားဆောင်ရွက်လျက်ရှိနေပါကြောင်း၊ တရားမျှတမှုရရှိရန်မှာ အားလုံးတွင် တာဝန်ရှိကြပါကြောင်း၊ တရားမျှတမှုရရှိရေး အကောင်အထည်ဖော်ခြင်းသည် ဒီမိုကရေစီခိုင်မာစေရေးဖြစ်သကဲ့သို့ လူ့အဖွဲ့အစည်းကိုလည်း ခိုင်မာတောင့်တင်းစေပါကြောင်း။

**ငြိမ်းချမ်းသာယာလာမည်**

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးကို အထောက်အပံ့ ဖြစ်စေပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံအဖြစ် တည်ဆောက်နိုင်မှသာ စည်းလုံးညီညွတ်ပြီး ငြိမ်းချမ်းသာယာ ဝပြောစည်ပင်လာမည် ဖြစ်ပါကြောင်း။

အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍ ပြည်သူလူထုကို ဖိနှိပ်ချုပ်ချယ်သည့် ယန္တရားမဖြစ်စေလိုပါကြောင်း၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ပေးရန်လိုပါကြောင်း၊ ပြည်သူလူထု၏ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးသည့် စီမံခန့်ခွဲမှုမျိုးဖြစ်စေလိုပါကြောင်း၊ ထို့ပြင် တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ကြိုတင်သိမြင်နိုင်မှုစသည့် အချက်များနှင့်လည်း ကိုက်ညီမှုရှိရန် အထူးလိုအပ်ပါကြောင်း။

**မှန်မှန်ကန်ကန်တရားစီရင်**

ဥပဒေပြုရေးနှင့်စပ်လျဉ်း၍ ဥပဒေများရေးဆွဲရာတွင် ခေတ်ကာလ လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိသည့် ဒီမိုကရေစီနှင့်လျော်ညီသည့် ဥပဒေများဖြစ်အောင် ရေးဆွဲကြရန် လိုအပ်ပါကြောင်း၊ တရားစီရင်ရေးနှင့် စပ်လျဉ်း၍ ဆင်းရဲချမ်းသာမရွေး၊ ရာထူးဌာနန္တရမရွေးဘဲ ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေးဖြစ်ရန် လိုပါကြောင်း၊ တရားစီရင်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်ကန်ကန် တရားစီရင်ကြရန် လိုအပ်ပါကြောင်း။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရပ်ဘက်အဖွဲ့အစည်းများနှင့် ရပ်မိရပ်ဖများ ပိုမိုပူးပေါင်းပါဝင်နိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးသည် ပြည်သူများအပါအဝင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ ပိုမိုအောင်မြင်မည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးမှုများကို မသိကျိုးကျွန်ပြုထားခြင်း၊ လျစ်လျူရှုထားခြင်း၊ မျက်ကွယ်ပြုထားခြင်းများကို ပြည်သူများက စောင့်ကြည့်ပေးထားပြီး ဖော်ထုတ်ပေးကြရန် လိုပါကြောင်း။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥပဒေများနှင့်အညီ ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအထိ ဖွဲ့စည်း

**စာမျက်နှာ ၄ သို့ ○**

ပဲခူးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း ရှင်းလင်းတင်ပြစဉ်။



ပဲခူးတိုင်း ဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးခင်မောင်ရင် ရှင်းလင်းတင်ပြစဉ်။



ပဲခူးတိုင်း ဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ ရှင်းလင်းတင်ပြစဉ်။







နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပဲခူးမြို့နယ်အတွင်းရှိ ရေဘေးရှောင်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။

❍ စာမျက်နှာ ၃ မှ

ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအလိုက် Corruption Prevention Unit(CPU)များ ဖွဲ့စည်းပြီး ထိန်းကျောင်းရန် စီမံလျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုကင်းရှင်းစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုကို ဆူကြုံနိမ့်မြင့်မရွေး ဥပဒေနှင့်အညီ ကိုင်တွယ်ဖြေရှင်းလျက်ရှိပါကြောင်း၊ အဂတိ ကင်းစင်သည့် လူ့အဖွဲ့အစည်းဖြစ်စေရန် ဆောင်ရွက်နေပါကြောင်း။

**အညီအမျှဖြစ်ကြရမည်**

တရားစီရင်ရေး ကဏ္ဍတွင် ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အဆင့်ဆင့် တာဝန်ယူတာဝန်ခံ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စု တရားစီရင်ရေးဥပဒေတွင် ပါဝင်သည့် ပြဋ္ဌာန်းချက်များ၊ တရားစီရင်ရေးနှင့် စပ်လျဉ်းသည့် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေ၏ ရှေ့မှောက်တွင် နိုင်ငံသူနိုင်ငံသားများအားလုံး အညီအမျှဖြစ်ကြရမည်ဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်လုပ်ကိုင်ကြရန် လိုအပ်ပါကြောင်း လမ်းညွှန်မှာကြားသည်။




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ရန်ပုံငွေသို့ လွှဲပြောင်းထောက်ပံ့သည့် ငွေကျပ် သိန်း ၁၀၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းထံ ပေးအပ်စဉ်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က လွှတ်တော်ရေးရာ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက တရားလွှတ်တော်ရေးရာလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**မှန်မှန်နှင့် မြန်မြန်ဆောင်ရွက်**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ရှင်းလင်းတင်ပြသည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍ အစီရင်ခံစာများနှင့် စပ်လျဉ်း၍ တရားစီရင်ရေးကဏ္ဍတွင် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ မရှိစေရန် အမြဲမပြတ်စောင့်ကြည့်ရန် လိုအပ်ပါကြောင်း၊ တရားစီရင်ရေး မဏ္ဍိုင်တည့်မတ်စေရန် အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အမှုများကို မှန်မှန်နှင့် မြန်မြန် ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

ဥပဒေပြုရေးကဏ္ဍတွင် လွှတ်တော်သို့ အဆိုများတင်သွင်းရာတွင် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်ညီရန် လိုပါကြောင်း၊ ကတိကဝတ်ပေးပြီးပါက အကောင်အထည်ဖော်ရန် လိုပါကြောင်း၊ ဥပဒေများရေးဆွဲရာ၌ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ရန်လိုပါကြောင်း၊ အုပ်ချုပ်ရေးကဏ္ဍတွင် လယ်ယာမြေများ စိစစ်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ မူဝါဒနှင့်အညီ စိစစ်ကြရန်လိုပါကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသ၏လိုအပ်ချက်နှင့် ပြည်သူများအကျိုးဖြစ်ထွန်းစေရန် လိုပါကြောင်း။

**ပြည်သူကိုအလုပ်အကျွေးပြု**

ဝန်ထမ်းများသည် နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းမှ ကျခံသုံးစွဲသည့် လစာ၊ စရိတ်ငွေနှင့် အခြားခံစားခွင့်များကို ခံစားကြရပါကြောင်း၊ အဆိုပါ ဝန်ထမ်းများတွင် အခွင့်အရေးနှင့် ဒွန်တွဲ၍ တာဝန်ယူမှုများ ရှိပါကြောင်း၊ အခွင့်အရေးကိုမှန်ကန်စွာ သုံးစွဲပြီး တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ရန်လိုကြောင်း၊ ပြည်သူ့ဘဏ္ဍာကို ခံစားနေကြသည့် ဝန်ထမ်းများသည် ပြည်သူ့တာဝန်များကို တရားဥပဒေနှင့်အညီ ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ပြီး ပြည်သူကို လေးစားစွာ အလုပ်အကျွေးပြုကြရမည်၊ ပြည်သူကို ဝန်ဆောင်မှုများပေးကြရမည်ဖြစ်ပါကြောင်း။

ဝန်ထမ်းများအနေဖြင့် ပြည်သူကို တရားမျှတစွာဆက်ဆံရန်၊ ပြည်သူ့ဘဏ္ဍာကို အလေအလွင့်မရှိအောင် ဆောင်ရွက်ရန်လိုပါကြောင်း၊ ထို့ပြင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးတို့သည် အပြန်အလှန်ချိတ်ဆက်နေပါ၍ အပြန်အလှန်ထိန်းကျောင်းရန်လည်း တာဝန်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

**ရန်ပုံငွေထောက်ပံ့ပေးအပ်**

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့ရှိ ဗုဒ္ဓအသံဓမ္မဗိမာန်သို့သွားရောက်ပြီး ပဲခူးမြို့နယ်အတွင်းရှိ ရေဘေးရှောင်ပြည်သူများနှင့် သွားရောက်တွေ့ဆုံ၍ အားပေးစကား ပြောကြားကာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေသို့ လွှဲပြောင်းထောက်ပံ့သည့် ငွေကျပ် သိန်း ၁၀၀၀ ကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းထံ ပေးအပ်သည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရေဘေးရှောင်ပြည်သူများအတွက် ဆန်အိတ် ၁၀၀ နှင့် ရေဘေးရှောင်မိသားစု ၁၀၀၀ အတွက် ထောက်ပံ့ရေးပစ္စည်း ခြောက်မျိုးပါ ကယ်ဆယ်ရေးပစ္စည်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ရေဘေးရှောင်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အားပေးစကား ပြောကြားသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရေဘေးရှောင်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်း ခြောက်မျိုးပါ ကယ်ဆယ်ရေးပစ္စည်းများအား တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်စဉ်။



ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနရှိ မိုးလေဝသအခြေအနေဆိုင်ရာများနှင့်စပ်လျဉ်း၍ ဂြိုဟ်တုမှပေးပို့သည့်ပုံရိပ်များကို လှည့်လည်ကြည့်ရှုစဉ်။

☆ မြန်မာနိုင်ငံမှ

အစည်းအဝေးကို ယခုကဲ့သို့ ကျင်းပရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံအတွင်း ရေကြီးရေလျှံမှုများကြောင့် နစ်နာဆုံးရှုံးမှုများ ကြုံတွေ့နေရပါကြောင်း၊ လတ်တလော ရေကြီးရေလျှံမှုများကြောင့် ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရေကြီးရေလျှံမှုများ လတ်တလောဖြစ်ပေါ်လျက်ရှိရာ သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်းသည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ သဘာဝဘေးအန္တရာယ် ကြုံတွေ့ခံစားနေကြရသူများအား သဘာဝဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်၍ ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်းနှင့် သဘာဝဘေးအန္တရာယ် ဖြစ်ပွားနိုင်သည်များကိုမျှော်မှန်း၍ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စနစ်တကျကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဖေမြင့်နှင့် ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသူ၊ ဗိုလ်ချုပ်အောင်သူ၊ ဦးဝင်းမော်ထွန်းနှင့် ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်၊ ဦးတင်မောင်ဦးနှင့် ဦးမျိုးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်းနှင့် ဒေါက်တာကျော်မိုးဦးနှင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ် ကြုံတွေ့ခံစားနေကြရသူများအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆက်လက်ကူညီဆောင်ရွက်သွားမည့်အစီအမံများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်သွားမည့်အခြေအနေများ၊ ချက်ချင်းတုံ့ပြန်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ထောက်ပံ့ကူညီသွားမည့်အစီအစဉ်များ၊ လုံခြုံရေး၊ သတင်းထုတ်ပြန်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဆောက်လုပ်ရေး၊ လျှပ်စစ်ကဏ္ဍဆိုင်ရာများနှင့် တပ်မတော်မှ သဘာဝဘေးအန္တရာယ်များကျရောက်သည့် နေရာများတွင် ပူးပေါင်းကူညီ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး မိုးလေဝသအခြေအနေဆိုင်ရာများနှင့်စပ်လျဉ်း၍ ဂြိုဟ်တုမှပေးပို့သည့်ပုံရိပ်များကို လှည့်လည်ကြည့်ရှုသည်။

**သတင်းစဉ်**

# မဒေါက်၌ စစ်တောင်းမြစ်ရေစိုးရိမ်ရေမှတ်ကျော်၍ ရေကာတာကြံ့ခိုင်ရေး ဆောင်ရွက်

**မဒေါက် ဇူလိုင် ၂၈**

မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် မဒေါက်မြို့ စစ်တောင်းမြစ်ရေ ဆက်လက်မြင့်တက်နေပြီး ယနေ့နံနက် ၁၀ နာရီခွဲက စိုးရိမ်ရေမှတ်အထက် ခြောက်ပေကျော်ထိ မြင့်တက်လာမှုကြောင့် စစ်တောင်းမြစ် ရေကာတာ မကျိုးပေါက်ရေး အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအဖွဲ့များနှင့် ဒေသခံပြည်သူများက ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေရကြောင်း သိရသည်။

ညောင်လေးပင်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှူး ဦးညွန့်လွင်က "တာမှာ ထူးပေါက်၊ စိမ့်ပေါက်တွေတော့ရှိတယ်။ ၁၉၉၉ ခုနှစ်က ပင်လယ်ရေမျက်နှာပြင်အထက် ၄၃ ဒသမ ၄ ပေ ရှိခဲ့တယ်။ အခုက ၄၃ ဒသမ ၃ ပေ ရှိနေပြီ။ ဒီထက်မက ရေတက်လာပြီး တာပေါ်ကျော်သွားရင် စိုးရိမ်ရတယ်။ လောလောဆယ် တာပေါ်မှာ ရေလျှံနိုင်မယ့်နေရာတွေ မှန်သမျှ သဲအိတ်တွေစီပြီး လိုက်ကာနေတယ်။ နောက်ထပ်တက်လည်း ခံနိုင်သေးတယ်။ အဲဒီထက်တက်တာတော့ မရှိခဲ့ဖူးဘူး"ဟု ပြောသည်။

အဆိုပါ စစ်တောင်းမြစ် ရေဘေးကာကွယ်ရေးတာပေါ်ရေလျှံ၍ ကျိုးပေါက်ခဲ့ပါက မဒေါက်မြို့နှင့် အနီးဝန်းကျင်ကျေးရွာများ ရေလွှမ်းမိုးနိုင်ပြီး လက်ရှိတွင် မဒေါက်မြို့ပေါ်၌ ရေဘေးကယ်ဆယ်ရေးစခန်း လေးခု ဖွင့်လှစ်ထားရှိကာ အဖွဲ့အစည်းအသီးသီးမှ စားသောက်စရာများအား လာရောက်လှူဒါန်းပေးလျက်ရှိသည်။ မဒေါက်မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၁ ခု၌ ဇူလိုင် ၂၇ ရက် ညနေပိုင်းစာရင်းအရ အိမ်ထောင်စု ၁၅၅၇ စုရှိ ရေဘေးသင့်ပြည်သူ ၈၅၈၁ ဦးကို တာဝန်ရှိသူများက နေရေး၊ စားရေး၊ ကျန်းမာရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ရေကာတာအား စောင့်ကြည့်ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။

**ရဲမြန်မာ(ညောင်လေးပင်)**





# မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့်အဖွဲ့ ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်

**ကျိုက်ထို ဇူလိုင် ၂၈**

ကျိုက်ထိုမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ ရပ်ကွက်/ကျေးရွာများ၌ ရေဝင်ရောက်မှုကြောင့် မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီမှ ရေဘေးရှောင်ပြည်သူများအတွက် ဇူလိုင် ၂၇ ရက် ညနေ ၅ နာရီခွဲတွင် ကယ်ဆယ်ရေးစခန်းလေးခုဖွင့်လှစ်၍ ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

အဆိုပါစခန်းများသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့်အဖွဲ့သည် ယနေ့နံနက် ၈ နာရီက သွားရောက်၍ အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ရှေးဦးစွာ ကော့စံနိုင်ရပ်ကွက် တောရဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်းသို့သွားရောက်ပြီး ရေဘေးရှောင်ပြည်သူ ၁၆၂၀ ကို တွေ့ဆုံကာ အားပေးစကားပြောကြားပြီး လတ်တလော စားဝတ်နေရေး အဆင်ပြေစေရေးအတွက် ငွေကျပ် ၃၄၀၂၀၀၀ ကို လည်းကောင်း၊ တောင်သူစုရပ်ကွက် အခြေခံပညာမူလတန်းကျောင်း(သမလ)တွင် ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းမှ ရေဘေးရှောင်ပြည်သူ ၁၁၃ ဦးအတွက် ငွေကျပ် ၂၃၇၃၀၀ ကို လည်းကောင်း၊ ဇေယျာမွန်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ရေဘေးရှောင်ပြည်သူ ၅၇၁ ဦးအတွက် ငွေကျပ် ၁၁၉၉၁၀၀ ကို လည်းကောင်း၊ ဖက္ကလိပ်ကျေးရွာ ကိုးနဝင်းစေတီဓမ္မာရုံရှိ ရေဘေးရှောင်ပြည်သူ ၁၈၀ ခန့်အတွက် ငွေကျပ် ၃၇၈၀၀၀ ကို လည်းကောင်း ထောက်ပံ့ပေးအပ်သည်။

**ဝင်းမောင်(ကျိုက်ထို)**

○ ကျောဖုံးမှ

### ပဲခူးမြစ်

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းတာချက်အရ ၉၆၈ စင်တီမီတာသည် နှစ်ပေါင်း ၅၄ နှစ်အတွင်း အမြင့်ဆုံးရေမှတ်ဖြစ်သည်။ ယခင်အမြင့်ဆုံးရေမှတ်မှာ ၂၀၁၁ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် တိုင်းတာရရှိသော ၉၆၀ စင်တီမီတာ ဖြစ်သည်။

### သံလွင်မြစ်

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ငါးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

### ဘီးလင်းမြစ်

ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ ပဲခူးမြို့နယ်၊ ရွှေကျင်မြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်ကြသူများအနေဖြင့် မြစ်ရေကြီးမှုဘေးအန္တရာယ်မှ ကင်းလွတ်ရာသို့ ရှောင်ရှားကြပါရန်နှင့် တောင်ငူမြို့နယ်နှင့် ဘီးလင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**ကြေးမုံ**

# အမျိုးသားအဆင့် အမွေအနှစ်မှသည် ကမ္ဘာ့အမွေအနှစ်ဆီသို့

**မောင်ဇေ**

**ယဉ်ကျေးမှုအမွေအနှစ်**

အမွေအနှစ်ဟူသည် လူသားတို့ ရှင်သန်နေထိုင်စဉ်ကာလတစ်လျှောက် မိမိကိုယ်ပိုင် စိတ်ကူးစိတ်သန်း၊ လိုအင်ဆန္ဒများအရ ဖန်တီးပြုလုပ်ထားကြသည့် မိမိတို့ အစဉ်အလာ၊ စရိုက်လက္ခဏာတို့ကို ဖော်ပြနေသော ဒြပ်ရှိ ဒြပ်မဲ့ အရာဝတ္ထုပစ္စည်းများ ဖြစ်ကြပေသည်။ အမွေအနှစ်ဖြစ်တည်ရန် ဖန်တီးခဲ့သူတို့၏ စိတ်ကူးစိတ်သန်း၊ မြင့်မားသည့် အတွေးအခေါ်၊ အယူအဆ၊ အနုပညာစိတ်ရှင်သန်မှု၊ ယင်းတို့၏ ကြိုတင်တွေးဆသည့် စိတ်ခံစားမှု၊ လူသားဆန်သည့် အသွင်အပြင် လက္ခဏာများ၊ ပရိယာယ်တို့သည် ကျန်ရှိသည့်အမွေအနှစ်ကို လေ့လာခြင်းဖြင့် သိမြင်နိုင်သကဲ့သို့ ကျန်ရှိသည့် အမွေအနှစ်များကို ကြည့်ရှုကာ ယင်းလူမျိုးတို့၏ အနုပညာဖန်တီးတင်ဆက်နိုင်မှုပညာ၊ မြင့်မားသည့် အတွေးအခေါ်ဖြင့် ဖန်တီးဖော်ပြချက်များ၊ ချမ်းသာကြွယ်ဝမှု ၊ စည်ပင်ဝပြောမှု၊ စစ်မက်ဖြစ်ပွားမှု စသည်များကို ယင်းကျန်ရှိခဲ့သည့် အထောက်အထားပစ္စည်းများကို လေ့လာကြည့်ရှု သိမြင်နိုင်သည်။

ယင်းသို့သော အနုပညာလက်ရာ ပညာတန်ဖိုး ၊ ဗိသုကာလက်ရာတန်ဖိုး မြင့်မားသည့် အမွေအနှစ်များကို မြန်မာနိုင်ငံတွင် များစွာတွေ့မြင်နိုင်ပါသည်။ ခေတ်အဆက်ဆက် အထောက်အထား နေရာများဖြစ်သည့် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်မှစ၍ ပျူ ပုဂံ နောက်ပိုင်းကာလများ အသီးသီးဖြတ်သန်းခဲ့ရပုံများကို ရှာဖွေဖော်ထုတ်ထားသည့် မြို့ဟောင်းများ၊ အဆောက်အအုံများ၊ နေရာများက တွေ့မြင်နိုင်ပါသည်။ ထိုမြို့ဟောင်းအသီးသီးနှင့် တွေ့ရှိခဲ့သည့် ရှေးဟောင်းအရာဝတ္ထုပစ္စည်းအသီးသီးတို့သည် မိမိတို့ ဘိုးဘွားများ၏ အနုပညာရှင်သန်မှု၊ အယူအဆမြင့်မားမှုကို ဖော်ပြနေပါသည်။

**ကမ္ဘာ့အမွေအနှစ်ဆီသို့**

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၄ ခုနှစ် ဧပြီလ ၂၉ ရက်နေ့တွင် ကမ္ဘာ့အမွေအနှစ်ကော်မတီဝင်အဖြစ် လက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည်။ များပြားစွာတည်ရှိနေသည့် အမွေအနှစ်များကို နိုင်ငံတော်အဆင့် ကာကွယ်ထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်အဖြစ် အမြင့်ဆုံးအဆင့်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ၁၉၉၆ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယခင်ယဉ်ကျေးမှုဝန်ကြီးဌာန)က အောက်ပါအတိုင်း မြန်မာ့အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ရှစ်ခုကို အဆိုပြု အမည်စာရင်း တင်သွင်းခဲ့ပါသည်-

(က) မြန်မာနိုင်ငံ အထက်ပိုင်းဒေသများမှ ရှေးဟောင်းမြို့များ၊ (အင်းဝ၊ အမရပူရ၊ စစ်ကိုင်း၊ မင်းကွန်း၊ မန္တလေး)၊
(ခ) ပြဒါးလင်းဂူ၊
(ဂ) ပုဂံရှေးဟောင်းအမွေအနှစ်ဒေသရှိ အဆောက်အအုံများ၊
(ဃ) အင်းလေးကန်၊
(င) ပဲခူး၊ ဟံသာဝတီ စသည့် မွန်ရှေးဟောင်းမြို့တော်များ၊
(စ) မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသ၊
(ဆ) ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ စသည့် ပျူရှေးဟောင်းမြို့များ၊
(ဇ) အုံတုံ၊ စလေ၊ ပခန်းကြီး၊ ပခန်းငယ်၊ လယ်ကိုင်း၊ စကု၊ ရွှေကျောင်း (မန္တလေး)။

ထို့အတူ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက အောက်ပါ မြန်မာ့အမျိုးသား သဘာဝအမွေအနှစ် ခုနစ်ခုကို အဆိုပြု အမည်စာရင်း တင်သွင်းခဲ့ပါသည်-

(၁) ဧရာဝတီမြစ်ကြောင်းနှင့် မြစ်ကမ်း၊
(၂) မြန်မာနိုင်ငံမြောက်ပိုင်းရှိ တောင်ပေါ်သစ်တောများ၊
(၃) အင်းတော်ကြီး သဘာဝတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊
(၄) နတ်မတောင် အမျိုးသားဥယျာဉ်၊
(၅) မြိတ်ကျွန်းစု၊
(၆) ဟူးကောင်းတောင်ကြား သဘာဝတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊
(၇) တနင်္သာရီ သစ်တော

> ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်ဒေသ (သို့မဟုတ်) နေရာများအတွက် စံနှုန်းသတ်မှတ်ချက် ခြောက်ချက်နှင့် ကမ္ဘာ့သဘာဝအမွေအနှစ် နေရာဒေသများအတွက် စံနှုန်းသတ်မှတ်ချက် လေးချက်မူတည်ကာ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ကြကြောင်း သိရှိရ

**ကမ္ဘာ့အမွေအနှစ်စံနှုန်းများ**

ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရန် စိစစ်တင်ပြထားသည့် ဒေသသည် လူသားအားလုံးအသိအမှတ်ပြုနိုင်သော တန်ဖိုးရှိရန်လိုအပ်သကဲ့သို့ ကမ္ဘာ့အမွေအနှစ်ကော်မတီက သတ်မှတ်ထားသော စံနှုန်းများနှင့်လည်း အနည်းဆုံး တစ်ချက်ကိုက်ညီရန် လိုအပ်ပါသည်။ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်ဒေသ (သို့မဟုတ်) နေရာများအတွက် စံနှုန်းသတ်မှတ်ချက် ခြောက်ချက်နှင့် ကမ္ဘာ့သဘာဝအမွေအနှစ် နေရာဒေသများအတွက် စံနှုန်းသတ်မှတ်ချက် လေးချက်မူတည်ကာ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ကြကြောင်း သိရှိရသည်။ ကမ္ဘာ့အမွေအနှစ်များအဖြစ် ယဉ်ကျေးမှုအမွေအနှစ်၊ သဘာဝအမွေအနှစ်နှင့် ယဉ်ကျေးမှုနှင့် သဘာဝရောယှက်အမွေအနှစ်ဟူ၍ ခွဲခြားနိုင်ပါသည်။ စံနှုန်းသတ်မှတ်ချက် ၁၀ ချက်တို့မှာ-

**ယဉ်ကျေးမှုအမွေအနှစ်အတွက် စံနှုန်းခြောက်ချက်**

(၁) လူသားတို့ဖန်တီးပြုလုပ်ထားသည့် အံ့ဖွယ်အရည်အသွေး၏ အပြောင်မြောက်ဆုံးသော လက်ရာတစ်ရပ်အား ဖော်ပြရန်၊
(၂) အချိန်ကာလမှတ်တမ်းတစ်ခုအပေါ် (သို့) ကမ္ဘာ့ယဉ်ကျေးမှုနေရာဒေသတစ်ခုအတွင်း ဗိသုကာဆိုင်ရာ (သို့) နည်းပညာပိုင်းဆိုင်ရာ၊ အဆောက် အအုံပိုင်ဆိုင်ရာ အနုပညာ မြို့ပြခင်းကျင်း စီမံခန့်ခွဲမှု (သို့) ပတ်ဝန်းကျင် အခင်းအကျင်း ပုံစံတို့တွင် ဖွံ့ဖြိုးတိုးတက်မှုများအပေါ်ရှိ လူသားတန်ဖိုးများ၏ အရေးပါသော အပြန်အလှန် ကူးလူးယှက်နွယ်မှုတစ်ရပ်ကို ဖော်ထုတ်ပြသရန်၊
(၃) ပျောက်ဆုံးသွားခဲ့ပြီးဖြစ်သော (သို့) ဆက်လက်ရှင်သန် တည်ရှိနေသော ယဉ်ကျေးမှုနှင့် သက်ဆိုင်သည့် ရိုးရာအစဉ်အလာတစ်ရပ် (သို့) မြို့ပြ ယဉ်ကျေးမှုတစ်ရပ်၏ ပြိုင်ဘက်ကင်းသော (သို့) အနည်းဆုံးထူးခြားသော ပြယုဂ်တစ်ခုအား ဖော်ဆောင်ရန်၊
(၄) လူ့ဘောင်သမိုင်းတွင် အရေးပါသောအခြေအနေတစ်ရပ် (သို့) အခြေအနေများကို သရုပ်ဖော်ထားသည့် အဆောက်အအုံဆိုင်ရာ၊ ဗိသုကာဆိုင်ရာ (သို့) နည်းပညာပိုင်းဆိုင်ရာ အပေါင်းအစု (သို့) ပုံဖော်ထားသော ပတ်ဝန်းကျင် အခင်းအကျင်းများ၏ ထင်ရှားသော နမူနာပုံစံတစ်ရပ် ဖြစ်ရန်၊
(၅) အထူးသဖြင့် နဂိုမူရင်းအခြေအနေအတိုင်း ပြန်၍မဖြစ်နိုင်သော ထိခိုက်မှုများကြောင့် အန္တရာယ်ပေါ်ပေါက်သည့်အချိန်တွင် ပတ်ဝန်းကျင်နှင့် လူသားအပြန်အလှန်ဆက်စပ်တုံ့ပြန်မှု (သို့) ယဉ်ကျေးမှုများအား ကိုယ်စားပြုထားသည့် အစဉ်အလာ လူသားအခြေချနေထိုင်မှု၊ ကုန်းမြေ အသုံးပြုမှု (သို့) ပင်လယ်ပြင်အသုံးပြုမှု တစ်ရပ်တို့၏ ထင်ရှားသောနမူနာ ပုံစံဖြစ်စေရန်၊
(၆) အဖြစ်အပျက်များ (သို့) ဆက်လက်ရှင်သန်နေသော ရိုးရာအစဉ်အလာ၊ စိတ်ကူးအကြံဉာဏ်များ (သို့) ယုံကြည်မှုများ၊ တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည့်တန်ဖိုးများပါဝင်သည့် အနုပညာဆိုင်ရာနှင့် စာပေလက်ရာများ စသည်တို့နှင့် တိုက်ရိုက် (သို့) ထိတွေ့ကိုင်တွယ်နိုင်သည့် သက်ဆိုင်မှုရှိစေရန်၊

**သဘာဝအမွေအနှစ်အတွက်စံနှုန်းလေးချက်**

(၇) ကြီးကျယ်ခမ်းနားသည့် သဘာဝဖြစ်စဉ်များ (သို့) အထူးထင်ရှားမှုရှိသည့် သဘာဝအလှတရားများ ရှိရာဒေသများနှင့် ရသခံစားမှုဆိုင်ရာ အရေးပါမှုများပါဝင်ရန်၊
(၈) သက်ရှိလောကနှင့် သက်ဆိုင်သည့်မှတ်တမ်း၊ ကုန်းမြေဖွဲ့စည်းမှုပုံစံများ တိုးတက်မှုတွင် ထင်ရှားသည့် လတ်တလော ဘူမိဗေဒဖြစ်စဉ်များ (သို့) ထင်ရှားသည့်ဘူမိသွင်ပြင် (သို့) ဇီဝကမ္မဗေဒဆိုင်ရာ သွင်ပြင်လက္ခဏာများ အားလုံးအပါအဝင်ဖြစ်သည့် ကမ္ဘာ့မြေသမိုင်းနှင့် သက်ဆိုင်သည့်အဓိကကျသည့် အဆင့်အတန်းများကို ကိုယ်စားပြုသည့် ထင်ရှားသည့် နမူနာပုံစံများဖြစ်ရန်၊

ဆက်လက်ဖော်ပြပါမည်

# ရန်ကုန်-မန္တလေး အမြန်စာပို့ရထားများနှင့် မော်လမြိုင်ရထားများ ပြေးဆွဲမှု ယာယီရပ်ဆိုင်းထား

**ရန်ကုန် ဇူလိုင် ၂၈**

မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ရန်ကုန်-မန္တလေး အမြန်စာပို့ရထားများနှင့် မော်လမြိုင်ရထားများ ရထားလမ်းပိုင်းရေကျော်ခဲ့သဖြင့် ရထားပြေးဆွဲမှုကို ယာယီရပ်ဆိုင်းထားရကြောင်း မြန်မာ့မီးရထားမှ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် ပဲခူးတိုင်းဒေသကြီး ပဲခူးဘူတာဝင်း ၁ နေရာ၊ ပဲခူးနှင့် ရွှေလှေကြား မိုင်တိုင်အမှတ် ၄၈/၈-၁၃ ကြား၊ မိုင်တိုင်အမှတ် ၅၀/၃-၁၀ကြား၊ မိုင်တိုင်အမှတ် ၄၆/၁၇-၁၈ အစုန်လမ်းနှင့် အဆန်လမ်းနေရာ သုံးနေရာတို့တွင် သံလမ်းအထက် အများဆုံး ၁၁ လက်မအထိ ရေကျော်နေခြင်း၊ ဘုရားသုံးဆူနှင့် တာဝကြား မိုင်တိုင်အမှတ် ၄၁/၁၂- ၁၅ ကြား၊ မိုင်တိုင်အမှတ် ၄၁/၂၀- ၄၂/၄ ကြား၊ မိုင်တိုင်အမှတ် ၄၀/၅-၁၈ ကြားတို့ရှိ အစုန်၊ အဆန်လမ်းနေရာ သုံးနေရာတို့တွင်လည်း အများဆုံး သံလမ်းအထက် ၁၄ လက်မအထိ ရေကျော်နေခြင်းတို့ကြောင့် ဇူလိုင် ၂၇ ရက် မွန်းတည့် ၁၂ နာရီမှစ၍ အစုန်၊အဆန်ရထားလမ်းပိုင်းများအား ယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။

**ယာယီရပ်နားထား**

ထိုကဲ့သို့ ရထားလမ်းပိုင်းများ ရေကျော်သဖြင့် ရန်ကုန်ဘူတာကြီးမှ ဇူလိုင် ၂၇ ရက်တွင် ထွက်ခွာပေးရမည့် ရထားများဖြစ်သည့် အမှတ် ၉ အဆန်(ရန်ကုန်-သာစည်)၊ ၅ အဆန်နှင့် ၃ အဆန် (ရန်ကုန်-မန္တလေး)၊ ၇ အဆန် (ရန်ကုန်-နေပြည်တော်) နှင့် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် ထွက်ခွာမည့် ၁ အဆန်၊ ၁၁ အဆန်၊ ၃၁ အဆန်၊ ၉အဆန် ရထားများ ပြေးဆွဲမှုကိုလည်း ယာယီရပ်နားထားမည်ဖြစ်ပြီး ရထားစီးခရီးသည်များ ဝယ်ယူထားသည့် ရထားလက်မှတ်ခများကို မြန်မာ့မီးရထားမှ ပြန်အမ်းပေးလျက်ရှိကြောင်း သိရသည်။

မန္တလေး၊ သာစည်နှင့် နေပြည်တော်ဘူတာများမှ ရထားတွဲဆိုင်းများဖြစ်သော အမှတ် ၆ အစုန်၊ ၄ အစုန်၊ ၁၀ အစုန်၊ ၈ အစုန်၊ ၁၂ အစုန်၊ ၂ အစုန်၊ ၃၂ အစုန် ရထားတွဲဆိုင်းများကို ဇူလိုင် ၂၇ ရက်မှစတင်၍ ယာယီရပ်နားထားခဲ့ပြီး အလားတူ မွန်ပြည်နယ်အတွင်း၌လည်း မိုးသည်းထန်စွာသွန်းမှုကြောင့် နှင်းပုလဲ-ဒုံဝန်းကြားမိုင်တိုင်အမှတ် ၁၁၈/၂၀ မှ ၁၁၉/ ၁၆ အထိရထားသံလမ်းပေါ် ရေကျော်ခဲ့၍ အလျား ပေ ၁၀၀၊ အနက် သုံးပေခန့်အထိ ရေတိုက်စားခဲ့သောကြောင့် ဇူလိုင် ၂၇ ရက် နံနက် ၁၁ နာရီ ၁၆ မိနစ်မှစတင်၍ ဒုံဝန်း-နှင်းပုလဲရထားလမ်းပိုင်း ပိတ်ဆို့သွားခဲ့ရကြောင်းသိရပြီး မွန်ပြည်နယ်ကိုသွားသည့် ရထားလမ်းပိုင်းပိတ်သွားခဲ့သဖြင့် ရန်ကုန်ဘူတာကြီးမှ ထွက်ခွာမည့် အမှတ် ၃၅ အဆန်နှင့် ၈၉ အဆန်ရထားများနှင့် မော်လမြိုင်ဘူတာမှ ထွက်ခွာမည့်အမှတ် ၃၆ အစုန်နှင့် ၉၀ အစုန်ရထားများကိုလည်းကောင်း၊ ထားဝယ်ဘူတာအထိ ပြေးဆွဲသည့် အမှတ် ၁၇၅ အဆန်/၁၇၆ အစုန် ရထားများကိုလည်းကောင်း ယာယီဖျက်သိမ်းထားရကြောင်း သိရသည်။

ရန်ကုန်-မန္တလေးလမ်း ရထားပြေးဆွဲမှုနောက်ဆက်တွဲသတင်းအရ ပဲခူး-ရွှေလှေကြားနှင့် တာဝ-ဘုရားသုံးဆူကြား ရထားလမ်းပိုင်း ရေကျော်ခဲ့သဖြင့် ရန်ကုန်-မန္တလေး လမ်းပိုင်း ရထားပြေးဆွဲမှုကိုဇူလိုင် ၂၇ ရက်နေ့လယ်ပိုင်းတွင် ရပ်နားထားခဲ့ပြီး ပဲခူးအထက်ပိုင်းရှိ ခရီးသွားပြည်သူများ သွားလာမှု လွယ်ကူစေရေးနှင့် ရထားလမ်းကြောင်း ပြတ်တောက်မှုမရှိရန်အတွက် ဇူလိုင် ၂၈ ရက်တွင် ပြွန်တန်ဆာဘူတာ၌ ရပ်နားထားသော အမှတ် ၁၂ အစုန်ရထားတွဲဆိုင်းအား အမှတ် ၁၁ အဆန်ရထားတွဲဆိုင်းအဖြစ် မန္တလေးသို့ စေလွှတ်ပေးခဲ့ပြီး မန္တလေးဘူတာမှလည်း အမှတ် ၁၂ အစုန်ရထားတွဲဆိုင်းအဖြစ် ဘုရားကြီးဘူတာအထိ ပြေးဆွဲပေးရန် စီစဉ်ထားရှိခဲ့ကာ လက်မှတ်များကို ဒိုက်ဦးဘူတာအထိသာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ဘုရားကြီးဘူတာသည် ကားလမ်းဆုံနေရာ၌ တည်ရှိသဖြင့် ပဲခူးနှင့် ဝေါမြို့သို့ သွားရောက်မည့် ခရီးသည်များအတွက်လည်း အဆင်ပြေနိုင်သကဲ့သို့ ရန်ကုန်မြို့သို့ လာမည့် ခရီးသည်များအတွက်လည်း ဘုရားကြီး ဘူတာမှတစ်ဆင့် အမြန်လမ်းပေါ်သို့တက်ပြီး ရန်ကုန်မြို့သို့ လာရောက်နိုင်ကြမည်ဖြစ်သည်။

**အမြန်ပြန်ဖွင့်ရေးဆောင်ရွက်လျက်ရှိ**

ထို့အပြင် ခရီးသွားလာမှုလမ်းကြောင်းမပြတ်တောက်စေရေးအတွက် ပဲခူး-တောင်ငူကြား အမှတ် ၁၉ အဆန်/၂၀ အစုန် လော်ကယ်ရထား၊ တောင်ငူ-သာစည်ကြား အမှတ် ၂၁ အဆန်/၂၂ အစုန်လော်ကယ်ရထားနှင့် သာစည်-မြို့ဟောင်းကြား အမှတ် ၂၃ အဆန်/၂၄ အစုန်လော်ကယ်ရထားများကို ဇူလိုင် ၂၈ ရက်မှစတင်၍ ပုံမှန်ပြေးဆွဲပေးလျက်ရှိပြီး ရေကျသွားသည်နှင့် ရထား လမ်းပိုင်း အမြန်ပြန်ဖွင့်နိုင်ရန်အတွက် မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ရုံးချုပ်အဆင့် ဌာနအကြီးအကဲများသည် ရေကျော်သည့်နေရာများသို့ ရောက်ရှိပြီး လိုအပ်သည်များကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**ပွင့်သစ္စာ**

# တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်ကျရောက်၍ ပျက်စီးဆုံးရှုံးမှုများဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၂၈**

၂၀၁၈ ခုနှစ် ဇူလိုင် ၂၇ ရက်က နေပြည်တော် လယ်ဝေးမြို့နယ်တွင် မိုးရွာသွန်းပြီး ရေနီလေးချောင်းရေမြင့်တက်ခဲ့ရာ ဘို့ကိုးလုံးကျေးရွာမှ ရေနီလေးကျေးရွာသို့ ဆက်သွယ်ထားသော အရှည် ပေ ၁၃၀ ရှိ သစ်သားတံတားမှာ ၁၅ ပေခန့် မျောပါပျက်စီးခဲ့ရာ တန်ဖိုး ငွေကျပ် ၃၅ သိန်းခန့် ဆုံးရှုံးပျက်စီးခဲ့ကြောင်း၊ ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက်၌ သစ်ပင်လဲကျပိမိ၍ ခတ်တိုင် တစ်တိုင် ကျိုးကျပျက်စီးပြီး ခတ်တိုင် တစ်တိုင် တိမ်းစောင်းခဲ့ရာ တန်ဖိုးငွေကျပ် ၁၅၀၀၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်း၊ ရှမ်းပြည်နယ် မိုးမောက်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး နမ့်ကျရီချောင်းရေတိုက်စားမှုကြောင့် မိုးမောက်မြို့နှင့် ကျရီဒဂေါ်ကျေးရွာတို့ကို ဆက်သွယ်ထားသည့် အရှည် ပေ ၂၀၀ ရှိ နမ့်ကျရီချောင်းကူးကွန်ကရစ်တံတားအရှည် ပေ ၇၀ ခန့်၊ ကြံခင်းကျေးရွာနှင့် နမ့်ဆိုင်းကျေးရွာတို့ကို ဆက်သွယ်ထားသည့် အရှည် ပေ ၂၇၀ ရှိ နမ့်ကျရီ ချောင်းကူးသစ်သားခင်း၊ သံမဏိကြိုးဆိုင်းတံတား (တန်ဖိုး-စိစစ်ဆဲ)တို့ ပြိုကျပျက်စီးကာ ချောင်းရေနှင့်အတူ မျောပါသွားကြောင်း သိရသည်။




**နေပြည်တော် လယ်ဝေးမြို့နယ် ဘို့ကိုးလုံးကျေးရွာနှင့် ရေနီလေးကျေးရွာတို့ကို ဆက်သွယ်ထားသော သစ်သားတံတား ရေတိုက်စားမှုကြောင့် ပျက်စီးနေမှုကို တွေ့ရစဉ်။**

### ပျက်စီးဆုံးရှုံး

အလားတူ ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ခရဲကမ်းနားကျေးရွာအနိမ့်ပိုင်းသို့ ရေများဝင်ရောက်ခဲ့သဖြင့် ကျေးရွာရှိ အိမ်ထောင်စု ၁၆ စုသည် ကျေးရွာအမြင့်ပိုင်းရှိ ဆွေမျိုးများ နေအိမ်သို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ သံလွင်မြစ်ရေတိုက်စားမှုကြောင့် လှိုင်းဘွဲမြို့နယ် ရွှေဂွန်းကျေးရွာရှိ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး မီးဖိုဆောင်တစ်ဆောင် မြစ်အတွင်းမျောပါသွားခဲ့သဖြင့် တန်ဖိုးငွေကျပ် တစ်သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ထီလုံကျေးရွာရှိ ရေဘုတ်ဆည်၌ ရေပိုလွှဲအမှတ် ၆၃ လက်မထက် ၃ ဒသမ ၂ လက်မ ပိုလျှံခဲ့၍ ရေပိုလွှဲမှ ရေများထုတ်လွှတ်ခဲ့ရာ သမ္ဘာန်ကျေးရွာရှိ မွေးမြူရေးဇုန် အနိမ့်ပိုင်းသို့ ရေလေးပေခန့် ဝင်ရောက်ခဲ့သဖြင့် ကြက်ခြံ ခုနစ်ခြံ (ကြက်ကောင်ရေ ၄၀၀၀)၊ ဝက်ခြံ ခြောက်ခြံ (ဝက်ကောင်ရေ ၆၀)၊ ဆိတ်ခြံတစ်ခြံ (ဆိတ်ကောင်ရေ ၄၃ ကောင်) တို့အား ၎င်းမွေးမြူရေးဇုန်အမြင့်ပိုင်းသို့ ပြောင်းရွှေ့ထားကြောင်း၊ သံတောင်ကြီးမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကလေတကျေးရွာအနီး ယာဒို-ကေကောကားလမ်း ကတ္တရာလမ်း ပခုံးသားမြေပြိုကျ၍ အနီးရှိ လယ်ယာမြေများပေါ်သို့ မြေစာများဖုံးလွှမ်းခဲ့သဖြင့် တန်ဖိုးငွေကျပ် ၂၆ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ မြဝတီမြို့နယ် ဝေ့ရှမ်း-ပေါလောကျေးရွာသွားလမ်း အလျားပေ ၃၀ ခန့်ရှိ ကွန်ကရစ်တံတား ပြိုကျပျက်စီးခဲ့သဖြင့် တန်ဖိုးငွေကျပ် သိန်း ၅၀ ခန့် ပျက်စီးဆုံးရှုံးပြီး ထီဝါပလောကျေးရွာအဝင် ဇရပ်ဖြူကုန်းကျေးရွာ-ထီဝါပလောကျေးရွာချင်းဆက်လမ်း၌ ကွန်ကရစ်ပြွန်မြှုပ် တံတားအရှည် ပေ ၃၀ ခန့်မှာ ရေတိုက်စားမျောပါပျက်စီးခဲ့ရာ တန်ဖိုးငွေကျပ် ၂၅ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင် သိရသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် မိုးရွာသွန်းပြီး စစ်တောင်းမြစ်ရေနှင့် ရွှေကျင်ချောင်းရေတို့ စိုးရိမ်ရေအမှတ်ထက် မြင့်တက်မှုကြောင့် အင်းဗလာကျေးရွာပါ ကျေးရွာ၊ ရပ်ကွက် ၂၈ ခုတို့၌ ရေလေးပေခန့် အထိဝင်ရောက်၍ အိမ်ထောင်စု ၁၇၇၂ စုသည် ၎င်းတို့နှင့် နီးစပ်ရာဆွေမျိုးများ၏ နေအိမ်၊ ရုံးများ၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် သနပ်ပင်မြို့နယ် အောင်ချမ်းသာကျေးရွာပါ နှစ်ရွာတွင် နေအိမ် ၂၃ လုံး အမိုးလန်၊ တောင်ထန်းမိုး၊ ထရံကာနေအိမ် ခုနစ်လုံး၊ သွပ်မိုး၊ ပျဉ်ကာနေအိမ်ခြောက်လုံး၊ ကြက်ခြံ တစ်ခြံနှင့် လယ်ထွန်စက်ထားသည့် တဲနှစ်လုံး ပြိုကျပျက်စီးခဲ့သဖြင့် တန်ဖိုးငွေကျပ် ၁၇၈၂၅၀၀၀ ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ဇူလိုင် ၂၇ ရက် ညပိုင်းတွင် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လွမ်းပြေကျေးရွာပါ ခြောက်ရွာ၌ သွပ်မိုး၊ ကြမ်းခင်းနေအိမ် အလုံး ၃၀၊ ဘုန်းကြီးကျောင်း ကုဋီ လေးခန်း၊ ကရအမျိုးရုံး တစ်ရုံး ပြိုကျပျက်စီး၊ နေအိမ် ၁၈၄ လုံး၊ ရကအမျိုးရုံး တစ်ရုံး၊ သစ်သားနွားရုံ တစ်ရုံ၊ စပါးကျီ တစ်ရုံ အမိုးလန်ပျက်စီး၊ သစ်သားတံတား တစ်ခု မျောပါပျက်စီးခဲ့ရာ တန်ဖိုးငွေကျပ် ၄၈၄၉၀၀၀၀ ပျက်စီးဆုံးရှုံးခဲ့ကြောင်း။

### ယာယီပြောင်းရွှေ့နေထိုင်

ဇူလိုင် ၂၇ ရက် ညပိုင်းတွင် မိုးရွာသွန်းပြီး လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပဲခူးမြို့နယ် ကမာနတ်ကျေးရွာ၌ သွပ်မိုး၊ ထရံကာ နေအိမ် ၈၅ လုံး ပြိုကျ၊ ၁၉၂ လုံး အမိုးလန်၊ သွပ်မိုး၊ အုတ်ကာ RC နှစ်ထပ် ဘုန်းကြီးကျောင်းဆောင်သုံးဆောင် အမိုးလန်၊ စောင်းတန်း ငါးခန်းနှင့် အုတ်တံတိုင်းတို့ကို သစ်ပင်ပိမိ၍ ပျက်စီး၊ ဓမ္မာရုံနှစ်ရုံ အမိုးလန်ပျက်စီးခဲ့ရာ စုစုပေါင်းတန်ဖိုး ငွေကျပ် သိန်း ၂၀၀၀ ခန့် ဆုံးရှုံးခဲ့ပြီး အမျိုးသား တစ်ဦး (မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့သဖြင့် ပဲခူးပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ကြောင်း၊ နံနက် ၉ နာရီ ၃၀ မိနစ်အတွင်း မိုးရွာသွန်းပြီး ပဲခူးမြစ်ရေမြင့်တက်မှုကြောင့် ကမ်းမြင့်ကျေးရွာအတွင်းသို့ ရေငါးပေခန့်အထိ ဝင်ရောက်လျက်ရှိသဖြင့် အိမ်ထောင်စု ၂၅ စုသည် ၎င်းကျေးရွာရှိ အမက(မူလွန်)ကျောင်းသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ထို့ပြင် မိုးရွာသွန်းပြီး ပဲခူးမြစ်ရေမြင့်တက်မှုကြောင့် ဥဿာမြို့သစ် ၉ ရပ်ကွက်အတွင်းသို့ ရေ ၁၂ ပေခန့် ဝင်ရောက်ခဲ့သဖြင့် ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၃၅၇ စုသည် ၎င်းတို့ ကျေးရွာ၊ ရပ်ကွက်များရှိ ဘုန်းကြီးကျောင်းများသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်းနှင့် ရန်ကုန်-မန္တလေး ကားလမ်း မိုင်တိုင် ၄၃/၄-၇ ကြား တစ်ပေခွဲခန့် ရေကျော်လျက်ရှိသော်လည်း မော်တော်ယာဉ်များ ပုံမှန်သွားလာလျက်ရှိကြောင်း။

### ကျိုးကျပျက်စီး

မိုးရွာသွန်းပြီး ကျောက်ကြီးချောင်းရေ မြင့်တက်မှုကြောင့် ကျောက်ကြီးမြို့နယ် ဝက်လာတောကျေးရွာပါ ကျေးရွာ၊ ရပ်ကွက် လေးခုအတွင်းသို့ ရေခုနစ်ပေခန့် ဝင်ရောက်၍ အိမ်ထောင်စု ၄၉ စုသည် ဘုန်းကြီးကျောင်းများနှင့် နီးစပ်ရာ ဆွေမျိုးများနေအိမ်သို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ နံနက် ၁၀ နာရီတွင် မအူတန်းချောင်းရေတိုက်စားမှုကြောင့် ဒိုက်ဦးမြို့နယ် မအူတန်းကျေးရွာနှင့် အေးသုခကျေးရွာတို့ ဆက်သွယ်ထားသည့် အရှည် ပေ ၁၅၀ ရှိ သစ်သားတံတားမှာ ကျိုးကျပျက်စီးသွားသဖြင့် တန်ဖိုးငွေကျပ် သိန်း ၅၀ ခန့် ဆုံးရှုံးခဲ့ကြောင်း၊ ညနေ ၅ နာရီတွင် မိုးရွာသွန်းပြီး စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် ညောင်လေးပင်မြို့နယ် မဒေါက်မြို့ မြို့မ(၂)ရပ်ကွက်ပါ ရပ်ကွက်နှစ်ခုအတွင်းသို့ ရေလေးပေခန့် ဝင်ရောက်သဖြင့် အိမ်ထောင်စု ၂၆၆ စုသည် ယင်းရပ်ကွက်ရှိ ဘုန်းကြီးကျောင်းသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

### စိုးရိမ်ရေမှတ်ကျော်

အလားတူ ဇူလိုင် ၂၇ ရက် နံနက် ၅ နာရီခွဲတွင် မွန်ပြည်နယ် သိမ်ဇရပ်မြို့တွင် မြေပြိုကျမှုကြောင့် ရွာမရပ်ကွက်ရှိ ဆွမ်းလောင်းဓမ္မာရုံ၏ နံရံ ၁၀ ပေခန့် ပွင့်ထွက်ပျက်စီးခဲ့ပြီး ကျိုက်ထီးရိုးတောင်တက်ကားဂိတ်အနီးရှိ ဈေးဆိုင်ခန်းတစ်ခန်း ပြိုကျပျက်စီးခဲ့ရာ တန်ဖိုးငွေကျပ် ၃၈၀၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ နံနက် ၈ နာရီတွင် မိုးရွာသွန်းမှုကြောင့် ကျိုးကန်းပါးစပ်ဘုရားအနီးရှိ ဈေးဆိုင်နှစ်ဆိုင် အနောက်ဘက်ခြမ်းမှ မြေသားများ၊ အမှိုက်ပုံများ ပြိုကျမှုဖြစ်ပွားခဲ့ကြောင်း၊ ထို့ပြင် လေပြင်းတိုက်ခတ်မှုကြောင့် ပေါင်မြို့နယ် ကဒုံစီးရပ်ကွက်ရှိ နေအိမ်လေးလုံး အမိုးလန်ပျက်စီးခဲ့ရာ တန်ဖိုးငွေကျပ် လေးသိန်းခန့် ဆုံးရှုံးခဲ့ကြောင်း၊ နံနက် ၇ နာရီခွဲတွင် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဘီးလင်းမြို့နယ် ကျောက်လုံးကြီးကျေးရွာရှိ နေအိမ် ၁၆ လုံး ပြိုကျပျက်စီး၊ နေအိမ် ၁၇ လုံး အမိုးလန်ပျက်စီးခဲ့ရာ တန်ဖိုးငွေကျပ် ၁၉၃ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ မွန်းလွဲပိုင်းတွင် ဘီးလင်းမြစ်ရေသည် စိုးရိမ်ရေအမှတ်အထက်ကျော်လွန်မြင့်တက်မှုကြောင့် မော်လမြိုင်-ရန်ကုန်ကားလမ်း မိုင်တိုင် ၁၂၆/၄-၆ အကြားနှင့် မိုင်တိုင် ၁၂၉/၀-၅ အကြားတို့၌ သုံးပေခန့် ရေကျော်လျက်ရှိပြီး မော်တော်ယာဉ်များသွားလာမှုအား ယာယီရပ်ဆိုင်းထားကြောင်း၊ ညနေပိုင်းတွင် မိုးရွာသွန်းမှုကြောင့် သထုံမြို့နယ် ဈေးမသွယ်ကျေးရွာ သိမ်ကုန်းပိုင်း၌ ရေခြောက်ပေခန့် မြင့်တက်ခဲ့သဖြင့် လယ်ကွင်းပြင်တွင် နေထိုင်သော အိမ်ထောင်စု ၁၄ စုသည် အလက (ဈေးမသွယ်အထက်)သို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ည ၇ နာရီခွဲတွင် ဒုံသမိမြစ်ရေ မြင့်တက်မှုကြောင့် ဒူးရင်းဆိပ်ကျေးရွာရှိ အိမ်ထောင်စု ၁၄ စုသည် ကျေးရွာရှိ ဓမ္မာရုံနှင့် ဘုန်းကြီးကျောင်းများသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း။

အလားတူ ဧရာဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မအူခုံကျေးရွာပါ လေးရွာရှိ မြစ်ကမ်းနှင့်နီးသော သွပ်မိုး၊ ထရံကာ နေအိမ် ၁၇ လုံးသည် ရေလွတ်ရာနေရာများသို့ ပြောင်းရွှေ့ခဲ့ကြောင်း၊ ည ၉ နာရီခွဲတွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လှည်းကူးမြို့နယ် ညောင်ကုန်းကျေးရွာပါ နှစ်ရွာ၌ လူနေအိမ်လေးလုံးပြို၊ ၁၆ လုံး အမိုးလန်၊ ကျေးရွာဇရပ်တစ်လုံး ပြို၊ သစ်ပင်လဲကျ ပိမိ၍ စေတီနှစ်ဆူ ပျက်စီး၊ အငှားယာဉ်တစ်စီး ကားစက်ဖုံး ပိန်ချိုင့်ပျက်စီးခဲ့ရာ စုစုပေါင်း တန်ဖိုးငွေကျပ် ၃၀၈၀၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ဇူလိုင် ၂၇ ရက် နံနက် ၂ နာရီက မိုးသည်းထန်စွာရွာသွန်းပြီး သံတွဲချောင်းရေမြင့်တက်မှုကြောင့် ရခိုင်ပြည်နယ် သံတွဲမြို့ အမှတ် ၁၊ ၂၊ ၄ ရပ်ကွက်တို့ရှိ လမ်းများအတွင်းသို့ ရေတစ်ပေမှ နှစ်ပေခန့်ထိ ဝင်ရောက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ ယူ-၂၃ ဘောလုံးအသင်း ယှဉ်ပြိုင်မည့် အာရှအားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များထွက်ပေါ်

**ရန်ကုန် ဇူလိုင် ၂၈**

(၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုပွဲများကို ဩဂုတ် ၁၅၊ ၁၇၊ ၂၀ ရက်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေပြီး မြောက်ကိုရီးယားအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

အာရှအားကစားပြိုင်ပွဲတွင် အုပ်စု (က)တွင် အင်ဒိုနီးရှား၊ ဟောင်ကောင်၊ လာအို၊ တရုတ် (တိုင်ပေ)၊ ပါလက်စတိုင်း၊ အုပ်စု (ခ) တွင် ထိုင်း၊ ဥဇဘက်ကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ကာတာ၊ အုပ်စု (ဂ) တွင် အီရတ်၊ တရုတ်၊ တီမော၊ ဆီးရီးယား၊ အုပ်စု(ဃ)တွင် ဂျပန်၊ ဗီယက်နမ်၊ ပါကစ္စတန်၊ နီပေါ၊ အုပ်စု (င)တွင် တောင်ကိုရီးယား၊ ကာဂျစ္စတန်၊ မလေးရှား၊ဘာရိန်း၊ ယူအေအီး၊ အုပ်စု(စ)တွင် မြောက်ကိုရီးယား၊ ဆော်ဒီအာရေဗျ၊ အီရန်နှင့် မြန်မာအသင်းတို့ ပါဝင်နေသည်။ ယင်းပြိုင်ပွဲတွင် အသင်း ၂၆ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ငါးသင်းနှစ်အုပ်စုနှင့် လေးသင်းလေးအုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ကာ မြန်မာအသင်းသည် အုပ်စု (စ)တွင် မြောက်ကိုရီးယား၊ ဆော်ဒီအာရေဗျ၊ အီရန်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ အုပ်စုပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် ဩဂုတ် ၁၅ ရက်တွင် မြောက်ကိုရီးယားအသင်း၊ ဩဂုတ် ၁၇ ရက်တွင် ဆော်ဒီအာရေဗျအသင်း၊ ဩဂုတ် ၂၀ ရက်တွင် အီရန်အသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် နှစ်ပေါင်း ၂၄ နှစ်အကြာမှ တစ်ကျော့ပြန်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး အုပ်စုကျပ်အတွင်း ကျရောက်နေသောကြောင့် နောက်တစ်ဆင့်တက်ရောက်နိုင်ရန် ခက်ခက်ခဲခဲ ကစားရဖွယ်ရှိနေသည်။ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီနှင့် တတိယနေရာရအသင်းများအနက် အကောင်းဆုံးလေးသင်းမှာ ရှုံးထွက်အဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် မြန်မာ့ဘောလုံးအောင်မြင်မှုများစွာရခဲ့သည့် အာရှအားကစားပြိုင်ပွဲတွင် အီရန်အသင်းနှင့် မကြာခဏတွေ့ဆုံခဲ့ပြီး မြောက်ကိုရီးယားအသင်းနှင့် နှစ်ကြိမ်တွေ့ဆုံခဲ့ဖူးသည်။ မြန်မာအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခုရဖူးပြီး ပထမဆုံးရွှေတံဆိပ်ရရှိသည့် ၁၉၆၆ ခုနှစ် ပြိုင်ပွဲတွင် အီရန်အသင်းကို ဗိုလ်လုပွဲတွင် အနိုင်ယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် ဆော်ဒီအာရေဗျအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် ပထမဆုံးတွေ့ဆုံခြင်းဖြစ်သည်။

မြန်မာယူ-၂၃ အသင်းကို နည်းပြချုပ်အဖြစ် ဂျာမန်လူမျိုး အန်တွမ်နီဟေး ကိုင်တွယ်နေပြီး ပဏာမလက်ရွေးစင်ကစားသမားရွေးချယ်ကာ လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

**ရှိုင်းထက်ဇော်**

# အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် မြန်မာနှင့် တီမောအသင်း ပွဲဦးထွက်တွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၂၈**

၂၀၁၈ အာဆီယံ ယူ-၁၆ ပြိုင်ပွဲကို ဇူလိုင် ၂၉ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် တီမောအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ခြောက်သင်းပါဝင်သည့် အုပ်စု (က) တွင် ပါဝင်နေပြီး တီမောအသင်းနှင့် အဖွင့်ပွဲကို ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။ အုပ်စုပထမနေ့ကို ယနေ့စတင်မည်ဖြစ်ပြီး မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ကမ္ဘောဒီးယားနှင့် ဗီယက်နမ်၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အိမ်ရှင်အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်၊ မြန်မာနှင့် တီမောအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အသင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က) တွင် ဗီယက်နမ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ တီမော၊ ဖိလစ်ပိုင်၊ အုပ်စု (ခ) တွင် ထိုင်း၊ မလေးရှား၊ လာအို၊ ဘရူနိုင်းနှင့် စင်ကာပူအသင်းတို့ ပါဝင်နေသည်။

မြန်မာအသင်းသည် ဇူလိုင် ၂၉ ရက်တွင် တီမောအသင်း၊ ဇူလိုင် ၃၁ ရက်တွင် အိမ်ရှင်အင်ဒိုနီးရှားအသင်း၊ ဩဂုတ် ၂ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဩဂုတ် ၄ ရက်တွင် ကမ္ဘောဒီးယားအသင်း၊ ဩဂုတ် ၆ ရက်တွင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာယူ-၁၆ အသင်းတွင် အုပ်ချုပ်သူ ဦးစည်သူဝင်း၊ နည်းပြချုပ် ဦးညီညီလတ်၊ လက်ထောက်နည်းပြ ဦးမင်းမင်းထွန်း၊ ဦးထွန်းလင်းအောင်၊ ဂိုးနည်းပြ ဦးစိန်အေး၊ ဂိုးသမား ဟိန်းထက်စိုး၊ နေလင်းထက်၊ စောခူမို၊ နောက်တန်း စောထူးပွဲမို၊ မျိုးချစ်ဇော်၊ သော်ဇင်ထက်၊ ဉာဏ်လင်းထက်၊ ရှင်းသန့်အောင်၊ ကောင်းခန့်ကျော်၊ အလယ်တန်း နောင်နောင်စိုး၊ ဇော်ဝင်းသိန်း၊ အောင်ကိုဦး၊ ရဲထက်အောင်၊ ငြိမ်းဇေယျာ၊ ရန်နိုင်လင်း၊ ဝေယံစိုး၊ ရန်ကျော်စိုး၊ နိုင်ထွေး၊ ခွန်ကျော်ဇင်ဟိန်း၊ သန့်စည်သူ၊ ရှေ့တန်း ပြည့်ဖြိုးအောင်၊ လမင်းထွေး၊ စောကျော်ထက်တို့ ပါဝင်သည်။

**ရဲရင့်ရှိုင်း**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး (၁၁)ကြိမ်မြောက် တရုတ်-အာဆီယံ ပညာရေးပူးပေါင်းဆောင်ရွက်ရေး သီတင်းပတ်ဖွင့်ပွဲ တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွေ့ကျိုးပြည်နယ် ကွေ့ရန်မြို့တွင် ဇူလိုင် ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပသော (၁၁)ကြိမ်မြောက် တရုတ်-အာဆီယံ ပညာရေးပူးပေါင်းဆောင်ရွက်ရေး သီတင်းပတ်အခမ်းအနားသို့ တက်ရောက်သည်။

ဇူလိုင် ၂၆ ရက်က ကျင်းပသော ဖွင့်ပွဲအခမ်းအနားတွင် ကွေ့ကျိုးပြည်နယ် အစိုးရ အုပ်ချုပ်ရေးမှူး H.E. Shen Yiqin က အဖွင့်အမှာစကားပြောကြားကာ တက်ရောက်လာသောဧည့်သည်တော်များက မိန့်ခွန်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် တရုတ်-အာဆီယံ ပညာရေး ပူးပေါင်းဆောင်ရွက်မှုသည် ၂၅ နှစ်တာကာလအတွင်း အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလျက်ရှိပါကြောင်း၊ ဤပူးပေါင်းဆောင်ရွက်မှုသည် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ပြည်သူများ၏ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာစည်ပင်ဝပြောရေးတို့ကို အထောက်အပံ့ဖြစ်စေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကဏ္ဍစုံတွင် ပြုပြင်ပြောင်းလဲမှုများကို ပြည်သူနှင့်အတူ ဖော်ဆောင်လျက်ရှိပါကြောင်း။

ယနေ့ကမ္ဘာကြီး၏အလုပ်အကိုင်နေရာ ထက်ဝက်ခန့်ဖြစ်သော အလုပ်နေရာ သန်းပေါင်းနှစ်ထောင်ကျော်သည် အလိုအလျောက်နည်းပညာများ ပေါ်ထွန်းလာမှုကြောင့် လာမည့်ဆယ်စုနှစ်များအတွင်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပြီး အဆင့်မြင့်ကျွမ်းကျင်မှုရှိမှသာ အလုပ်အကိုင်ကောင်းများရရှိ၍ ဝင်ငွေကောင်းကောင်း ရရှိမည်ဖြစ်သဖြင့် အလယ်အလတ်ကျွမ်းကျင်မှုရှိသူများ အနေဖြင့် အလုပ်အကိုင်ကောင်းရရှိရန် ပိုမိုခက်ခဲလာနိုင်ပါကြောင်း၊ အရည်အသွေးမြင့် ပညာရေး(Quality Education)ကသာလျှင် လိုအပ်သော အဆင့်မြင့် ကျွမ်းကျင်မှုကို ပေးစွမ်းနိုင်ပြီး မညီမျှမှုများကို လျှော့နည်းစေကာ ပိုမိုငြိမ်းချမ်းပြီး အားလုံးအတွက် သာယာလှပသောအနာဂတ်ကို ဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အသုံးချသုတေသနကို တွန်းအားပေးရန် လိုသကဲ့သို့ နက်နဲသောသင်ယူလေ့လာမှု(Deep Learning)ကို လေ့ကျင့်ပေးကာ ယဉ်ကျေးမှု၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများကို တွန်းအားပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ ကျောင်းသားလူငယ်များကို အရည်အသွေးမြင့်စွမ်းရည်များဖြင့် ဘဝတစ်သက်တာ အစဉ်သင်ယူလေ့လာသူများ ဖြစ်လာစေရန် ပြုစုပျိုးထောင်သင်ကြားသင်ယူ လေ့ကျင့်ပေးသွားကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းသားများသည် ကမ္ဘာကြီးအတွက် အကောင်းဆုံးကို ဖန်တီးပေးနိုင်မည့်သူများ ဖြစ်ကြပါကြောင်း၊ သို့ဖြစ်၍ သူတို့အား အနာဂတ်အတွက် လိုအပ်သော ဉာဏ်ရည်ဉာဏ်သွေးဆိုင်ရာကျွမ်းကျင်မှုများ(Soft Skills)၊ ပညာဗဟုသုတများနှင့် ကျောင်းပြင်ပအတွေ့အကြုံများ ပံ့ပိုးဖြည့်ဆည်းပေးသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးများသည် တရုတ်-အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများတွင် အချက်အလက်စုဆောင်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဌာန စတင်တည်ထောင်ခြင်း အထိမ်းအမှတ် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တရုတ်-အာဆီယံ ပညာရေးပူးပေါင်းဆောင်ရွက်ရေး သီတင်းပတ်အထိမ်းအမှတ် ကျောင်းသားလူငယ်များ၏ စွမ်းရည်ပြိုင်ပွဲများနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ တရုတ်-အာဆီယံ ပညာရေးမြှင့်တင်ရေးဆွေးနွေးပွဲသို့တက်ရောက်ပြီး ကွေ့ရန်မြို့ရှိ စွန့်ဦးတီထွင်မှုနှင့်




ဆန်းသစ်တီထွင်မှုဗဟိုဌာနသို့ သွားရောက်ကြည့်ရှုလေ့လာသည်။ ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၈ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရှိသည်။

**သတင်းစဉ်**



**တနင်္သာရီမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံ ပရာကျွတ်ခီရီခန်ခရိုင်ဝန် မစ္စတာဖန်လုပ်စင်ဟာစေနီ ဦးဆောင်သောအဖွဲ့က တန်ဖိုးဘတ်ငွေ ၅၅၀၀၀၀ (မြန်မာငွေကျပ် သိန်း ၂၀၀ ကျော်)တန်ဖိုးရှိ ဆန်၊ ဆီ၊ ငါးသေတ္တာ၊ အသင့်စားနိုင်သော ခေါက်ဆွဲခြောက်၊ သောက်ရေသန့်၊ အိမ်သုံးဆေးဝါး၊ ဆားနှင့်အခြားအသုံးအဆောင်ပစ္စည်းများကို ဇူလိုင် ၂၇ ရက်က လာရောက်လှူဒါန်းရာ တနင်္သာရီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်းနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။** နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဇူလိုင် ၂၈**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်းရှိ မုတ်လွဲကျေးရွာနှင့် ခတ်ချိုကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်နေမှုနှင့် နန့်မြစ်ခချောင်းကူးတံတား Phase II ဆောက်လုပ်နေမှုတို့ကို ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးကြသည်။

ရှေးဦးစွာ မြစ်ကြီးနား-ဗန်းမော်သွား ကားလမ်းမကြီး လမ်းဆုံမှ မုတ်လွဲကျေးရွာတွင်း လမ်းအရှည်ပေ ၈၀၀၀ ကို ပြည်နယ်ရန်ပုံငွေ ကျပ် ၁၉၉ ဒသမ ၀၀ သန်းဖြင့် ၁၈ ပေလမ်းအဖြစ် လမ်းသားတိုးချဲ့၍ ကတ္တရာထပ်ပိုးလွှာခင်းကျင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခတ်ချိုကျေးရွာတွင်းလမ်း အရှည်ပေ ၂၇၀၀ ကို လမ်းသားတိုးချဲ့၍ ကတ္တရာလမ်းထပ်မံခင်းကျင်းနိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်က ကျေးရွာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝိုင်းမော်မြို့နယ်အတွင်း မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားကားလမ်းပေါ်ရှိ တံတားဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် တံတားအမှတ်(၂/၄၈၁) နန့်မြစ်ခတံတား ၃၀၁ ပေကျော် အရှည်ဖြင့် PhaseII နှစ်လမ်းသွား ထပ်မံဆောက်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းများနှင့်အညီဆောင်ရွက်ပြီးစီးရေး တာဝန်ရှိသူများအား မှာကြားခဲ့သည်။

အဆိုပါ နန့်မြစ်ခတံတားသည် ယခင်တစ်လမ်းသွား ဘေလီသံပေါင်တံတားဖြစ်၍ ယခု လေးလမ်းသွား သံကူကွန်ကရစ် ရေလယ်တိုင်နှင့် သံကူကွန်ကရစ်ကြမ်းခင်းတံတားအမျိုးအစား ယာဉ်သွားလမ်းအကျယ် ၄၈ ပေနှင့် လူသွားလမ်း သုံးပေအကျယ်စီပါရှိပြီး တံတား၏ Phase-I ကို ဇွန် ၄ ရက်က ဖွင့်လှစ်ပေးခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**

# မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်တို့မှ ပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိ

**မောင်တော ဇူလိုင် ၂၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့တို့ ပူးပေါင်းကာ ပါမောက္ခ အထူးကုဆရာဝန်ကြီးများပါဝင်သော ဆေးကုသရေးအဖွဲ့က ဇူလိုင် ၂၇ ရက်မှ စတင်ကာ ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံတွင် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်တို့မှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ ပါမောက္ခ အထူးကုဆရာဝန်ကြီးများပါဝင်သော ဆေးကုသရေးအဖွဲ့က ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုပြီး ဆေးကုသမှုခံယူနေသည့် လူနာများနှင့် ခွဲစိတ်ကုသရမည့်လူနာများအား အားပေးစကားပြောကြားသည်။

အဆိုပါ ကျန်းမာရေးအခမဲ့ ဆေးကုသပေးမှုကို ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်ထိ သုံးရက်တိုင် ပြုလုပ်ပေးသွားမည်ဖြစ်ပြီး ဆေးကုသမှုခံယူရန်အတွက် စာရင်းပေးသွင်းထားသူ ဦးရေ ၃၀၀၀ ခန့်ရှိသည့်အနက် အထွေထွေရောဂါခွဲစိတ်မှုခံယူရမည့်လူနာ ၆၀ နှင့် သားဖွားမီးယပ်ခွဲစိတ်မှု ခံယူရမည် လူနာ ၃၀ ခန့်ရှိကြောင်း ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံမှ သိရသည်။

"နယ်ဝေးက လာရောက်ကုသတဲ့ လူနာတွေအတွက် ငွေကုန်သက်သာစေဖို့ နေထိုင်စားသောက်ရေးကိုလည်း ကျွန်တော်တို့အနေနဲ့ စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ ဒ့ါအပြင် ခွဲစိတ်ရမယ့်လူနာတွေကိုလည်း သက်သာကောင်းမွန်သည်အထိ ဆေးရုံမှာ ဆေးကုသမှုတွေ ဆက်လက်ပြုလုပ်သွားမှာဖြစ်ပါတယ်။ သွားလာရေးအတွက် ခရီးစရိတ်တွေကို ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်" ဟု ဘူးသီးတောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းထွန်းကျော်က ပြောသည်။

ဆေးကုသရေးအဖွဲ့တွင် သားဖွား၊ မီးယပ် ပါမောက္ခအထူးကုဆရာဝန်ကြီးများ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ နှလုံးအထူးကုသမားတော်ကြီးများ၊ ကလေးအထူးကုဆရာဝန်ကြီးများ၊ အရိုး၊ အကြော၊ အဆစ် အထူးကုဆရာဝန်ကြီးများ၊ အရေပြားရောဂါ အထူးကုဆရာဝန်ကြီးများ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီးများ၊ ဓာတ်မှန်ဆရာဝန်ကြီး၊ မေ့ဆေးဆရာဝန်ကြီး၊ ဦးနှောက်၊ အာရုံကြောနှင့် စိတ်ရောဂါအထူးကုဆရာဝန်ကြီးနှင့် အထွေထွေရောဂါကုဆရာဝန်များ ပါဝင်ကြောင်း သိရသည်။



**သတင်း-မင်းသစ်(MNA)၊ ကိုမင်း**
**ဓာတ်ပုံ-မင်းမင်း**

# ကမ္ဘာ့အသည်းရောင်ရောဂါနေ့ အထိမ်းအမှတ်အခမ်းအနား ရန်ကုန်တွင် ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၈**

အသည်းရောဂါဖြစ်ပွားမှု၊ အသည်းရောဂါကြောင့် နောက်ဆက်တွဲရောဂါ ဖြစ်ပွားမှုနှင့် သေဆုံးမှုလျော့နည်းစေရန်ရည်ရွယ်ပြီး မြန်မာအသည်းဖောင်ဒေးရှင်းက ကြီးမှူး၍ "အသည်းရောင်ရောဂါကင်းဝေးရေး ဝိုင်းဝန်းရှာဖွေစစ်ဆေးပေး(Find the Missing Millions)" ဆောင်ပုဒ်နှင့်အညီ ကမ္ဘာ့အသည်းရောင်ရောဂါနေ့ အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်သူနာပြုတက္ကသိုလ်ပင်မခန်းမဆောင်၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။



အခမ်းအနားကို အသည်းဖောင်ဒေးရှင်းသီချင်းဖြင့် ဂုဏ်ပြုကြိုဆိုဖွင့်လှစ်ပြီး ဆေးသုတေသနဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်ဝေစိုးနှင့် မြန်မာအသည်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ပြုံးကြည်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Dr.Stephen Jost က အမှာစကား ပြောကြားသည်။

ဆက်လက်၍ World Hepatitis Alliance President Mr.Michael Nimberg ထံမှ ပေးပို့သော သဝဏ်လွှာကို မြန်မာအသည်းဖောင်ဒေးရှင်း အလုပ်အမှုဆောင်အဖွဲ့အတွင်းရေးမှူး ဒေါက်တာစည်သူရက ဖတ်ကြားပြီး အလုပ်အမှုဆောင်အဖွဲ့ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝင်းဝင်းဆွေက အသည်းရောင်ရောဂါအကြောင်း သိကောင်းစရာအကြောင်းကို တင်ပြကာ မြန်မာအသည်းဖောင်ဒေးရှင်း၏ လက်ရှိဆောင်ရွက်နေမှုများကို အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးတင်ညွန့်က ရှင်းလင်းတင်ပြသည်။

"ဒီလိုမျိုးကမ္ဘာ့အသည်းရောင် ရောဂါနေ့အထိမ်းအမှတ်အခမ်းအနားကို ကျင်းပနိုင်ခဲ့တာ ဒါနဲ့ဆိုရင် ခြောက်ကြိမ်ရှိပါပြီ။ ဒါမျိုးပွဲတွေ ဘာကြောင့်ကျင်းပရသလဲဆိုတော့ ကမ္ဘာပေါ်မှာ အသည်းရောင်ရောဂါဟာ အကြီးကျယ်ဆုံးပြဿနာတစ်ရပ်ပါ။ တစ်ကမ္ဘာလုံးအတိုင်းအတာအရ ဖြစ်ပွားသူအရေအတွက်က သန်း ၃၅၀ လောက်ရှိနေတယ်။ အဲဒီထဲက ၉၀ ရာခိုင်နှုန်းလောက်က သူတို့မှာ ရောဂါဖြစ်နေတယ်ဆိုတာကို မသိရှိကြဘဲ ကျန် ၁၀ ရာခိုင်နှုန်းလောက်ကပဲ သိရှိကြတာတွေ့ရှိနေရတယ်။

အသည်းရောင်ရောဂါဆိုတာ ပျောက်ကင်းအောင်လည်း ကုသလို့ရသလို ကြိုတင်ကာကွယ်လို့လည်းရပါတယ်။ အဓိကကတော့ ရှိနေတာသိဖို့ပါပဲ။ အဲဒီလို သိရအောင်လည်း သွေးစစ်ကြည့်မှ သိရမှာပါ။ တချို့က ရှိတယ်ဆိုတာ သိသွားပေမယ့် အချိန်နောက်ကျခဲ့ရလို့ အသည်းခြောက်တာ၊ အသည်းကင်ဆာဖြစ်တာတွေနဲ့ ကြုံကြရတယ်။ အဲဒီလိုမဖြစ်အောင်၊ ရောဂါကို ကြိုတင်သိရှိအောင်၊ သတိထားမိအောင်ဆိုပြီးတော့ ဒီလိုအထိမ်းအမှတ်ပွဲကို ကျင်းပရခြင်းဖြစ်ပါတယ်"ဟု မြန်မာအသည်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ပြုံးကြည်က ပြောသည်။

အသည်းသည် သည်းခြေရည်ထုတ်လုပ်ခြင်း၊ စွန့်ပယ်ခြင်း၊ အစားအသောက်မှ အာဟာရဓာတ်များကို ချေဖျက်ထိန်းညှိပေးခြင်း၊ သွေးများကို သန့်စင်အောင်ပြုလုပ်ခြင်း၊ ဗီတာမင်နှင့် သတ္တုဓာတ်များကို သိမ်းဆည်းခြင်း၊ သွေးအတွင်းရှိ အယ်ဗျူမင်ဓာတ်နှင့် သွေးခဲစေသောဓာတ်များကို ထုတ်လုပ်ခြင်း၊ ရောဂါပိုးများကို နှိမ်နင်းခြင်း စသည့် လုပ်ဆောင်မှုများကို ပြုလုပ်ပေးနေသည့် အရေးကြီးသော ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုဖြစ်ပြီး အသည်းရောင်ရောဂါသည် များသောအားဖြင့် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ကြောင်း။

အသည်းရောင်ဗိုင်းရပ်စ်ပိုးများမှာ A ပိုး၊ B ပိုး၊ C ပိုး၊ D ပိုးဟူ၍ အကြမ်းအားဖြင့် ခွဲခြားနိုင်ကြောင်း၊ အရက်၊ ဘီယာ အလွန်အကျွံသောက်သုံးခြင်း၊ ခန္ဓာကိုယ်အတွင်းသို့ အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းများရောက်ရှိခြင်း၊ အချို့သောဆေးဝါးများသောက်သုံးခြင်း၊ အချို့သောရောဂါများ ဖြစ်ပွားခြင်းတို့ကြောင့် အသည်းရောင်ရောဂါဖြစ်ပွားနိုင်ကြောင်း၊ အသည်းရောင်ရောဂါပိုးများသည် အသည်းရောင်ခြင်းနှင့် နောက်ဆက်တွဲရောဂါများကို ဖြစ်ပွားစေနိုင်ကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

မြန်မာအသည်း ဖောင်ဒေးရှင်းမှ ဦးဆောင်အဖွဲ့ဝင် ထပ်ဆင့်အကယ်ဒမီ ဦးလူမင်းက "ဖောင်ဒေးရှင်းအဖွဲ့ဝင်တစ်ယောက်အနေနဲ့ တက်ရောက်တာဖြစ်သလို ပြည်သူတွေကို အသိပညာပေးချင်တာကြောင့် ဒီပွဲကိုတက်ရောက်ဖြစ်တာပါ။ အသည်းရောင်ရောဂါနဲ့ပတ်သက်လို့လည်း လေ့လာထားပါတယ်။ တကယ်တော့ အသည်းရောင်ရောဂါဆိုတာ ရောဂါလက္ခဏာ မပြတတ်တာကြောင့် ရောဂါရှိနေမှန်း မသိကြတာများပါတယ်။ အဲဒါကြောင့် သိအောင်လို့ သွေးစစ်ကြည့်တာ အကောင်းဆုံးပါပဲ"ဟု ပြောသည်။

မြန်မာနိုင်ငံတွင် အသည်းရောဂါဖြစ်ပွားမှု၊ အသည်းရောဂါကြောင့် နောက်ဆက်တွဲရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုလျော့နည်းစေရေး ဆောင်ရွက်ချက်ကို ပန်းတိုင်အဖြစ်သတ်မှတ်ဆောင်ရွက်နိုင်ရန်အတွက် ပါမောက္ခ ဦးသံစစ်က ဦးဆောင်၍ မြန်မာနိုင်ငံအသည်းဖောင်ဒေးရှင်းကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ပြည်သူလူထုအား ကျန်းမာရေးအသိပညာရေးကို ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်ရန်၊ ရောဂါကာကွယ်ကုသရေး၊ ရှာဖွေစိစစ်ရေးလုပ်ငန်းများအား နည်းပညာဖွံ့ဖြိုးတိုးတက်စေရေး တိုးမြှင့်လုပ်ဆောင်ရန် ရည်ရွယ်ကြောင်းသိရပြီး ယနေ့အခမ်းအနားသို့ တက်ရောက်လာသူများအား အသည်းရောင်ရောဂါ ရှိ၊ မရှိစစ်ဆေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်းတို့ကို မြန်မာအသည်းဖောင်ဒေးရှင်းက အခမဲ့လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်း-ဟိန်းထက်လင်း(ကြေးမုံ)**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# ဘားအံမြို့နယ်အတွင်း ရေနစ်မြုပ်သည့်နေရာများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**ဘားအံ ဇူလိုင် ၂၈**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းလျက်ရှိရာ သံလွင်မြစ်ရေနှင့် ဂျိုင်းမြစ်ရေတို့မှာ ရပ်ကွက်ကျေးရွာများအတွင်း ဝင်ရောက်လျက်ရှိပြီး အနိမ့်ပိုင်းနေရာများ၌ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်လျက်ရှိရာ ဘားအံမြို့ပေါ် ရပ်ကွက်များအပါအဝင် စုစုပေါင်း ရေဘေးကယ်ဆယ်ရေးစခန်း ၁၂ ခု အထိ ဖွင့်လှစ်ထားပြီး ရေဘေးသင့်အိမ်ထောင်စု ၁၂၀၀ ခန့်နှင့် ရေဘေးသင့်ပြည်သူ ၆၂၀၀ ခန့်အထိ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ မြစ်ရေ ဆက်လက်မြင့်တက်နေသည့်အတွက် ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးရှောင်ပြည်သူများကို နယ်မြေခံရဲစခန်းများမှ ရဲတပ်ဖွဲ့ဝင်များက မိတ်ဖက်အဖွဲ့များနှင့်ပူးပေါင်းကာ ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးလျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၂၈ ရက် ညနေ ၆ နာရီအထိ ဘားအံမြို့နယ် လှာကာကျေးရွာအုပ်စု၊ တန် ၄၀၀၀ ဘိလပ်မြေစက်ရုံ MEC ကွက်သစ်၊ ပဲကုန်းကွက်သစ်၊ ဂျိုင်းကျေးရွာအုပ်စု မုတ္တတိကျေးရွာအုပ်စု၊ ဖားနွဲ့ကျွန်း(ရေလယ်ကျွန်း)ကျေးရွာ၊ ခရားအတွင်းကျေးရွာတို့မှ အိမ်ထောင်စုများကို ရဲတပ်ဖွဲ့ဝင်များက မိတ်ဖက်အဖွဲ့များဖြင့် ပူးပေါင်းကာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**



**ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ စစ်တောင်းမြစ်ရေ**
**စိုးရိမ်ရေမှတ်ကျော်လွန်မှု**



**ပဲခူးတိုင်းဒေသကြီး၊ မဒေါက်မြို့၊ စစ်တောင်းမြစ်ရေ**
**စိုးရိမ်ရေမှတ်ကျော်လွန်မှု**



**ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့၊ ရွှေကျင်မြစ်ရေ**
**စိုးရိမ်ရေမှတ်ကျော်လွန်မှု**



**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ပဲခူးမြစ်ရေ**
**စိုးရိမ်ရေမှတ်ကျော်လွန်မှု**



**ကရင်ပြည်နယ်၊ ဘားအံမြို့၊ သံလွင်မြစ်ရေ**
**စိုးရိမ်ရေမှတ်ကျော်လွန်မှု**



**မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ဘီးလင်းမြစ်ရေ**
**စိုးရိမ်ရေမှတ်ကျော်လွန်မှု**



# လေယာဉ်မောင်မယ် သင်တန်းဆင်းပွဲ ပြည်ထောင်စုဝန်ကြီး တက်ရောက်အမှာစကားပြော

**ရန်ကုန် ဇူလိုင် ၂၈**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန CATI ခန်းမတွင် မြန်မာအမျိုးသားလေကြောင်း လေယာဉ်မောင်မယ် သင်တန်းအမှတ်စဉ် (၁/၂၀၁၈)သင်တန်းဆင်းပွဲအခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် အနယ်နယ်အရပ်ရပ်မှ ယှဉ်ပြိုင်လျှောက်ထားကြသူများအနက် အရည်အချင်းဆန်းစစ်မှုအဆင့်ဆင့်ကို အောင်မြင်ခဲ့ကြပြီး ပျံသန်းရေးတာဝန်များကို ထမ်းဆောင်ရန်အတွက် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ဖွင့်လှစ်သင်ကြားသော Cabin Crew Training တွင် သက်ဆိုင်ရာဘာသာရပ်မျိုးစုံကို ပြည်တွင်းပြည်ပ၌ သင်ကြားခဲ့ရပြီး အရည်အချင်းစစ်စာမေးပွဲများကို စာတွေ့လက်တွေ့ အောင်မြင်ခဲ့ကြသည့်အတွက် ဂုဏ်ပြုကြိုဆိုပါကြောင်း၊ မောင်မယ်တို့အနေဖြင့် လုပ်ငန်းခွင်ထဲသို့ ဝင်ရောက်လာသည့်အခါ နိုင်ငံတော်ပိုင်လေကြောင်းလိုင်းတွင် တာဝန်ထမ်းဆောင်ခွင့်ရရှိသော၊ နိုင်ငံ၏တာဝန်ကို ထမ်းဆောင်နေသော မောင်မယ်များအဖြစ် ဦးစွာ ဂုဏ်ယူရမည်ဖြစ်ကြောင်း၊ မိမိတို့၏တာဝန်ဝတ္တရားများနှင့် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကိုလည်း လုပ်ငန်းခွင်အတွင်းရော လုပ်ငန်းခွင်ပြင်ပမှာပါ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်ရှိတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းတွင် တာဝန်ထမ်းဆောင်သည့် လေယာဉ်မောင်မယ် ၁၂၃ ဦးရှိပြီး ယနေ့သင်တန်းဆင်းသည့် လေယာဉ်မောင်မယ်များအပါအဝင် ၁၅၇ ဦးရှိကြောင်း၊ လေယာဉ်မောင်မယ် သင်တန်းတက်ရောက်လိုသူများအနေဖြင့် အသက် ၁၈ နှစ်မှ ၂၄ နှစ်အတွင်းရှိကာ တက္ကသိုလ်တစ်ခုခုမှ ဒုတိယနှစ် အောင်မြင်ပြီး ဘာသာစကားကျွမ်းကျင်၍ ရေကူးတတ်ခြင်း စသည့် အရည်အချင်းများ ရှိရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇာနည်မောင်(ကြေးမုံ)**




# မြန်မာနိုင်ငံဆရာဝန်အသင်း စာရေးဆရာ ဆရာဝန်များအဖွဲ့ နှစ်ပတ်လည်ညီလာခံ စာပေဟောပြောပွဲနှင့် စာပေဆုရ စာရေးဆရာ ဆရာဝန်များအား ဂုဏ်ပြုပွဲကျင်းပ




**ရန်ကုန် ဇူလိုင် ၂၈**
မြန်မာနိုင်ငံဆရာဝန်အသင်း စာရေးဆရာ ဆရာဝန်များအဖွဲ့ နှစ်ပတ်လည်ညီလာခံစာပေဟောပြောပွဲနှင့် စာပေဆုရ စာရေးဆရာ ဆရာဝန်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း စာရေးဆရာ ဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာတင်တင်ဝင်း (စာရေးဆရာမ ဂျူး)က "ကျွန်မတို့ ဆရာဝန်စာရေးဆရာတွေက နှစ်စဉ် စာတွေအများကြီးရေးကြတယ်၊ သုတရသတွေ ရေးကြတယ်။ ထူးချွန်တဲ့ ပရိသတ်နှစ်သက်တဲ့ စာရေးဆရာတွေကို ဆုတွေ ပေးကြတယ်။ ထွန်းဖောင်ဒေးရှင်းတို့၊ အမျိုးသားစာပေဆုရတာမျိုးရှိတဲ့ စာရေးဆရာ ဆရာဝန်ခုနစ်ဦးကို ထပ်မံဂုဏ်ပြုတဲ့ပွဲပါ။ ပြီးရင် စာပေဟောပြောပွဲလုပ်မယ်၊ ပြည်သူတွေအနေနဲ့ စာဖတ်ရင်း ဗဟုသုတရစေမယ်၊ သုတရသရနိုင်မယ်၊ စာဖတ်ဖို့ အဆင်မပြေသေးတဲ့ အချိန်မှာ စာပေဟောပြောပွဲတွေကို နားထောင်လိုက်ရရင် ဗဟုသုတတွေ အများကြီးရစေတယ်။ စာပေဖတ်ဖို့ကိုလည်း စာပေဟောပြောပွဲကနေ တွန်းအားပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ စာပေတန်ဖိုးတက်အောင် ဆရာဝန်စာရေးဆရာတွေက ပေါင်းပြီး စာပေရဲ့ အကျိုးကျေးဇူး၊ စာဖတ်ခြင်းရဲ့ ရလာမယ့်အကျိုးကျေးဇူး၊ စိတ်ရဲ့ အကျိုးကျေးဇူး၊ ကိုယ်ခန္ဓာအကျိုးကျေးဇူး အဲဒါတွေကို ပြောပြမယ်။ ဒီအလုပ်တွေက နှစ်စဉ် လုပ်နေကျအလုပ်တွေပါ။ နယ်မှာလုပ်တဲ့ စာပေဟောပြောပွဲတွေကိုလည်း သွားပါတယ်။ ဟောပြောပွဲလုပ်ပေးခြင်းအားဖြင့် အသိပညာတွေ၊ လုပ်ငန်းဆောင်တာတွေ၊ ကြုံတွေ့ရတဲ့အခက်အခဲတွေ သိသင့်သိထိုက်သော ကျန်းမာရေး ဗဟုသုတတွေကို မျှဝေပါတယ်" ဟု ပြောသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆရာဝန်အသင်း စာရေးဆရာ ဆရာဝန်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနီလာသိန်း (စာရေးဆရာမ မြကြာပုံ)က "မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ရဲ့လက်အောက်မှာရှိတဲ့ စာရေးဆရာ ဆရာဝန်များအဖွဲ့က နှစ်တိုင်း နှစ်ပတ်လည်အစည်းအဝေး၊ စာပေဟောပြောပွဲတွေလည်း လုပ်တယ်။ စာပေဟောပြောပွဲလုပ်ပြီးတဲ့အခါမှာ နိုင်ငံတော်ကပေးထားတဲ့ဆု၊ တခြားအဖွဲ့အစည်းကပေးထားတဲ့ ဆုတွေရတဲ့ စာရေးဆရာ ဆရာဝန်တွေကို ထပ်ဆင့်ဂုဏ်ပြုတဲ့ပွဲပါ။ ဒီလို ထိုက်ထိုက်တန်တန်ဆုရရှိတဲ့ စာရေးဆရာ ဆရာဝန်ကြီးတွေကို ပြန်လည်ဂုဏ်ပြုရတဲ့အတွက် ကျေနပ်အားရ ပီတိဖြစ်မိပါတယ်။ စာပေဟောပြောပွဲမှာ သုတရသတွေ ပြန်လည်ဖြန့်ဝေပေးတဲ့အတွက် ဗဟုသုတများစွာ ရရှိပါတယ်။ အခုအချိန်မှာ ပြည်သူလူထုရော၊ လူငယ်တွေရော ဖုန်းကိုင်နေတဲ့ သူတွေများလာတဲ့အတွက်လည်း စာဖတ်မှုအားနည်းလာတယ်။ စာပေဟောပြောပွဲကနေတစ်ဆင့် ရသစာပေ၊ သုတစာပေတွေကိုဖတ်ခြင်းက အရေးကြီးတယ်ဆိုတဲ့ အကြောင်း ပြောချင်ပါတယ်။ စာပေဟောပြောပွဲ အကျိုးကျေးဇူးက နားထောင်လိုက်ရတဲ့အချိန်မှာ ဗဟုသုတတွေ အများကြီး ရရှိစေတယ်။ နှစ်ပတ်လည်ညီလာခံကို နှစ်နှစ်မှာ တစ်ခါလုပ်တယ်၊ ပွင့်လင်းမြင်သာစွာ တက်တက်ကြွကြွရှိတဲ့ စာရေးဆရာ ဆရာဝန်များအားလုံးက အမှုဆောင်တွေမှာ ပါဝင်ရွေးချယ်ခံကြတယ်။ ကျန်းမာရေး ပညာပေးဟောပြောပွဲတွေကို နေရာအနှံ့မှာ လုပ်နေပါတယ်။ လူငယ်တွေ စာဖတ်ပါလို့ ပြောချင်ပါတယ်"ဟု ပြောသည်။

ထို့နောက် စာပေဆုရ စာရေးဆရာ ဆရာဝန်ကြီး ခုနစ်ဦးအား ဂုဏ်ပြုလွှာနှင့် အမှတ်တရလက်ဆောင်များကို တာဝန်ရှိသူများက ပေးအပ်ပြီး ဂုဏ်ပြုခံ စာရေးဆရာ ဆရာဝန် ဒေါက်တာလှကြည်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် စာပေဟောပြောပွဲကို ကျင်းပရာ စာရေးဆရာမ နုနုရည် (အင်းဝ)က "ကျေးဇူးတင်ဖူး တင်တတ်နိုင်ပါစေ"ခေါင်းစဉ်နှင့် ပါမောက္ခ ဒေါက်တာစိုးလွင်က "ဘဝထဲက အနုပညာ"ခေါင်းစဉ်တို့ဖြင့် ဟောပြောကြပြီး ဟောပြောပေးသော စာရေးဆရာများအား ဂုဏ်ပြုလွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နှစ်ပတ်လည်ညီလာခံကို ကျင်းပရာ စာရေးဆရာ ဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားသည်။

၂၀၁၇-၂၀၁၈ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာကို ဖတ်ကြားတင်ပြခြင်း၊ ဆွေးနွေးအတည်ပြုခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းဖတ်ကြားတင်ပြခြင်း၊ ဆွေးနွေးအတည်ပြုခြင်း၊ အမှုဆောင်အဖွဲ့ နုတ်ထွက်ခြင်း၊ အမှုဆောင်အသစ်ရွေးချယ်ခြင်းတို့ ပြုလုပ်သည်။

ထို့နောက် ဥက္ကဋ္ဌသစ်က အမှာစကားပြောကြားပြီး အထွေထွေဆွေးနွေးကာ သဘာပတိက နိဂုံးချုပ်စကားပြောကြား၍ အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

**သတင်း-ဥမ္မာသန့်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# ဒလမြို့နယ်ရှိ ကျေးရွာချင်းဆက် လမ်းနှင့်တံတားများ နွေ၊ မိုး၊ ဆောင်း သွားလာနိုင်ရေး ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂၈**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ ရွှေလှေချောင်ကျေးရွာအုပ်စု၊ ကျွဲလူးအိုင်ကျေးရွာအုပ်စုနှင့် ညောင်ပင်ကျေးရွာအုပ်စုတို့ရှိ ကျေးရွာပေါင်း ၁၁ ရွာ၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ကောင်းမွန်စေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးရွာချင်းဆက်လမ်းနှင့်တံတားများကို တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား)က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်ပြီး တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စီစဉ်ဆောင်ရွက်ပေး**

ဒလမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ခရီးသွားလာရေး အဆင်ပြေချောမွေ့စေရေး နွေ၊ မိုး၊ ဆောင်း ရာသီမရွေးသွားလာနိုင်သော လမ်းနှင့်တံတားများ ဆောက်ရွက်ပေးနိုင်စေရေးနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး စသည့် ရည်ရွယ်ချက်များဖြင့် တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေများဖြင့် နှစ်စဉ် ဘဏ္ဍာနှစ်အလိုက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဌာနစုမှူး ဦးစီးအရာရှိ ဦးမောင်မောင်လွင်က ပြောကြားသည်။

"ကျွန်တော်တို့ အခုဆောင်ရွက်နေတဲ့အပိုင်းက ရွှေလှေချောင်ကျေးရွာအုပ်စုနဲ့ ညောင်ပင်ကျေးရွာအုပ်စုတို့ရဲ့တစ်ဆက်တည်းမှာရှိတဲ့ တံတားသုံးစင်းကို တည်ဆောက်ထားပြီးဖြစ်ပါတယ်။ ဇရပ်ကလေးတံတား၊ ဂတ်ရွာတံတားနဲ့ ညောင်ပင်တံတားကို အာရ်စီအမျိုးအစား သံကူကွန်ကရစ်နဲ့ ခိုင်ခိုင်မာမာ တည်ဆောက်ထားပါတယ်။ ကျေးရွာချင်းဆက် ချောင်းကူးတံတားနှစ်စင်း ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးဖို့ လိုအပ်နေပါသေးတယ်၊ ကျေးရွာချင်းဆက်လမ်းတွေအနေနဲ့ ရွှေလှေချောင်ကျေးရွာနဲ့ ညောင်ပင်ကျေးရွာချင်းဆက် လမ်းအရှည်ပေပေါင်း ၁၇၇၅၀၊ အကျယ် ၁၈ ပေရှိတဲ့ မြေသားလမ်းကိုလည်း လာမယ့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွေမှာ ကျောက်ချောလမ်းတွေအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားဖို့ စီစဉ်ထားပါတယ်။ နောက်ပြီး ရွှေလှေချောင်ကျေးရွာနဲ့ ကျွဲလူးအိုင်ကျေးရွာချင်းဆက်မြေသားလမ်းကို ကျေးရွာသူ ကျေးရွာသားများက ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားပြီးဖြစ်ပါတယ်။ ယနေ့အချိန်ထိ ရေလမ်းနဲ့ပဲ ခရီးသွားလာနေရတဲ့ ကျေးရွာတွေဖြစ်ပါတယ်။ ခုဆိုရင် ကုန်းလမ်းကိုပါ အဓိကအားထားအသုံးပြုလာနိုင်တော့မှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဖွံ့ဖြိုးတိုးတက်လာမည်**

ကျေးရွာချင်းဆက် လမ်းများနှင့် လိုအပ်လျက်ရှိသော တံတားနှစ်စင်းတို့ကို ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါက ညောင်ပင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်းလေးရွာမှ ဒေသခံပြည်သူ ၁၅၀၀ ကျော်၊ ကျောင်းသားကျောင်းသူ ၁၂၀ ကျော်နှင့် ကျွဲလူးအိုင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်းလေးရွာမှ ဒေသခံပြည်သူ ၂၄၀၀ ကျော်၊ ကျောင်းသား ကျောင်းသူ ၄၆၀ ကျော်နှင့် တစ်ဆက်တည်းရှိသော ကျေးရွာများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့အတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပြီး လယ်ယာကဏ္ဍမှထွက်ရှိသော ဆန်စပါးများ၏ ကုန်ထုတ်စွမ်းအားများလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**

# မိုးနဲမြို့၌ စနစ်တကျ ကလေးသူငယ်ပြုစုပျိုးထောင်ခြင်းဆိုင်ရာသင်တန်းဖွင့်

**မိုးနဲ ဇူလိုင် ၂၈**
ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် မိုးနဲမြို့နယ်တွင် စနစ်တကျ ကလေးသူငယ်ပြုစုပျိုးထောင်ခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ဝိဇ္ဇာရိယ် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

သင်တန်းတွင် ကလေးစိတ်ပညာနှင့် ဖွံ့ဖြိုးမှု၊ အခြေခံကလေးပျိုးထောင်မှု သီအိုရီများ၊ ဖွံ့ဖြိုးမှုနောက်ကျသောကလေးများ၏ သင်ယူမှုအခက်အခဲများ၊ ဆရာအမျိုးအစားနှင့် စာသင်ခန်းဖွဲ့စည်းပုံ၊ နိုင်ငံတကာမှ အောင်မြင်သော သင်ကြားနည်းစနစ်နှင့် ဆရာများ၏ခံယူချက်များ၊ SKC(Smart Kids College)၏ ပျော်ရွှင်ဖွယ်ရာ သင်ယူကစားနည်းများနှင့် ကလေးထိန်းနည်းစနစ်များ စသည့် ဘာသာရပ်များကို SKC (မန္တလေး)မှ နည်းပြသုံးဦးနှင့် ပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ မြို့ပေါ်ရပ်ကွက်နေ ဒေသခံပြည်သူများ ၃၀၀ ခန့်တက်ရောက်ခဲ့ပြီး သင်တန်းကို နှစ်ရက်ကြာ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၆၆၀

# ဖိလစ်ပိုင်နိုင်ငံ၏ လူဦးရေ ၁၀၆ ဒသမ ၂ သန်းအထိ ရောက်ရှိ

**မနီလာ ဇူလိုင် ၂၈**
ဖိလစ်ပိုင်နိုင်ငံ၏လူဦးရေသည် လတ်တလောကာလတွင် ၁၀၆ ဒသမ ၂ သန်းအထိ ရောက်ရှိလာပြီး ကမ္ဘာပေါ်တွင် ၁၃ နိုင်ငံမြောက် လူဦးရေအများဆုံးနှင့် အရှေ့တောင်အာရှဒေသတွင် ဒုတိယလူဦးရေအများဆုံးနိုင်ငံဖြစ်လာကြောင်း ဖိလစ်ပိုင်နိုင်ငံ လူဦးရေဆိုင်ရာကော်မရှင် (ပီအိုပီစီအိုအမ်)က ဇူလိုင် ၂၇ ရက်တွင် ပြောကြားသည်။

လူဦးရေဆိုင်ရာ ခန့်မှန်းစာရင်းများကို အခြေခံ၍ တွက်ချက်ရာတွင် ဖိလစ်ပိုင်နိုင်ငံ၏လူဦးရေသည် ၂၀၁၈ ခုနှစ်ကုန်ပိုင်းတွင် ၁ ဒသမ ၈ သန်းအထိ တိုးမြင့်လာနိုင်ဖွယ်ရှိပြီး ယင်းမှာတစ်နိုင်ငံလုံး၏ လူဦးရေတိုးတက်နှုန်း ၁ ဒသမ ၆၉ ရာခိုင်နှုန်းအထိ ဖြစ်သည်။

ယင်းလူဦးရေတိုးတက်မှုနှုန်း၏ ဖွင့်ဆိုချက်အရ ၂၀၁၈ ခုနှစ်အတွင်းတွင် ဖိလစ်ပိုင်နိုင်ငံတွင်း၌ နေ့စဉ်မွေးဖွားသည့် ဖိလစ်ပိုင်နိုင်ငံသား ဦးရေမှာ ၄၉၆၅ ဦးရှိပြီး တစ်နာရီလျှင် ၂၀၆ ဦးခန့် မွေးဖွားနေသည်ဟု ညွှန်ပြကြောင်း (ပီအိုပီစီအိုအမ်) အမှုဆောင်ညွှန်ကြားရေးမှူး ဂျူအန်အန်တိုနီယိုပါရက်ဇ်၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

ယခုနှစ် ဇန်နဝါရီလအတွင်းက ဖိလစ်ပိုင်လူဦးရေဆိုင်ရာကော်မရှင်က ထုတ်ပြန်ခဲ့သည့် လူဦးရေဆိုင်ရာ အလားအလာစာရင်း၌ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ၏လူဦးရေမှာ ၁၀၇ ဒသမ ၁၉ သန်းခန့်ရှိမည်ဟု ဖော်ပြခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ စာရင်းအင်းအာဏာပိုင်အဖွဲ့ (ပီအက်စ်အေ)က ၂၀၁၅ ခုနှစ်အတွင်း ထုတ်ပြန်ခဲ့သော မြေပြင်တိုင်းတာမှု ကိန်းဂဏန်းများကို အခြေပြုတွက်ချက်မှုများအရ အဆိုပါကိန်းဂဏန်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံသည် အာရှဒေသနိုင်ငံများတွင် ကလေးမွေးဖွားမှု အမြင့်မားဆုံးသော နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ စာရင်းအင်းဌာန (ပီအက်စ်အေ)က ၂၀၁၇ ခုနှစ်တွင် ပြုလုပ်သော တစ်မျိုးသားလုံးဆိုင်ရာ ကျန်းမာရေးစစ်တမ်း ကောက်ယူမှုတွင် ဖိလစ်ပိုင်နိုင်ငံသူ အမျိုးသမီးများမှမွေးဖွားနှုန်းသည် ကလေးသုံးဦးမှ ၂ ဒသမ ခုနစ်ဦးအထိ ကျဆင်းခဲ့ကြောင်း ဖော်ပြသည်။



သို့သော်ငြားလည်း ဖိလစ်ပိုင်နိုင်ငံတွင် ဆယ်ကျော်သက်ကိုယ်ဝန်ဆောင်ဦးရေမှာ အသက် ၁၅ နှစ်မှ ၁၉ နှစ်အရွယ် ကိုယ်ဝန်ဆောင်သူများအနက် ကိုးရာခိုင်နှုန်းမှာ ကလေးမွေးဖွားနှုန်း မြင့်မားနေဆဲရှိသည်။ **ဆင်ဟွာ**

# ဂျပန်နိုင်ငံအနောက်ပိုင်းသို့ ဂျောင်ဒါရီ တိုင်ဖုန်းမုန်တိုင်း ဦးတည်ရွေ့လျားလျက်ရှိ

**ကျိုတို ဇူလိုင် ၂၈**
ဂျပန်နိုင်ငံအရှေ့ပိုင်းကမ်းလွန်လွင်ပြင်မှ အားကောင်းသော တိုင်ဖုန်းမုန်တိုင်းတစ်ခုသည် နိုင်ငံ၏ အနောက်ဘက်သို့ ဦးတည်ရွေ့လျားလျက်ရှိရာ ကန်တိုဒေသတွင် အဓိကအားဖြင့် မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိကြောင်း ယနေ့ မိုးလေဝသပညာရှင်များက ဆိုသည်။

ဇူလိုင် ၂၈ ရက် ည ၉ နာရီမှစပြီး တိုင်ဖုန်းဂျောင်ဒါရီသည် ရှီဇုအိုကာစီရင်စုရှိ အိုမဲ့ဇာကီမြို့တော်၏ တောင်ဘက်ပိုင်းနှင့် အရှေ့တောင်ဘက် ကီလိုမီတာ ၆၀ ခန့်အကွာတွင် တစ်နာရီ ၃၅ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒအေဂျင်စီက ပြောကြားခဲ့သည်။

တိုင်ဖုန်းဂျောင်ဒါရီ၏ အလယ်ဗဟိုချက်တွင် တစ်နာရီ ၁၁၀ မိုင်လေတိုက်နှုန်းရှိကြောင်း မိုးလေဝသပညာရှင်များက ပြောကြားခဲ့သည်။



အဆိုပါတိုင်ဖုန်းသည် ဂျပန်နိုင်ငံအလယ်ပိုင်းဒေသရှိ တိုကိုင်ဒေသအပါအဝင် အီဇုကျွန်းနှင့် ဘေးပတ်ဝန်းကျင်ကျွန်းများသို့ ဗဟိုပြုလျက်ရှိကြောင်း သိရသည်။

တိုင်ဖုန်းဂျောင်ဒါရီ တိုက်ခတ်မှုကြောင့် ဇူလိုင် ၂၈ ရက် ညပိုင်းနှင့် ၂၉ ရက် အစောပိုင်းများတွင် တိုကိုင်ဒေသအဝန်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုများနှင့် မြေပြိုမှုများဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသပညာရှင်များက ဆိုသည်။

မုန်တိုင်းတိုက်ခတ်နိုင်ဖွယ်ရှိသည့် ဒေသများတွင် မြေပြိုမှုများ၊ မြစ်ရေလျှံပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားနိုင်ဖွယ်ရှိသည်ဟု မိုးလေဝသပညာရှင်များက ပြောကြားခဲ့သည်။

ဒေသခံပြည်သူများကိုလည်း ဘေးလွတ်ရာသို့ ပြောင်းရွှေ့ကြရန် သတိပေးချက်များ ထုတ်ပြန်ကြေညာခဲ့သည်။

ကျိုတိုစီရင်စုရှိ အာယာဘီမြို့တွင် ပြည်သူပေါင်း ၁၀၀၀ ကျော်ကို ဇူလိုင် ၂၈ ရက် ညနေ ၆ နာရီကစပြီး ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

တိုင်ဖုန်းဂျောင်ဒါရီ ချဉ်းကပ်တိုက်ခတ်လာသည့်အတွက် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများ ဖြစ်ပေါ်လာနိုင်ကြောင်းနှင့် အချို့ဒေသရှိ ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ကြရန် အာဏာပိုင်များက သတိပေးချက်ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

တိုင်ဖုန်းဂျောင်ဒါရီ တိုက်ခတ်မှုကြောင့် တိုကျိုမြို့အပါအဝင် ချိဘာ၊ ကာနာဂါဝါနှင့် တိုချီဂီ စီရင်စုများတွင် လျှပ်စစ်ဓာတ်အားလိုင်းများ ထိခိုက်ပျက်စီးနိုင်ဖွယ်ရှိသည့်အတွက် အိမ်ထောင်စု ၈၃၀၀ ကျော်ကို ဇူလိုင် ၂၉ ရက် ည ၈ နာရီကစပြီး လျှပ်စစ်ဓာတ်အားပေးမှုကို ယာယီဖြတ်တောက်ထားမည်ဖြစ်ကြောင်း တိုကျိုလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး ကုမ္ပဏီက ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ပါလက်စတိုင်းတစ်ဦး ဓားဖြင့်တိုက်ခိုက်မှုဖြစ်ပွားအပြီး အသိမ်းပိုက်ခံဒေသတွင် အစ္စရေးက လူနေအိမ်များ ဆောက်လုပ်မည်ဟုဆို

**ဂျေရုဆလင် ဇူလိုင် ၂၈**
လူအသေအပျောက်ရှိသည့် ပါလက်စတိုင်းလူမျိုးတစ်ဦး၏ ဓားဖြင့်တိုက်ခိုက်မှုဖြစ်ပေါ်အပြီးတွင် အနောက်ဘက်ကမ်းဒေသရှိ အဒမ်အခြေစိုက်ဒေသတွင်း၌ ဇူလိုင် ၂၆ ရက်က လုံခြုံရေးအရ ဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။

အစ္စရေးနိုင်ငံက သိမ်းယူထားသည့်အနောက်ဘက်ကမ်းဒေသတွင် အခြေချလူနေအိမ်ရာသစ်များကို ရာနှင့်ချီကာ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ယင်းဒေသတွင် ပါလက်စတိုင်းတစ်ဦးက အစ္စရေးနိုင်ငံသား သုံးဦးကို ဓားဖြင့် တိုက်ခိုက်မှုပြုလုပ်ခဲ့ပြီး အစ္စရေးနိုင်ငံသား တစ်ဦးသေဆုံးခဲ့ပြီးနောက်တွင် ကာကွယ်ရေးဝန်ကြီး အဘီဒေါလီမာဗင်က ၎င်း၏အင်တာနက်တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

ကလေးငယ်တစ်ဦးအပါအဝင် ပါလက်စတိုင်းလူမျိုးနှစ်ဦးကို ဂါဇာကမ်းမြောင်တောင်ပိုင်းဒေသတွင် သီးခြားဖြစ်သွားသည့် ပဋိပက္ခအတွင်း အစ္စရေးစစ်သားများက ဦးခေါင်းကိုထိမှန်အောင် ပစ်ခတ်မှုများလုပ်ဆောင်ခဲ့သည်ဟု ပါလက်စတိုင်း ဟားမတ်စ်တို့၏ ကျန်းမာရေးဝန်ကြီးဌာနကပြောကြားပြီး ယင်းဖြစ်ရပ်များမှာ အဆိုပါဒေသတွင်း၌ နောက်ဆုံးဖြစ်ပေါ်ခဲ့သည့်ကာလ အနည်းငယ်ကြာပဋိပက္ခမှုများအတွင်း အသက်ဆုံးရှုံးမှုများရှိသည်ဟု ဆိုသည်။

အကြမ်းဖက်ဝါဒီများအဖို့ အကောင်းဆုံးသတင်းမှာ အခြေချနေထိုင်သူများ၏ အိမ်ရာတိုးချဲ့တည်ဆောက်မှုသတင်းဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးက ၎င်း၏အင်တာနက်တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြသည်။ ၎င်း၏ရေးသားချက်ကို ဂျေရုဆလင်မြောက်ပိုင်းဒေသတွင် လူအသေအပျောက်ရှိသည့်ဓားဖြင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် လူနေအိမ်ခြေ ၄၀၀ ရှိသည့် အခြေချနေထိုင်သူများစီမံချက်ကို ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

ပါလက်စတိုင်းလူမျိုးများက အနောက်ဘက်ကမ်းဒေသတွင် အစ္စရေးတို့၏လူနေဒေသအခြေစိုက်စခန်းများ တိုးချဲ့တည်ဆောက်မှုကို ၎င်းတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုအစီအစဉ်များအတွက် အဓိကအဟန့်အတားအဖြစ် ရှုမြင်နေပြီး အစ္စရေးနိုင်ငံကမူ ၎င်းတို့ရှုမြင်မှုများကို ပယ်ချခဲ့သည်။

ဂါဇာနှင့် အစ္စရေးပိုင်နက်နယ်နိမိတ်တို့အား ကာရံထားသည့် ခြံစည်းရိုးကို ဆယ်ကျော်သက်ပါလက်စတိုင်း လူငယ်တစ်ဦးက ဇူလိုင် ၂၆ ရက် ညနေပိုင်းတွင် ကျော်တက်ဝင်ရောက်ခဲ့ကြောင်း အစ္စရေးသတင်းမီဒီယာများ၌ ဖော်ပြသည်။ ၎င်းက အစ္စရေးနိုင်ငံသားသုံးဦးကို ဓားဖြင့်ထိုးခဲ့ကြောင်း၊ ယင်းသို့ ဓားဖြင့်ထိုးခဲ့သည့် ပါလက်စတိုင်းလူငယ်ကို အစ္စရေးလက်နက်ကိုင်တပ်ဖွဲ့များက ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်းနှင့် ယင်းမှာ အသက် ၃၁ နှစ်အရွယ်ရှိ ယိုတမ်အိုဗာဒီမာအမည်ရှိသူဖြစ်ပြီး ၎င်းနှင့်အတူ ငယ်ရွယ်သော ကလေးငယ်နှစ်ဦးပါဝင်ကြောင်း အစ္စရေးသတင်းဌာနများက ဖော်ပြသည်။ **အေအက်ဖ်ပီ**



# ရိုဂျိုအား ရောင်းချရန် မန်ယူ အသင့်ရှိဟုဆို

မန်ယူအသင်းသည် လက်စတာစီးတီး အသင်းနောက်တန်းကစားသမား မာကွိုယာ အားခေါ်ယူရန် လက်ရှိနောက်တန်းကစား သမား မားကို့စ်ရိုဂျိုအား ရောင်းချရန်အသင့် ရှိကြောင်း ပြောကြားခဲ့သည်။

အာဂျင်တီးနားကစားသမား ရိုဂျိုသည် မန်ယူအသင်း၏ အမေရိကန်ခရီးစဉ်တွင် ပါဝင်လာခဲ့ခြင်းမရှိဘဲ ယခုတစ်ပတ်မှသာ မန်ယူအသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပြန်လည်ပါဝင်လာခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ယခင်က အဲရစ် ဘိုင်လီ၊ ခရစ်စမောလင်း၊ ဖီးဂျုံးစ်နှင့် လင်ဒီ လော့ဖ်တို့ကိုသာ အသင်းမှ ထွက်ခွာခွင့်ပြုရန် စီစဉ်ထားသော်လည်း လက်ရှိတွင် မားကို့စ် ရိုဂျိုကိုပါ အသင်းမှ ထွက်ခွာခွင့်ပြုမည်ဖြစ် ကြောင်း ပြောကြားလာခဲ့သည်။ မန်ယူအသင်း သည် ရိုဂျို၏ အပြောင်းအရွှေ့နှင့် ပတ်သက်၍ ပေါင်သန်း ၃၀ တောင်းဆိုထားသည်။





# ရုရှားကွင်းလယ်ကစားသမား ဂိုလိုဗင်အား ငါးနှစ်စာချုပ်ဖြင့် မိုနာကိုအသင်း ခေါ်ယူ

မိုနာကိုအသင်းသည် စီအက်စ်ကေအေမော်စကိုအသင်းမှ ရုရှားကွင်းလယ်ကစားသမား ဂိုလိုဗင်အား ပြောင်းရွှေ့ကြေးအမြောက် အမြားဖြင့် ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူလိုက်ပြီ ဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ဂိုလိုဗင်သည် ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများပြုလုပ် ခဲ့သော်လည်း ၂၀၁၈-၂၀၁၉ ဘောလုံးရာသီမစတင်မီ နှစ်ပတ်အလို တွင် ပြင်သစ်ကလပ် မိုနာကိုအသင်းသို့ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်သည်။

မိုနာကိုအသင်းသို့ ပြောင်းရွှေ့ခဲ့ရခြင်းမှာ မိမိအတွက်တော့ စွန့်စား ခန်းတစ်ခုကို စတင်လိုက်ခြင်းဖြစ်ကြောင်းလည်း အသက် ၂၂ နှစ် အရွယ်ရှိ ကွင်းလယ်ကစားသမား ဂိုလိုဗင်က ပြောကြားခဲ့သည်။

ကွင်းလယ်ကစားသမား ဂိုလိုဗင်သည် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ တွင် ရုရှားအသင်း၏ အဓိကအားထားရသည့်ကစားသမားတစ်ဦး ဖြစ်ခဲ့ပြီး ရုရှားအသင်းကိုလည်း ကွာတားဖိုင်နယ်အဆင့်အထိ တက် လှမ်းနိုင်အောင်စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

မိုနာကိုအသင်းက ဂိုလိုဗင်အား ခေါ်ယူနိုင်ခဲ့ခြင်းမှာ အသင်းဥက္ကဋ္ဌ နှင့် အမှုဆောင်အရာရှိတို့၏ စိတ်ဝင်စားမှုကြောင့် ခေါ်ယူနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်

## ဘောလုံးလောက သတင်းတိုများ

- ချယ်လ်ဆီးအသင်းသည် အဲဗာတန်အသင်းမှ ဂိုးသမား ဂျော်ဒန်ပစ်ဖို့ဒ်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။
- **မန်ယူအသင်းသည် လက်စတာစီးတီး နောက်တန်းကစားသမား မာကွိုယာအား ပြောင်းရွှေ့ကြေးပေါင်သန်း ၈၀ အထိပေး၍ ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။**
- ချယ်လ်ဆီးအသင်းနည်းပြ ဆာရီသည် တိုက်စစ်မှူး ဟာဇက်အား အသင်းတွင်ဆက်ရှိရန်အတွက် အသင်းခေါင်းဆောင်အဖြစ်ခန့်အပ်မည်ဖြစ်ကြောင်း သိရသည်။
- **ခရစ္စတယ်ပဲလေ့အသင်းသည် တိုက်စစ်မှူး ဒန်နီအင့်အား စာချုပ်ချုပ်ဆိုခေါ်ယူလိုသော်လည်း လီဗာပူးအသင်းက အဆိုပါကစားသမားအား ပေါင်သန်း ၂၀ ပေး၍ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။**
- ဂျူဗင်တပ်အသင်းသည် နောက်တန်းကစားသမား ရူဂါနီအား ချယ်လ်ဆီးအသင်းသို့ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။
- **နယူးကာဆယ်အသင်းသည် မိန့်ဇ်အသင်းမှ ဂျပန်အသင်းတိုက်စစ်မှူး ယိုရှီနိုရီမူတိုအား ပြောင်းရွှေ့ကြေးပေါင် ၁၀ သန်းဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။**

# ရုရှားအသင်းနည်းပြ ချာချီဆော့ဗ်အား နှစ်နှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ချုပ်ဆို

ရုရှားအသင်းသည် နည်းပြ ချာချီဆော့ဗ်အား ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အကောင်းဆုံးရလဒ်ထွက်ပေါ်ခဲ့ခြင်း ကြောင့် စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ် ကြောင်း သိရသည်။

ရုရှားအသင်းသည် အိမ်ရှင်အဖြစ်ကျင်းပခွင့်ရရှိခဲ့ သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စု(A)တွင် ဥရုဂွေးအသင်း၏ နောက်တွင် အုပ်စုဒုတိယနေရာမှ အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ခဲ့သည့်အပြင် ကွာတား ဖိုင်နယ်အဆင့်အထိပင် တက်လှမ်းနိုင်ခဲ့ခြင်းကြောင့် နည်းပြချာချီဆော့ဗ်ကို နှစ်နှစ်သက်တမ်းတိုးခဲ့ခြင်းဖြစ် သည်။

နည်းပြချာချီဆော့ဗ်ဦးဆောင်လာသည့် ရုရှားအသင်း သည် ၁၆ သင်းအဆင့်တွင် စပိန်အသင်းကို အနိုင်ကစား နိုင်ခဲ့ခြင်းမှာ ဆိုဗီယက်ခေတ်အလွန် အနေအထားအရ အကောင်းဆုံးရလဒ်ဖြစ်ခဲ့ပြီး ကွားတားဖိုင်နယ်အဆင့် တွင် ခရိုအေးရှားအသင်းကို ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခဲ့ရ ခြင်းဖြစ်သည်။

ယင်းသို့ ပြိုင်ပွဲမှ ထွက်ခဲ့ရသော်လည်း ရုရှားနိုင်ငံ သမ္မတ ဗလာဒီမာပူတင်က ရုရှားနိုင်ငံလက်ရွေးစင် အသင်း၏ အောင်မြင်မှုအတွက် ကရင်မလင်နန်းတော် တွင် ဂုဏ်ပြုပွဲဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြောင်းလည်း သိရသည်။






# ဟာဇက်၏ အပြောင်းအရွှေ့နှင့် ပတ်သက်၍ ပေါင်သန်း ၂၀၀ အထိ ချယ်လ်ဆီး သတ်မှတ်

ချယ်လ်ဆီးအသင်းသည် တိုက်စစ်မှူး ဟာဇက်ကို ရောင်းချရန် မရှိသော်လည်း ၎င်း၏ အပြောင်းအရွှေ့နှင့် ပတ်သက်၍ ခေါ်ယူရန်ဆန္ဒရှိနေသည့်အသင်းများအား ပြောင်းရွှေ့ကြေးပေါင်သန်း ၂၀၀ အထိတောင်းဆိုထား ကြောင်း သိရသည်။

နည်းပြဆာရီ၏ နည်းဗျူဟာကြောင့် ကွင်းလယ် ကစားသမား ဝီလီယံအား ဘာစီလိုနာအသင်းသို့ ရောင်းချ မည့်ကိစ္စပျက်ပြယ်ခဲ့ရသည့်အပြင် တိုက်စစ်မှူး ဟာဇက် ကိုလည်း ရောင်းချရန်မရှိကြောင်း ချယ်လ်ဆီးအသင်းက ပြောကြားထားသော်လည်း ဟာဇက်၏ တန်ဖိုးကို ပေါင် သန်း ၂၀၀ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ချယ်လ်ဆီးအသင်းက ဟာဇက်အား ရောင်းချရန်ဆန္ဒမရှိသော်လည်း ဟာဇက်ကမူ စာချုပ်သစ် ချုပ်ဆိုရန် ဆန္ဒမရှိကြောင်း ပြောကြားခဲ့သည်။ ထို့ကြောင့် ချယ်လ်ဆီးအသင်းက တိုက်စစ်မှူး ဟာဇက်အား တစ်ပတ် လုပ်ခလစာပေါင် သုံးသိန်းဖြင့် စာချုပ်သစ်တစ်ရပ်ထပ်တိုး ချုပ်ဆိုရန် ကမ်းလှမ်းထားကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် နောက်တန်းကစားသမား များဖြစ်ကြသည့် ရူဂါနီနှင့် ကယ်လ်ဒါရာတို့အား ခေါ်ယူရန်ရှိနေပြီး တိုက်စစ်မှူး ဟီဂူအင်ကိုလည်း ခေါ်ယူ ရန် ဆွေးနွေးလျက်ရှိကြောင်းသိရသည်။ ချယ်လ်ဆီး အသင်းသည် ဟီဂူအင်ကို ခေါ်ယူရန်အတွက် အေစီမီလန် အသင်းနှင့် အပြိုင်ကြိုးပမ်းနေရကြောင်း သိရသည်။

# ဖားကန့်မြို့နယ်၌ ကျောက်စိမ်းလုပ်ကွက် ကမ်းပါးယံပြိုကျမှုမှ သေဆုံးသူရုပ်အလောင်း ၂၂ လောင်း ရှာဖွေတွေ့ရှိ

**ဖားကန့် ဇူလိုင် ၂၈**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ကျောက်စိမ်းလုပ်ကွက် ကမ်းပါးယံပြိုကျ၍ ပျောက်ဆုံးသူ ၂၇ ဦးရှိသည့်အနက် ယနေ့မွန်းတည့် ၁၂ နာရီထိ သေဆုံးသူရုပ်အလောင်း ၂၂ လောင်းကို ရှာဖွေတွေ့ရှိပြီးဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၄ ရက် နံနက် ၅ နာရီက မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မမုံကျေးရွာအနီးရှိ ဧရာရတနာ ကျောက်မျက်ကုမ္ပဏီလုပ်ကွက်အဟောင်း၏ အမြင့်ပေ ၅၀၀ ခန့်ရှိ ကမ်းပါးယံ ပြိုကျခဲ့၍ ဆိပ်မူရဲကင်းစခန်းမှ ရဲအုပ်အောင်ဇင်ကျော် ဦးစီးတပ်ဖွဲ့ဝင်များ၊ ဖားကန့်မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ဖားကန့်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကမ်းပါးယံပြိုကျမှုကြောင့် ရေမဆေးကျောက်ရှာဖွေသူ ၂၇ ဦး ပျောက်ဆုံးနေကြောင်း မိသားစုများ၏ စာရင်းပေးသွင်းမှုမှတ်တမ်းများအရ သိရပြီး ဇူလိုင် ၂၆ ရက်မှစတင်၍ ၎င်းကမ်းပါးယံအောက်ရှိ ရေအိုင် အတွင်းမှ သေဆုံးသူရုပ်အလောင်းများ ရှာဖွေတွေ့ရှိခဲ့ရာ ယနေ့မွန်းတည့် ၁၂ နာရီအထိ ရုပ်အလောင်း ၂၂ လောင်း ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မိုင်းဆတ်-မိုင်းခုတ်လမ်း ယာဉ်များသွားလာနိုင်ပြီ

**မိုင်းဆတ် ဇူလိုင် ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခုတ်မြို့ မိုင်းဆတ်-မိုင်းခုတ်သွားလမ်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုပြီး ကားလမ်းပိတ်ဆို့နေမှုကို လမ်းဦးစီးဌာနမှ ဘက်ဟိုးယာဉ် နှစ်စီး၊ loader ယာဉ်တစ်စီးတို့ဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၁၁ နာရီခွဲက ယာဉ်များသွားလာနိုင်ပြီဖြစ်ကြောင်းနှင့် မြေပိပျောက်ဆုံးသူ လမ်းလုပ်သားသုံးဦးအနက် ကျန်ရှိသူအလောင်းအား ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုင်းဆတ်-မိုင်းခုတ်သွားလမ်းမ ရှုခင်းသာ(၂)ကျေးရွာအနီးနှင့် လွယ်ဆောင်ကျေးရွာအနီးတို့တွင် မြေပြိုပြီး ကားလမ်းများပိတ်ဆို့ခဲ့ကြောင်း၊ သဲတောင်(၃၈) ကီလိုမီတာတွင် လမ်းအလုပ်သမားများနေထိုင်သည့် ရွက်ဖျင်တဲပေါ်သို့ မြေသားများပြိုကျ၍ မြေပိပျောက်ဆုံးသူ လမ်းလုပ်သားသုံးဦးအနက် ဦးစိုးပိုင်နှင့် ဦးဇော်ဦးတို့အလောင်းကို ဇူလိုင် ၂၇ ရက် ညနေပိုင်းက ရှာတွေ့ခဲ့ကြောင်း၊ ကျန်ရှိသူ ဦးတင်လင်း၏အလောင်းကို ယနေ့နံနက် ၁၁ နာရီက ရှာဖွေတွေ့ရှိသဖြင့် မိုင်းခုတ်မြို့ရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

ယခုအခါ မြေပြိုလမ်းပိတ်ဆို့မှုများ ရှင်းလင်းပြီးဖြစ်၍ ယာဉ်များသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၈**

ရှင်ဗွေယန် နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၆ ရက် နံနက် ၁၁ နာရီတွင် တနိုင်းမြို့နယ် ရှင်ဗွေယန်မြို့ အမှတ် ၃ ရပ်ကွက် ဈေးရှေ့၌ ရပ်ထားသည့် ယာဉ်မောင်း စိုးညွန့်မောင်၏ မော်တော်ယာဉ်ကိုရှာဖွေရာ ဘိန်းဖြူ အလေးချိန် ၁၁၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၁၀ ကို လည်းကောင်း၊ အလားတူ မြစ်ကြီးနား နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက်၌ မယိန်းထန့် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ၎င်း၏အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကို လည်းကောင်း၊ ဇူလိုင် ၂၇ ရက် ညနေပိုင်းက မူးယစ်တပ်ဖွဲ့စု ၂ မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် ဝဏ္ဏကျော်ထင်လမ်းတွင် မနန်းယဉ်ယဉ်မွန်အား တွေ့ရှိရှာဖွေရာ ၎င်း၏ အင်္ကျီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၂ ပြား၊ လက်ကိုင်ဖုန်း တစ်လုံးနှင့် ခရီးဆောင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၇၈၄ ပြားတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။



**စိုးညွန့်မောင်၊ မယိန်းထန့်နှင့် မနန်းယဉ်ယဉ်မွန်တို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီခွဲက ပင်လည်ဘူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လည်ဘူး-ဗန်းမောက်သွားကားလမ်းတွင် သန်းမောင်နှင့် ရန်နောင်တို့နှစ်ဦးအား ဆာလာအိတ်တစ်အိတ်နှင့်အတူတွေ့ရှိ၍ စစ်ဆေးစဉ် ဆာလာအိတ်အတွင်းမှ ဘိန်းစိမ်း အလေးချိန် ၁၁ ဒသမ ၆၇၅ ကီလိုကို လည်းကောင်း၊ အလားတူ ဇူလိုင် ၂၆ ရက် ညပိုင်းတွင် ကျောက်ဂူ နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့နယ် ကွန်ဟန်းကျေးရွာ ရပ်စောက်-နောင်ချိုသွားကားလမ်း၌ မောင်ငယ် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၇၂ ပြားနှင့် ဘိန်းစိမ်း ၁၁၄ ဒသမ ၁ ဂရမ်၊ ဆိုင်ကယ် ဘေး၌ချည်ထားသည့် တူမီးသေနတ်တစ်လက်၊ လွယ်အိတ်အတွင်းမှ ယမ်းမှုန့် ငါးကျပ်သား၊ ခဲသီး ၁၄ လုံးတို့ကို လည်းကောင်း။

နမ့်စလပ် နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက သိန္နီမြို့နယ် နားတီးကျေးရွာနေ မကွမ်းဇယ်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၇၆ ပြားနှင့် ဘိန်းစိမ်း ၆၀ ဂရမ်တို့ကို လည်းကောင်း၊ နမ့်ခမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်း-မိုင်းဝီးသွားကားလမ်းတွင် ကျော်သန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဆိုင်ကယ်ခွကြားရှိ ဆာလာအိတ်အတွင်းမှ ဘိန်းဖြူ အလေးချိန် ၅၂၈ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်၌ ဝရိန်ဆော်စဉ် ဓာတ်ငွေ့ပိုက်ပေါက်ကွဲ

**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တည်ငြင်းကုန်းရပ်ကွက် စက်မှုဇုန် ၃ ရှိ အသားငါးများ အအေးပေးသော အမိုးနီးယားဓာတ်ငွေ့လှောင်ကန်ပေါ်၌ ဇူလိုင် ၂၆ ရက် ညနေ ၄ နာရီခွဲက မြို့သစ်(ဂ)ရပ်ကွက်နေ မျိုးကျော်အောင်နှင့် ရဲမိုးအောင်တို့နှစ်ဦးသည် ကွန်ပရက်ဆာတပ်ဆင်ရန် အမိုးနီးယားပိုက်ဆက်အား ဝရိန်ဆော်စဉ် အမိုးနီးယားဓာတ်ငွေ့ပိုက်လိုင်းပေါက်ကာ ဓာတ်ငွေ့ယိုစိမ့်၍ ၎င်းတို့နှစ်ဦးတွင် ဒဏ်ရာများရရှိခဲ့သည်။ အဆိုပါဖြစ်စဉ်ကြောင့် အင်းစိန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ကရင်ပြည်နယ် ကော့ကသောင်ရေတံခွန်တွင် လူငယ်တစ်ဦး ရေနစ်သေဆုံး

**ဘားအံ ဇူလိုင် ၂၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ကသောင်ကျေးရွာရေတံခွန်တွင် လူငယ်တစ်ဦးရေချိုးရာမှ ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၇ ရက်က ကော့ကသောင်ကျေးရွာ ရေတံခွန်တွင် လူငယ်တစ်ဦး ရေချိုးရာမှ ရေနစ်ကာသတိလစ်သေဆုံးခဲ့ကြောင်း သတင်းအရ အိန္ဒူနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသွားရောက်စစ်ဆေးခဲ့ရာ မောင်ရှင်းသန့်အောင် အသက်(၁၄)နှစ် ရတနာဒီပအမှတ် ၉ ရပ်ကွက် ဘားအံမြို့နေသူဖြစ်ပြီး သူငယ်ချင်းများနှင့်အတူ အဆိုပါရေတံခွန်သို့ သွားရောက်ရေချိုးရာမှ ရေနစ်သွားသဖြင့် အနီးရှိ ရွာသူရွာသားများက ဝိုင်းဝန်းဆယ်ယူပြီး ဘားအံ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သော်လည်း ဆေးရုံသို့ရောက်ရှိစဉ် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၅၅ စီး၊ သွင်းကုန် ၉၁၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၇ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉ ဒသမ ၉၈၃ သန်းခန့်) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၂၇ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် MITSUBISHI FUSO EXPRESS ယာဉ်တစ်စီးပေါ်တွင် အံ့ဝှက်ပြုလုပ်၍ သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ ၁ ဒသမ ၆၆၁ တန်နှင့် အဆိုပါ ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉ ဒသမ ၉၈၃ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘူးသီးတောင်မြို့နယ်တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၈**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်သူဝင်း ဦးစီးသည့် ပူးပေါင်းအဖွဲ့က သတင်းအရ ဇူလိုင် ၂၇ ရက် ညနေ ၅ နာရီခွဲက မြို့သစ်ရပ်ကွက် ပန်းဇင်ချောင်းတံတားအနီးတွင် ဆိုက်ကပ်ထားသော ပေါက်တောမြို့နယ် ဆားပြင်ကျေးရွာနေ ဦးကျော်ဝင်းမောင်ပါ သုံးဦးလိုက်ပါလာသည့် စက်လှေကိုရှာဖွေရာ စက်လှေပေါ်မှ တရားမဝင်သစ်ခွဲသား မျိုးစုံ ၁၄ တန် သိမ်းဆည်းရမိခဲ့သောကြောင့် ဦးကျော်ဝင်းမောင်ပါ သုံးဦးအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ကလေးဝမြို့နယ်တွင် လူတစ်ဦး ဓာတ်လိုက်သေဆုံး

**နေပြည်တော် ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီက ဓာတ်လိုက်၍ သေဆုံးသွားသူတစ်ဦး ရောက်ရှိလာကြောင်း သတင်းအရ ကလေးဝမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ကြသည်။

သေဆုံးသူမှာ သစ်ချောင်းကျေးရွာနေ သန်းစိုး(၃၆)နှစ်ဖြစ်ပြီး ၎င်းသည် ကျောက်မီးသွေးစက်ရုံ၌ ရေချိုးနေစဉ် မိုးကာရေကန်အတွင်းမှ ရေများအား သောက်သုံးရေကန်သို့ မော်တာဖြင့်ရေတင်နေသော ရေမော်တာရှိ ဝါယာကြိုးပေါက်ပြီး ဓာတ်လိုက်သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။

**ကိုရဲ**

■

# မြန်မာ့ရုပ်မြင်သံကြား

**၂၉-၇-၂၀၁၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် (ကြည်ညိုဖူးမြော်ဖွယ် ဆံတော်ရှင်ဆူးလေစေတီတော်) |
| ၈း၄၅ | "လှမ်းလာခဲ့ပါ သစ်တောနှင့်သဘာဝ ဝန်းကျင်ပြတိုက်တည်ရှိရာ" |
| ၉း၂၅ | ဇာတ်လမ်းအတိုအထွာပြိုးစရာ "ဘယ်သူ့အပြစ်လဲ"(ဆလိုင်းလွမ်း၊ ကံမိုးဆန်း၊ အောင်ကျော်ကျော်၊ သဲဆုဇော်) (ဒါရိုက်တာ - ဆလိုင်း မျိုးဝင်းအောင်) |
| ၉း၃၅ | MRTV Travelogue |
| ၁၀း၀၀ | Sunday Talk |
| ၁၀း၃၀ | မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ |
| ၁၁း၀၀ | လှပစုံလင်အာဆီယံတစ်ခွင် |
| ၁၁း၀၅ | ကဗျာရိပ်မြုံ "ဖိုးဝရုပ်" |
| ၁၁း၃၅ | ကျန်းမာရေးမဂ္ဂဇင်း "အရေပြားထူ လေးဖက်နာရောဂါ အကြောင်း သိကောင်းစရာ" |
| ၁၂း၃၀ | This Week's Special Interest |
| ၁၂း၄၅ | မြန်မာဂန္ထဝင်ရုပ်ရှင် "မြေမှာပွင့်သောမေတ္တာပန်း" (ကောလိပ်ဂျင် နေဝင်း၊ စိုးရွှေ၊ ဝါဝါဝင်းရွှေ) (ဒါရိုက်တာ - မြင့်မောင်) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ | ရင်ထဲကလက်မှုပညာ "နွားလှည်းဘီးအကြောင်း" |
| ၁၇း၀၅ | Sunday Talk |
| ၁၇း၃၀ | "စာပေအနုပညာဖွံ့ဖြိုးတိုးတက်ရေး အတွက်စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့၏အရေးပါပုံ" |
| ၁၈း၂၀ | လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "သာမော်ရှုမဝသည်ပွေးလှ" |
| ၁၈း၃၅ | "မြန်မာ့သမိုင်းအဖွဲ့နှင့်သုတေသနဌာနဖြစ်တည်လာမှုနှင့်ဖြတ်သန်းလာခဲ့သောကာလမှအနာဂတ်ဆီသို့" |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း - ၁၀) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | In & Out "ချင်းမိုင်၊ ချင်းရိုင်ခရီးစဉ်" (အပိုင်း-၂) (လေးဖြူနှင့်အဖွဲ့) - နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ"(အပိုင်း-၇) - "တေမိယဇာတ်တော်ကြီး" |

**- အစီအစဉ်ပြီး၏။**

# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ(၆၈)



ကြည်လွင်မြင့် (မုဒြာ)
www.facebook.com/
Kyi-Lwin-Myint-Mudra

**ဆရာကြီးရှင့်၊ ခုတလော (fb)မှာ ခေတ်စားနေတဲ့ ဆေးအိုးပုတ်ပင်အကြောင်း သိလိုပါတယ်။ လည်ချောင်းကင်ဆာ၊ လျှာကင်ဆာ၊ ပါးစပ်အတွင်းအပူနာ၊ ရေယုန်အနာများ ပျောက်တယ်ဆိုတာ မှန်ပါသလားရှင့်။**

ဆေးအိုးပုတ်က သွေးပူ၊ လေပူနာများ၊ အသံပျက်၊ အသံဝင်၊ အသံငုတ်၊ လျှာအပူလောင်နာ၊ လျှာမကွဲရုနာ၊ လေငန်းရောဂါများ ပျောက်ကင်းတယ်လို့ ရှေးဆရာကြီးများ ပေစာမှတ်စုများမှ ဖတ်ရှုရဖူးပါတယ်။ အချို့ကလည်း သွေးချို၊ ဆီးချိုကျတယ်လို့ ပြောပါတယ်။ ကင်ဆာရောဂါဆိုတာတော့ အနောက်တိုင်းဆရာဝန်များ အခေါ်အဝေါ်ဖြစ်ပြီး အသားစယူစစ်ဆေးမှ သိရတာပါ။ တိုင်းရင်းဆေးကျမ်းများမှာ ကင်ဆာအခေါ်အဝေါ် မရှိပါ။ ပါးစပ်နှင့် လည်ချောင်းမှာ အပူကန်နာဖြစ်တိုင်းလည်း ကင်ဆာမဟုတ်ပါ။ အမှန်တကယ် ကင်ဆာဟု ဆရာဝန်များ သတ်မှတ်ပြီဆိုရင်လည်း ဆေးမြီးတိုနှင့် မကုဘဲ စနစ်တကျ ကုသမှုခံယူပါ။ ဆေးအိုးပုတ်ပင်ကို မိုးများသောဒေသနှင့် အေးသောအရပ်ဒေသများမှာ တွေ့ရလေ့ရှိပါသည်။ ခရမ်းရောင်ပန်းပွင့်ပွင့်ပြီး အသီးမှာ အိုးပုတ်ကလေးသဏ္ဌာန်ရှိတဲ့အတွက် ဆေးအိုးပုတ်လို့ ခေါ်ပါတယ်။ ရှားရှားပါးပါးအဖြူရောင်ပွင့်တာလည်းရှိပါတယ်။ ကျောက်တောင်၊ ကျောက်စရစ်များကြားမှာလည်း တွေ့ရတတ်ပါတယ်။ အချို့အရပ်များမှာ ကလေးများက အသီးကို စားလိုက်တဲ့အခါ လျှာမှာ မည်းပြီးကျန်ခဲ့တဲ့အတွက် လျှာမည်းသီးလို့လည်း ခေါ်ပါတယ်၊ လည်ချောင်းနာ၊ အသံဝင်ရောဂါအတွက် ကောင်းတယ်။ ရွှေဥမင်ဆရာတော်ကြီးပေးတဲ့ ဆေးနည်းဆိုပြီး နာမည်ကြီးပါတယ်။ နာမည်ကျော် အဆိုတော်အမျိုးသမီးကြီးတစ်ဦးကလည်း ဆေးအိုးပုတ်ပင် ပဥ္စင်းပါးကို ပြုတ်သောက်ပြီး နိုင်ငံခြားမှာသွားပြပြီး ခွဲစိတ်ကုသရမယ့် အသံကြော (vocal-cord) မှာဖြစ်တဲ့ အလုံးငယ်လေး (ကင်ဆာမဟုတ်ပါ) ပျောက်ပြီး ခွဲစိတ်ကုသခြင်း မပြုရဘဲ အသံဝင်ရောဂါ ကိုယ်တွေ့ပျောက်ဖူးကြောင်း မျှဝေထားတာတွေ့ရပါတယ်။ ဆေးအိုးပုတ်ပင်ကို ပြုတ်သောက်လိုလျှင် ရေစင်အောင်ဆေး နေရိပ်တွင် အခြောက်ခံထားပြီး သုံးခွက်တစ်ခွက်တင် ကျိုသောက်နိုင်ပါသည်။ ရေနွေးကြမ်းသောက်သကဲ့သို့ တစ်နေ့လျှင် အကြမ်းပန်းကန်ဖြင့် ၄-၅ ခွက် သောက်နိုင်ပါသည်။ ဘေးထွက်ဆိုးကျိုး မတွေ့ရဘူးပါ။ ရောဂါအနုအရင့်အလိုက် အချိန်ကြာကြာတော့ သောက်ရပါလိမ့်မည်။ ထားဝယ်၊ မောင်းမကန်ဒေသ၊ ပုလောဒေသ၊ သထုံ မြသပိတ်တောင်ဒေသ၊ သန်လျင်ကျောက်တန်း၊ လှည်းကူးမြို့နယ် ကွန်းကုန်းဒေသများတွင် တွေ့ရသည်။ မန္တလေး (ပြင်ဦးလွင်အဆင်း အောင်ချမ်းသာတွင် ပျိုးပင်များရောင်းချသည်ဟု သိရပါသည်)

**မင်္ဂလာပါဆရာကြီးခင်ဗျာ။ တစ်ခုလောက်မေးပါရစေ။ စပါးကြီးသည်းခြေနဲ့ ဝက်ဝံသည်းခြေ လာရောင်းလို့ ဝယ်ထားလိုက်ပါတယ်။ ပျားရည်မရှိလို့ ပဲဆီနဲ့ စိမ်ထားပါတယ်။ ဘယ်လိုအာနိသင်ရှိပြီး ဘယ်လိုအသုံးပြုရမယ်ဆိုတာ မသိလို့ လမ်းညွှန်ပြောပြပေးပါခင်ဗျာ။ အာရုံကြောအားနည်းသူတွေအတွက်ရော ကောင်းပါသလားခင်ဗျာ။ ကောင်းရင်ဘယ်လိုအသုံးပြုရမလဲ ပြောပြပေးပါခင်ဗျာ။**

စပါးကြီးသည်းခြေရဖို့ ခဲယဉ်းပါတယ်။ ရိုးရိုးမြွေသည်းခြေနဲ့ မှားတတ်ပါတယ်။ ညို့ကြိုးပါ-မပါ၊ သည်းခြေအရောင် စိမ်းဝါရောင် ဟုတ်-မဟုတ် စက္ကူပေါ် သုတ်ပြီးစစ်ရပါတယ်။ ရေမှာ အစက်ချချင်ရင် ပြန့်မသွားဘဲ အောက်ငုပ်သွားလျှင် စပါးကြီးသည်းခြေအစစ်လို့ ပြောပါတယ်။ အခြားဆေးနည်းတွေလည်း အရပ်ဒေသအလိုက် အများကြီးရှိပါတယ်။ ဝက်ဝံသည်းခြေက ပိုပြီးရှားပါတယ်။ ဆိတ်သည်းခြေ၊ သိုးသည်းခြေ၊ နွားကလေးသည်းခြေတွေနဲ့ ညာရောင်းလေ့ ရှိတတ်ပါတယ်။ စပါးကြီးသည်းခြေကို သတိလစ်၊ မေးခိုင်၊ လေငန်း၊ လျှာလေဖြတ်၊ အာသီးရောင် ရောဂါတွေအတွက်သုံးပါတယ်။ ပျားရည်၊ ပဲဆီ၊ နှမ်းဆီတို့နှင့် မစိမ်ဘဲ အခြောက်အတိုင်း သိမ်းထားရင်လည်း ဖောက်လိုက်ရင် သည်းခြေအစိုထွက်လာပါတယ်။ ထိုအရည်နဲ့ လျှာနဲ့ အာခေါင်ရင်းကိုပွတ်ပြီး လူနာသတိရလာတာ လက်တွေ့တွေ့ဖူးပါတယ်။ ဝက်ဝံသည်းခြေကိုတော့ အဘိညာဉ်ခေါ် အစွမ်းထက်တန်ဖိုးကြီး သည်းခြေဆေးဖော်ရာမှာ ထည့်သွင်းအသုံးပြုပါတယ်။ သတိလစ်၊ အကြောကပ်၊ သည်းခြေရှူး၊ သူငယ်ပြန်ရောဂါများအတွက် အစွမ်းထက်သောဆေးဖော်ရာမှာ ထည့်သွင်းအသုံးပြုလေ့ရှိပါတယ်။

**ဆရာ မင်္ဂလာပါရှင့်။ ကျွန်မက ဆရာ့စာဖတ်ပရိသတ်တစ်ဦးပါ။ မေးချင်တာလေးရှိလို့ပါရှင့်။ နွားနို့နဲ့ ဒိန်ချဉ် နှစ်မျိုး၏ ကွဲပြားသော အကျိုးကျေးဇူးကို သိချင်ပါတယ်ရှင့်။**

နွားနို့စစ်စစ်မှာ အားဖြစ်ပေမယ့် အကြောပိတ်စေနိုင်တဲ့ ပထဝီဓာတ်လွန်ကဲပါတယ်။ ဒိန်ချဉ်ကတော့ တေဇောဓာတ်ဝင်ပြီး အချဉ်ဖောက်ပြီးသားဖြစ်လို့ အစာကြေလွယ်ပြီး အကြောမပိတ်စေပါ။

**ဆရာရှင့်၊ ကျွန်မညီမလေး ချောင်းဆိုးနေတာကြာပါပြီ။ အခုဆေးရုံမှာ ပြပြီး ဓာတ်မှန်ရိုက်ပြီးပါပြီ။ အဖြေက ရိုးရိုးအဆုတ်အအေးပတ်တာလို့ပဲ ပြောပါတယ်။ ဆေးလည်းသောက်နေပါတယ်ရှင့်။ ဒါပေမယ့် ချောင်းဆိုးတာ မပျောက်ဘူး။ အချွဲတွေလည်း ထွက်တယ်ဆရာ။ သောက်ဆေးညွှန်ကြားပေးပါ ဆရာရှင့်။**

နာတာရှည်အဆုတ်ပွတာအတွက် ပတဲကောကြီးပြုတ်ရည်က အကောင်းဆုံးပါ။ ရေနွေးကြမ်း သောက်သလို ရေဆာတိုင်းသောက်ရပါမယ်။ ပျားရည်အနည်းငယ် (သို့မဟုတ်) သကြားအနည်းငယ် ထည့်သောက်ရင်လည်းရပါတယ်။ ပတဲကောပင်မသိရင် အခြောက် ပရဆေးဆိုင်တွေမှာ ဝယ်ရင်ရပါတယ်။

**ဆရာမင်္ဂလာပါ။ ကျွန်တော် ဖနောင့်နင်းမရအောင် နာနေတာပါ။ အလုပ်က ရှူးဖိနပ် အမြဲစီးရပါတယ်။ ကျေးဇူးပြု၍ ဆေးနည်းလေးညွှန်ကြားပေးပါခင်ဗျ။**

ရေမချိုးမီ ဆားကြမ်းပုံပြီး နင်းပေးပါ။ ရဲယိုရွက်ရနိုင်ရင် မီးကင် ဖနောင့်မှာကပ်ပြီး ရှူးဖိနပ်စီးပါ။ ညအိပ်ရာဝင် ဖနောင့်မှာ ပျားရည်သုတ်လိမ်းပြီး ကြွပ်ကြွပ်အိတ်စွတ်ပြီး အိပ်ကြည့်ပါ။ ၃၊ ၄ ရက်စည်းပြီး ဖနောင့်ကျိုးပေါင်းနာ သက်သာသူ လက်တွေ့တွေ့ဖူးသည်။

**ဆရာရှင့်၊ ကျွန်မသားက ငါးနှစ် သုံးလရှိပါပြီ။ ခုတလော နှာခေါင်းသွေးလျှံတာ တစ်လအတွင်း သုံးကြိမ်လောက်ရှိပါပြီ။ အပူများလို့လားဆရာ။ ရေများများချိုးပေးလိုက်ရင် သက်သာသွားပါတယ်။ ကျေးဇူးပြု၍လည်း ဆေးနည်းလေးသိချင်ပါတယ်။**

နားနောက်ခွက်ချိုင့်လေးမှာ ရေခဲကပ်ပေးပါ။ ကျားမနိုင်နွယ်မြစ် သွေးလိမ်းပါ။ (တစ်နည်း) မာလကာရွက် (သို့မဟုတ်) ဩဇာရွက်ကိုချေပြီး ရှူပေးပါ။ နှလုံးကြောင့် သွေးလျှံလျှင် ကံ့ကော်ဝတ်ဆံနှင့် သကြားကိုဖျော် (သို့မဟုတ်) သံပရာရည်ဖြင့် တိုက်ရင် သက်သာစေပါတယ်။ (တစ်နည်း) ကွမ်းရွက်မီးကင် နှမ်းဆီသုတ်ပြီး ရင်ဘတ်နှလုံးနေရာမှာ ကပ်ပေးလျှင် သက်သာစေပါတယ်။

**ဆရာတစ်ခုလောက်မေးပါရစေ။ ကျွန်တော့မှာ ဒူးနာကျိုးပေါင်းဖြစ်နေတာ ကြာပါပြီ။ ဆေးခန်းပြတော့ သောက်ဆေးပေးပါတယ်။ အင်္ဂလိပ်ဆေးကို စွဲမစားချင်ပါဆရာ။ ဒါကြောင့် သက်သာစေမယ့် ဆေးနည်းလေး သိပါရစေဆရာ။**

ကိုယ်ရံကြီးရွက်ကို ပျော့အောင် မီးကင်ပြီး ဒူးတွင်ပတ်၍ နှစ်နာရီကြာစည်းထားပါ။ ယား၍ အဖုများထွက်လာလျှင် သနပ်ခါးကို ဆားနှင့်ရော သွေးလိမ်းပါ။

**ဆရာမင်္ဂလာပါရှင့်။ သမီးအမေက အသက် ၅၅ နှစ်ရှိပါပြီ။ ဆီးချိုရောဂါရှိပါတယ်။ တစ်ခါတစ်ခါ ဆီးချိုတက်လေ့ရှိပါတယ်။ ဆီးချိုကျအောင်သောက်ရမယ့် ဆေးနည်းလေး သမီးကို လမ်းညွှန်ပေးပါဆရာ။**

ဆီးချိုပျောက်ဆေး- ပန်းခါး (ရှမ်းဆေးခါးအပင်အခြောက်) ၂၀ ကျပ်သား + သစ်ကြံပိုးခေါက်အမှုန့် ၁၀ ကျပ်သား ပရဆေးဆိုင်မှာ ရောကြိတ်ခိုင်းပါ။ ကော်ဖီဇွန်းသေးနဲ့ နှစ်ဇွန်းကို ရေနွေးနဲ့ဖျော် နံနက် ည သောက်ပါ။ လက်တွေ့ပျောက်သူများစွာရှိပါတယ်။



**မင်္ဂလာပါဆရာကြီးခင်ဗျာ။ ကျွန်တော့လည်ပင်းက သာမန်ထက်ပိုကြီးနေလို့ ဆေးခန်းပြတော့ လည်ပင်းကြီးရောဂါလို့ ပြောပါတယ်။ ဆေးကုဖို့လည်း အဆင်မပြေလို့ပါဆရာ။ သက်သာပျောက်ကင်းနိုင်မယ့် ဆေးနည်းတိုလေး သိပါရစေဆရာ။ ကျေးဇူးတင်ပါတယ်။**

ဝံအူမြစ်ကို သွေးလိမ်းပါ။ (သို့မဟုတ်) ကျားမနိုင်နွယ်မြစ်ကို သွေးလိမ်းပါ။ နှစ်မျိုးကို တစ်လှည့်စီ လိမ်းလျှင် လည်ပင်းကြီးရောဂါသက်သာစေပါတယ်။ စိတ်ရှည်ရှည် လချီလိမ်းရန်လိုပါသည်။ (တစ်နည်း) ကြောင်ပန်းရွက် ကြပ်ထုပ်ကို မုန်ညင်းဆီလိမ်းပြီးထိုးပေးလျှင်လည်း သက်သာစေနိုင်ပါတယ်။ သစ်ကြံပိုးအမှုန့်ကို ပျားရည်စပ်သောက်ပါ။ နေ့စဉ်ဟင်းစားဇွန်းတစ်ဇွန်း သောက်ပါ။

**ဆရာကြီးရှင့်၊ သမီးအဖေမှာ သည်းခြေကျောက်တည်နေပါတယ်။အဖေက အသက်ကြီးပြီဆိုတော့ ခွဲစိတ်တာတွေမလုပ်ချင်ပါ။ ဒါကြောင့် တိုင်းရင်းဆေးနဲ့ ကုချင်ပါတယ်ရှင့်။ ကျေးဇူးပြု၍ သက်သာပျောက်ကင်းမယ့် ဆေးနည်းလေးပြောပြပေးပါဆရာ။**

သည်းခြေကျောက်တည် - အုန်းစိမ်း(အုန်းသီးအနု) ထိပ်ဖွင့်ပြီး ကျောက်ချဉ်အခဲသေးသေး (ရွှေးစေ့ခန့်) ထည့်ပြီး ခဏစောင့်ပါ။ ပြီးလျှင် မသွန်ဘဲ ပိုက်ဖြင့် စုပ်သောက်ပါ။ နေ့စဉ် ၁၄ ရက် ဆက်သောက်ပါ။ (တစ်နည်း) ကောက်ရိုးခြောက် အဝါရောင်ကို ပြုတ်သောက်(သို့မဟုတ်) လက်ဖက်ခြောက်ကဲ့သို့ ရေနွေးအိုးတွင် ခပ်သောက်လျှင် သည်းခြေကျောက်ကျစေပါတယ်။ (တစ်နည်း) ပေပင်ပေရွက်ကိုပြုတ် နေ့စဉ် မတ်ခွက်တစ်လုံးစာ သောက်ပေးပါက သည်းခြေကျောက်ကျစေပါတယ်။

**မင်္ဂလာပါဆရာ။ ကျွန်တော့မှာ နားထဲက တဝေါဝေါနဲ့ လေတွေထွက်သလို ခံစားရပါတယ်။ အဲလို ဖြစ်ပြီးတဲ့အခါ ခေါင်းမူးလာပါတယ်။ ဘာလုပ်သင့်လဲ ညွှန်ကြားပေးပါဆရာ။ ကျန်းမာပါစေ။**

နားလေထွက်လျှင် ကြက်သွန်နီဥ အရည်ညှစ်ထည့်ပေးပါ။ တရုတ်စံကားပွင့်ကို နားတွင်းပိတ်ဆို့ထားလည်း ရပါတယ်။ အပွင့်ကိုပြုတ်ပြီး အသုပ်သုပ်စားပါ။ ထန်းလျက်နဲ့ ရှောက်သီးကို စားပေးလျှင် ခေါင်းမူးသက်သာစေပါတယ်။

**ဆရာရှင့် ကျွန်မ ခေါင်းပူပါတယ်။ ဗောက်လည်းထပါတယ်။ ခုရက်ပိုင်းဆံပင်တွေ အလွန်ကျွတ်နေပါတယ်။ ခေါင်းထဲကို လက်ချောင်းထိုးထည့်ပြီး ဆွဲလိုက်တာနဲ့ ပါလာပါတယ်။ အဲဒါ ဘယ်လိုလုပ်ရမလဲ ဖြေပေးပါဦးရှင့်။**

ခေါင်းပူအတွက် ဆန်ဆေးရည် အနှစ်ပါအောင်ယူပြီး ဦးခေါင်းတွင် နှံ့အောင်လိမ်းပါ။ ခဏကြာမှ ရေဆေးခေါင်းလျှော်ပါ။ ဗောက်တွေပျောက်ဖို့အတွက် ရှောက်သီးကို အပုပ်ခံထားပြီး ဆားခါးအမှုန့်နဲ့ရော နယ်ပါ၊ ဦးခေါင်းတွင် လိမ်းပါ။ မိနစ် ၂၀ ခန့်ကြာမှ နှစ်သက်ရာ ခေါင်းလျှော်ရည် တစ်မျိုးမျိုးနဲ့ ခေါင်းလျှော်ပါ။ (တစ်နည်း) ရဲယိုသီးအမှည့်ကို အစေ့ဖယ်ပြီး ပျားရည်နဲ့ ရောနယ်ပါ။ ဦးခေါင်းတွင် စိမ့်ဝင်အောင် လိမ်းပြီး နောက် ခဏကြာလျှင် ခေါင်းလျှော်ပါ။ တစ်ပတ်လျှင် သုံးရက်လျှော်ပေးပါက ဗောက်များပျောက်ကင်းနိုင်ပါတယ်။

**မင်္ဂလာပါဆရာ။ ဦးပဥ္စင်းက သက်တော် ၅၀ ရှိပါပြီ။ နံနက်အိပ်ရာထရင် သတိထားမိတာက လက်ဆစ်ခြေဆစ်လေးတွေ ထုံသလိုကျင်သလို လေးသလိုလို ဖြစ်ပါတယ်။ လေငန်းရောဂါဖြစ်မှာ စိုးရိမ်လို့ပါ။ ဘာဆေးစားရမယ်ဆိုတာ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ။ ဘုန်းကြီး အသက်ရှည်ပါစေ။**

လေငန်းရောဂါကာကွယ်ဖို့အတွက် ဆင်တုံးမနွယ်ပါတဲ့ မြန်မာဆေးတစ်မျိုးမျိုးကို ဘုဉ်းပေးပါ။ အသင့်ရောင်းချတဲ့ မြန်မာဆေးဆိုင်တွေမှာ ရရှိနိုင်ပါတယ်။ (သို့မဟုတ်) ဆင်တုံးမနွယ်အမှုန့် ကြိတ်ပြီးသား ပရဆေးဆိုင်များမှ ဝယ်ယူပြီး ပျားရည်နှင့် သမအောင် ရောမွှေတေဆေးပြုလုပ်ထားပါ။ နေရောင်ခြည် ဝင်နိုင်သည့် ဖန်ပုလင်းတွင် ထည့်ပါ။ အပေါ်မှ နှမ်းဆီလက်တစ်လုံးခန့် ထည့်ပြီးအုပ်ထားပါ။ နံနက်၊ ည ဟင်းစားဇွန်း တစ်ဇွန်း ဘုန်းပေးပါ။ ပုလင်းကို နေရောင်ခြည်ပြပေးပါ။ ဆင်တုံးမနွယ်က အကြောလေလျှောက်ဆေး ပျားရည်က အသက်ရှည်ဆေးဖြစ်ပါတယ်။

**ကြွက်နို့သတ်နည်းလေးပြောပြလို့ ရမလားဆရာ။ ကြွက်နို့က အမနဲ့အပွား ဘယ်လိုခွဲရမလဲဆရာ။**

ကြက်သွန်ဖြူကိုလှီးပြီး ထွက်လာတဲ့ အစေးနဲ့ ကြွက်နို့ကိုနာနာပွတ်ပြီး ပလာစတာကပ်ထား။ ရေချိုးလျှင် ပလာစတာအသစ်လဲ လေးရက်ခန့် ဆက်တိုက် ပြုလုပ်။ (တစ်နည်း) မုန်တိုင်းပင်၏ သားတက်ကိုဖွဲ့ ကြွက်နို့ကိုလိမ်းပါ။ (တစ်နည်း) ရွှေးစေ့သွေးလိမ်းပါ။ ရွှေးပင်အမြစ်ကို သွေးလိမ်းရင်လည်းရပါတယ်။ ငါးရက် ဆက်လိမ်းပါ။ ရွှေးစေ့ကို ကိုက်ဝါးခြင်းမပြုရ။ အဆိပ်ရှိသည်။ ကြွက်နို့မှာ ပထမဆုံးပေါက်တဲ့အလုံးက အမပါ။ အကြီးဆုံးအလုံးကလည်း အမဖြစ်နိုင်ပါတယ်။













# ချွေးနဲ့စာသည်သာ သန့်ရှင်း၍ အားရှိသည်

ukdifo

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေပြင်ဆင်ချက် အများအပြားအား အိန္ဒိယ အောက်လွှတ်တော်က ဇူလိုင် ၂၄ ရက်၌ အတည်ပြုပေးလိုက်သည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသော အခါ ကြီးမြတ်ထည်ဝါလှသော ဒီမိုကရေစီ နိုင်ငံကြီးတစ်နိုင်ငံဖြစ်သည့် ယင်းနိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွင် ခလုတ်တံသင်း သဖွယ် ရှိနေသော အကျင့်ပျက်ခြစားမှုကို အခါမလင့်မီ တားဆီးကာကွယ်နိုင်ရန် တာဝန်ရှိသူများ၏ ကြိုးပမ်းချက်များ အသို့ရှိပါသနည်းဟု စေ့ငုမိလေ၏။

အဂတိလိုက်စားမှု တားမြစ်ရေး (ပြင်ဆင်ချက်) ဥပဒေမူကြမ်းကို လော့ခ်ဆာဘား (ဝါ) အောက်လွှတ်တော်က အတည်ပြုပေးခြင်း မရှိမီ အဆိုပါ ဥပဒေ မူကြမ်းကို အထက်လွှတ်တော်က ငါးရက်စော၍ အတည်ပြုပေးခဲ့ပြီးဖြစ်ရာ ဥပဒေအဖြစ် အာဏာသက်ဝင်လာပေတော့မည်။

## နောက်ကျနေပြီ

ဥပဒေပြင်ဆင်ချက် ပြုလုပ်သည်မှာ အချိန်အခါအရပင်လျှင် နောက်ကျနေသည့် လုပ်ဆောင်ချက်အဖြစ် ဝေဖန်မှု အချို့ ပေါ်ထွက်ခဲ့သည်။ လာဘ်ယူသူများကိုသာ အရေးယူ အပြစ်ပေးခဲ့ရာမှ လာဘ်ပေးသူများကိုလည်း အရေးယူ အပြစ်ပေးရန်၊ စွပ်စွဲခံ လူပုဂ္ဂိုလ်များကိုသာမက ကုမ္ပဏီများကိုပါ စွပ်စွဲခွင့်ရှိစေရန် စသည့်အချက်များမှာ ဥပဒေပြင်ဆင်ချက်၏ ထူးခြားချက်များဖြစ်ကြောင်း၊ သို့ရာတွင် ဥပဒေပါ စည်းမျဉ်းပြဋ္ဌာန်းချက် အများအပြားမှာ ပြင်းထန်မှုမရှိဘဲ 'အားပျော့' နေကြောင်း၊ အထူးအားဖြင့် အစိုးရ တာဝန်ရှိသူများအား စုံစမ်းစစ်ဆေးခြင်း ပြုလုပ်မှုနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များဖြစ်ကြောင်း ဥပဒေ လေ့လာ သုံးသပ်သူများက ပြောကြားကြသည်။

တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများကို ဖြစ်စေ၊ အငြိမ်းစားယူပြီး ဝန်ထမ်းဟောင်းများကိုဖြစ်စေ ဗဟိုအစိုးရအဖွဲ့က ထူထောင်ပေးသော အာဏာပိုင်အဖွဲ့တစ်ဖွဲ့၏ သဘောတူခွင့်ပြုချက်မရှိလျှင် ပဏာမ စုံစမ်းစစ်ဆေးမှု ပြုလုပ်ခွင့်မရှိဟု ဥပဒေသစ်တွင် ဖော်ပြထားရာ အစိုးရတာဝန်ရှိသူများအား ယခင်ကထက် ပိုမို၍ အကာအကွယ်ပေးထားသော ဥပဒေသစ်ဟု ဆိုကြလေသည်။

ဥပဒေပြင်ဆင်ချက်များ ပေါ်ထွက်လာခြင်းမရှိမီ လက်မွန်မဆွကမှု စုံစမ်းစစ်ဆေးရေး အရာရှိများအနေဖြင့် စုံစမ်းစစ်ဆေးမှုကို လွတ်လပ်စွာ ပြုလုပ်ခွင့်ရရှိခဲ့ကြသည်။

သို့ရာတွင် ခြွင်းချက်အနေဖြင့် ပူးတွဲအတွင်းဝန် ရာထူးအထက်ရှိ အစိုးရ တာဝန်ရှိသူများအား စုံစမ်းစစ်ဆေးမှုကို လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ဆောင်ကြရသည်။

## ဥပဒေခိုင်းလွှား အကာအကွယ်

အစိုးရတာဝန်ရှိသူတစ်ဦး လာဘ်ယူသည်ကို လက်ပူးလက်ကြပ် တွေ့ရခြင်းမှအပ အခြားသော လာဘ်ပေးလာဘ်ယူကိစ္စများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ရမည်ဆိုသော ပြဋ္ဌာန်းချက်မှာ အစိုးရ တာဝန်ရှိသူများအား ဥပဒေခိုင်းလွှားအရ အကာအကွယ်ပေးမှုကို ချဲ့ထွင်ခြင်းဖြစ်သည်ဆို၏။

လာဘ်ပေးလာဘ်ယူမှု အများစုကိုကြည့်လျှင် လာဘ်ယူသည်ကို လောလောလတ်လတ် လက်ပူးလက်ကြပ် ဖမ်းမိဖို့ဆိုသည်မှာ ဖြစ်မြဲဓမ္မတာမဟုတ်ချေ။ ပင်လယ်ရပ်ခြားရှိ ဘဏ်တစ်ခုခုကို အသုံးပြု၍သော်လည်းကောင်း၊ လူမြင်သူမြင်မခံ 'မသမာကြေး' အပေးအယူလုပ်သည့် ပုံစံဖြင့်သော်လည်းကောင်း တစ်ဆင့်ခံ လာဘ်ပေးလာဘ်ယူပြုမှုများသာလျှင် ရှိနိုင်ပါ၏။

လုပ်ငန်းကန်ထရိုက်ချပေးခြင်းအတွက် အာဏာပိုင်တစ်ဦး၏ မိသားစုဝင်များအား 'ဆုလာဘ်' ပေးခြင်း၊ မတန်မရာ ရာထူးတိုးပေးသူ အရာရှိကိုသူ၏ တပည့်သားမြေးက 'စောင်မကြည့်ရှုခ' ပေးခြင်းစသည်တို့မှာ လုပ်ရိုးလုပ်စဉ် လာဘ်ပေး၊ လာဘ်ယူပြုလုပ်သော နည်းလမ်းများ မဟုတ်ပါလား။ (ဆရာသမားကို လက်ချည်းသက်သက် 'ဩကာသ' လုပ်၍ မသင့်၊ လက်သိပ်ထိုး လာဘ်ပေးမှ သင့်သည်ဆိုသော ယူဆပုံမျိုးဟူပေ)

သိုသပ်လျှို့ဝှက်သော လာဘ်ပေးလာဘ်ယူမှုများကို ဖော်ထုတ်ရသည်မှာ လိုက်တမ်းပြေးတမ်း ကစားပုံမျိုးနှင့် ပမာတူလှပြီး ဖမ်းမိရန် နီးလျက်နှင့် ဝေးနေတတ်သည်။

## လာဘ်ပေးသူ

ဥပဒေဟောင်းအရ လာဘ်ပေးသူများသည် ပြစ်မှုကျူးလွန်သူများအဖြစ် သတ်မှတ်ခံခဲ့ရခြင်းမရှိသော်လည်း ဥပဒေပြင်ဆင်ခြင်းအရ လာဘ်ပေးခြင်းသည်ပင်လျှင် ပြစ်မှုကျူးလွန်ခြင်းအဖြစ် သတ်မှတ်နိုင်ပေပြီ။ သို့ဖြစ်၍ လာဘ်ပေးမှုရော၊ လာဘ်ယူမှုပါ အပြစ်သင့်သည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေစည်းမျဉ်းများ တင်းကြပ်လှပါသည်ဆိုသော အိန္ဒိယနိုင်ငံ၌ စုံစီနဖာ အကျင့်ပျက်ခြစားမှုများမှာ တွေ့ရိုးတွေ့စဉ်ဖြစ်၏။ ဝဝဖီးဖီး စားနေကျ ကြောင်ဖားကြီးများ ရှိတတ်သည်မှာလည်း လောကတံထွာ ဓမ္မတာဖြစ်၏။

အစိုးရ ဌာနများ၏ ဝန်ထမ်းလောကအတွင်း စွတ်ကယ်စွတ်ကယ် စားလားဝါးလား လုပ်တတ်သူများ တိမ်ကောပပျောက်သွားခြင်း မရှိသည့်အတွက် ပြည်သူများမှာ စိတ်ပျက်ငြီးငွေ့လျက်ရှိနေကြပြီး 'ငရုတ်သီးထဲကပိုး အစပ်မကြောက်' ဘိအလား အဂတိတရားနှင့် ယဉ်ပါးနေသူများ ပြဿနာသည် နိုင်ငံရေးသမားများ ရင်ဆိုင်ဖြေရှင်းပေးရမည့် ပြဿနာ၊ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအတွက် အလေးပေး လှုံ့ဆော်ပြောကြားရမည့် ပြဿနာအဖြစ်ရှိလာရပေသည်။

အိန္ဒိယနိုင်ငံ၌ အဂတိလိုက်စားမှုကို ထိန်းချုပ်နိုင်ရေးအတွက် ၁၉၄၇ ခုနှစ် အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေကိုလည်းကောင်း၊ ၁၉၈၈ ခုနှစ် အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းခဲ့သည်ကို လေ့လာတွေ့ရှိရ၏။ ထိုမျှမက အဂတိလိုက်စားမှု မဖြစ်ပေါ်ရေးအတွက် ချိတ်ဆက်ဖော်ပြထားသော အခြားဥပဒေများစွာကိုလည်း တွေ့မြင်နိုင်၏။

## လိုက်စားမြဲ

ဗြိတိသျှ အုပ်စိုးမှုကို နှစ်ပေါင်း ၂၀၀ နီးပါးမျှ ဖြတ်သန်းခဲ့ရသော အိန္ဒိယနိုင်ငံသည် အင်္ဂလိပ်တို့ရေးဆွဲခဲ့သော ဥပဒေအမျိုးမျိုးကို လက်ဝေခံရရှိခဲ့သည့် နိုင်ငံဖြစ်ကာ ဘက်စုံထောင့်စုံမှ ရေးဆွဲပြဋ္ဌာန်းထားသော ဥပဒေများရှိနေသည့်တိုင်အောင် အဂတိလိုက်စားမှုများ မြေပြင်တွင် လိုက်စား မြဲလိုက်စားနေခြင်းမှာ အကျင့်ပျက်မှုကို ကိုယ်တိုင်လက်ခံထားသူများရှိနေခြင်း၊ ဝန်ထမ်းဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများ ရှိပါလျက် လိုက်နာကျင့်သုံးမှု လျော့ရိလျော့ရဲနိုင်ခြင်း၊ အကျင့်ပျက်ခြစားမှုကို ဥပဒေလက်တစ်လုံးခြား လုပ်ကာ ဖုံးကွယ်လျက်ရှိခြင်း၊ ကိုယ်ကျင့်သိက္ခာကို မိမိကိုယ်တိုင် (မိမိ၏ အသိစိတ်ဓာတ်အရ) စောင့်ထိန်းရန် ပျက်ကွက်ခြင်းစသည့် အကြောင်းတရားများအရ ဖြစ်နိုင်သည်ဟု ကျွန်ုပ်တွေးတောမိ၏။

ယနေ့ကာလတွင် အဂတိလိုက်စားမှု ပြဿနာသည် မည်သည့်နိုင်ငံရေးစနစ်ကျင့်သုံးသော နိုင်ငံများတွင်မဟူ ကင်ဆာရောဂါသဖွယ် အနည်းနှင့်အများရှိနေတတ်ပြီး အဂတိလိုက်စားမှုများက သက်ဆိုင်ရာနိုင်ငံရေးစနစ်ကို လှိုက်စား၊ တိုက်စားလျက်ရှိနေ၏။

သန့်ရှင်းသော အစိုးရအဖွဲ့တစ်ရပ်အဖြစ် အခိုင်အမာရပ်တည်ရေးမှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်း၏ ထိရောက်အောင်မြင်မှုအပေါ် မှီတည်နေသည်ဟု ကျွန်ုပ်ယူဆမိပြီး အဂတိလိုက်စားမှု ပွမ်းတီးနေသော နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးကာ အမျိုးသားစီးပွားရေးဘဝတွင် ထိခိုက်နစ်နာရမှုများနှင့် တွေ့ကြုံနေရပေသည်။

အဂတိလိုက်စားမှု ပြဿနာသည် 'သံသရာ'ပမာလည်မိလျှင် မနားတမ်း၊ မရပ်တမ်း လည်ပတ်နေတတ်ပြီး 'သံသရာ' (ဝါ) 'သံသာရ' ကွန်ခြာ အဆက်မပြတ်တရစပ် လည်နေမှုကို ရပ်တန့်သွားစေရန် မဟာဗျူဟာများ ချမှတ်ကျင့်သုံး၍ အရေးယူဆောင်ရွက်သွားရန် လိုအပ်ပေမည်။

လူ့အဖွဲ့အစည်းအတွင်း နေရာဌာနအမျိုးမျိုး၌ အဂတိမှုပွမ်းတီးနေသည်ကို စူးစမ်းလေ့လာကာ မည်သည့် အကြောင်းတရားများက အဂတိမှုများအပေါ် ဖိစီးနေပါသနည်းဟု စောကြောဝေဖန်ရပေမည်။

## ကိုယ်ကျင့်တရားထိခိုက်

အဂတိမှုများသည် 'ဆားငန်ရေနောက်၊ ငတ်တိုင်းသောက်၊ သောက်လေသောက်လေ ငတ်မပြေ' ဟူဘိသို့ လူ့ကိုယ်ကျင့်တရားကို ဖျင်းသိမ်သွားအောင် ပြုလုပ်နေသည့် အခြင်းအရာအဖြစ် ပြည်သူတို့ စိတ်အမှတ်တွင် တံဆိပ်ခတ်နှိပ်ထားသလို စွဲစွဲမြဲမြဲရှိနေစေရေးအတွက် အသိပညာပေးရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားရမည်ဟု ကျွန်ုပ်စေ့ငုမိ၏။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် ပြည်သူတိုင်း၊ ပြည်သူ့ဝန်ထမ်းတိုင်း ပါဝင်ကူညီလိုစိတ် မြင့်မားလာကြပါလျှင် အဂတိမှုများ လျော့ပါးသွားနိုင်ဖွယ်ရှိလိမ့်မည်။ မိမိ၏ ပတ်ဝန်းကျင်တွင် အဂတိလိုက်စားမှုနှင့် ဆက်နွယ်နေသော လှုပ်ရှားမှုများ ရှိ-မရှိ အစဉ်အကဲခတ်နေသင့်ပြီး အဂတိလိုက်စားမှုကို တားမြစ်သူအဖြစ် လှုပ်ရှားဆောင်ရွက်သင့်ကာ မိမိ၏ အနီးဝန်းကျင်တွင် အမှားလုပ်နေသူများရှိနေပါက ဝိုင်းဝန်းဖော်ထုတ်ပေးရပေမည်။

မိမိကိုယ်တိုင် အဂတိမှုမကျူးလွန်လိုသော စိတ်ဓာတ်၊ ပတ်ဝန်းကျင်အတွင်း ကျူးလွန်ခြင်းကိုလည်း လက်မခံလိုသော စိတ်ဓာတ်ကို လူတိုင်းရင်ဝယ် ခိုင်ကျည်စွာ ရှိနေကြမည်ဆိုပါလျှင် "ကျွန်တော်ကတော့ No ပါပဲ" ဟူသော လက်သုံးစကားကို စွဲစွဲမြဲမြဲ သုံးနိုင်ပေမည်။

ဖြောင့်မတ်စွာ ကျင့်ကြံလိုသူများက သူတွေ့မြင်ခဲ့ရသော အဂတိမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရင်ထဲတွင် မျိုသိပ်မထားဘဲ သက်ဆိုင်ရာသို့ သတင်းပို့ တိုင်ကြားနိုင်ရေးအတွက် အလွယ်တကူ တိုင်ကြားနိုင်သော စနစ်များ (ဥပမာ၊ အွန်လိုင်းမှတစ်ဆင့် သတင်းပေးရေးစနစ်) ရှိသင့်ပေသည်။

တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုစသည့် ဒီမိုကရေစီ ယဉ်ကျေးမှု ထွန်းကားလာခြင်းဖြင့်လည်း အဂတိမှုများ လျော့ပါးလာဖွယ်ရှိလိမ့်မည်။

'စာမရှိမျိုး အမွေးတစ်ချောင်း အကျွတ်မခံ' ဟူဘိသို့ မိမိ ကိုယ်ကျင့်တရားကို လူတိုင်း အလေးထားသင့်သည်။ အဂတိလိုက်စားခြင်းသည် ဒုစရိုက်မှုသာဖြစ်သည်ဟု ယဉ်ကျေးသော လူ့အသိုင်းအဝိုင်းကတုံးတုံးချလက်ခံကြသည်။ "ကျွန်ုပ်တို့၏ ကမ္ဘာကြီးသည် ဒုစရိုက်အမှု ပြုသူများ၏ လက်ချက်ကြောင့် ပျက်စီးလိမ့်မည် မဟုတ်၊ ဒုစရိုက်မှုပြုသူများကို ဟန့်တားတုံ့ပြန်ခြင်းမရှိဘဲ လက်ပိုက်ကြည့်နေသူများ၏ လက်ချက်ကြောင့်သာ ပျက်စီးလိမ့်မည်" ဟူသော ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီး အဲလ်ဘတ်အိုင်းစတိုင်း၏ အဆိုအမိန့်တစ်ရပ်ကို ကြားယောင်မိရင်း "ချွေးနဲ့စာသည်သာ သန့်ရှင်း၍ အားရှိသည်' ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။



ဓာတ်ပုံ- Economist

Ref: India just passed an anti-corruption bill that offers greater protection to government officials (Businessinsider)



## မန္တလေးမြို့၌ လူထုစက်ဘီးစီးပွဲ ပြည်သူ ၃၀၀ ကျော် ပါဝင်ဆင်နွှဲ

**မန္တလေး ဇူလိုင် ၂၈**
စက်ဘီးစီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန်ရည်ရွယ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကြီးမှူး၍ (၂၅) ကြိမ်မြောက် လူထုစုပေါင်းစက်ဘီးစီးပွဲကို ဇူလိုင် ၂၈ ရက် နံနက် ၅ နာရီခွဲက မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆ လမ်းရှိ မြို့တော်စည်ပင်ရုံးရှေ့ စုရပ်နေရာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စက်ဘီးစီးနင်းပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးဝေဇင်၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးအောင်ဝင်းထွန်းနှင့် ဌာနဆိုင်ရာများ၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက် စက်ဘီးစီးကလပ်အသင်းများမှ စက်ဘီးအားကစားသမားများ၊ အား/ကာသိပ္ပံမှ ကျောင်းသား၊ ကျောင်းသူများ သက်ကြီး၊ သက်လတ်၊ သက်ငယ် စက်ဘီးစီးအားကစားဝါသနာရှင်ပြည်သူများ၊ ဝန်ထမ်းများက သတ်မှတ်စုရပ်နေရာတွင်ရောက်ရှိနေရာယူကြသည်။

စုပေါင်းစက်ဘီးစီးနင်းပွဲကို အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်ပေးပြီး စက်ဘီးအားကစားသမားဝါနာရှင် ၃၀၀ ကျော်တို့သည် စုရပ်နေရာမှ ၂၆ လမ်းအတိုင်းလမ်း ၈၀၊ ထိုမှကျုံးမြောက်ဘက် ၁၂ လမ်း၊ ထိုမှ ကျုံးအရှေ့ဘက် ၆၆ လမ်းအတိုင်း ကျုံးတစ်ပတ်စက်ဘီးစီးနင်းကြကာ ကိုယ်လက်လှုပ်ရှားကြံ့ခိုင်မှု လေ့ကျင့်ခန်းများ ပြုလုပ်ကြပြီး စက်ဘီးအားကစား ဝါသနာရှင်များအား စေတနာရှင်များက အားဖြည့်အချိုရည်ဘူးများ ပေးဝေခဲ့ကြသည်။

အဆိုပါ စုပေါင်းစက်ဘီးစီးနင်းပွဲကို လစဉ် နောက်ဆုံးပတ် စနေ၊ တနင်္ဂနွေနေ့များတွင် ကျင်းပလျက်ရှိရာ အကန့်အသတ်မရှိ မည်သည့်စက်ဘီးနှင့်မဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။ **တင်မောင် (မန်းကိုယ်ပွား)**

## အထည်ကုန်ချောဈေးကျ၍ ရက်ကန်းလုပ်ငန်းရပ်ထားသူ များပြား

**အမရပူရ ဇူလိုင် ၂၈**
အမရပူရမြို့နယ်အတွင်းမှ စက်ရက်ကန်းလုပ်ငန်း လုပ်ကိုင်သူများ ချည်ကုန်ကြမ်းဈေးမြင့်တက်ကာ အထည်ကုန်ချောဈေး ကျဆင်းနေသည့်အတွက် အရှုံးပေါ်လျက်ရှိပြီး လုပ်ငန်းရပ်ထားရသည့် အခြေအနေများအထိ ရှိနေကြောင်း သိရသည်။

အထည် မိန်းမကွင်း တစ်ကွင်းလျှင် ယခင်ကငွေကျပ် ၄၀၀၀ ကျော် ရောင်းချရပြီး လက်ရှိကာလတွင် ထဘီ တစ်ကွင်းလျှင် ငွေကျပ် ၃၀၀၀ ကျော်ဖြင့်သာ ရောင်းချရသည့်အတွက် အရှုံးပေါ်လျက်ရှိနေသည်။ မိန်းမကွင်း (ထဘီ) ရက်လုပ်သည့် စက်ရက်ကန်းစင်များ ရပ်ထားပြီး ပုဆိုးများကိုသာ တွင်တွင်ရက်လုပ်ကြသည်။ လက်ရှိကာလတွင် ထဘီတန်းသာမက ပုဆိုးတန်းပါ ဝယ်သူနည်းပါးနေသည့်အတွက် ရက်ကန်းလုပ်ငန်းများ ရပ်ထားသည်က များနေသည်။ ရက်ကန်းလုပ်ငန်း ဈေးကွက်အေးကာ ရပ်ထားရသည့် အဓိကအချက်မှာ ကုန်ကြမ်းချည် ဈေးမြင့်တက်ကာ ကုန်ချောဝယ်လက် နည်းနေသောကြောင့် ဖြစ်ကြောင်း အမရပူရမြို့နယ် ရွာသစ်ကျေးရွာမှ စက်ရက်ကန်းလုပ်ငန်းရှင် တစ်ဦးက ရှင်းပြသည်။

ရက်ကန်းလုပ်ငန်းကို ရင်းနှီးမြုပ်နှံသူများပြားလာကာ ပြည်တွင်းဖြစ် သဲတော၊ ဝမ်းတွင်းထွက် စက်ရက်ကန်းစင် တစ်စင်လျှင် ငွေကျပ် ၁၇ သိန်းကျော် ပေးရသည်။ ပြည်တွင်းဖြစ် စက်ရက်ကန်းစင်များကိုအသုံးပြုပြီး တစ်အိမ်လျှင် အနည်းဆုံး ရက်ကန်းစင် သုံးစင်မှ ၁၀ စင်အထိတည်ထောင်ကာ ရက်ကန်းလုပ်ငန်းကို တွင်ကျယ်စွာပြုလုပ်ကြသည်။ ရက်ကန်းရုံများတွင်မူ စက်ရက်ကန်းစင် ၅၀ မှ ၁၀၀ အထိရှိသည်။ ကိုယ်ပိုင် စက်ရက်ကန်းဖြင့် ကိုယ်ပိုင်ခတ်သလို အငှားခတ်သူ များလည်းရှိသည်။ အငှားခတ်သူများမှာ လူတစ်ဦးလျှင် စက်ရက်ကန်းစင် နှစ်စင်မှသုံးစင်အထိ ခတ်လေ့ရှိပြီး ပုဆိုးတစ်ကွင်းလျှင် ငွေကျပ် ၃၅၀ လက်ခအဖြစ်ရရှိသည်။ တစ်နေ့လျှင်ပုဆိုး ၁၈ ကွင်းမှ ၂၀ ကျော်အထိ ပြီးသည်။ စက်ရက်ကန်းတစ်စင်လျှင် ချည် ရှစ်ထုပ်တန်းကို ခတ်လေ့ရှိပြီး တစ်စင်ပြီးပါက ပုဆိုး ၂၆၅ ကွင်းမှ ၂၇၀ အထိရရှိကြောင်း သိရသည်။

လက်ရှိကာလတွင် စက်ရက်ကန်းလုပ်ငန်းများတွင် ချည်ထည်ကုန်ကြမ်းဈေးမြင့်တက်ကာ ကုန်ချောဝယ်သူ နည်းပါးနေသည်။

အထည် ကုန်သည်များမှလည်း ဝယ်ယူသိုလှောင်ထားခြင်း မရှိသည့်အတွက် ရက်ကန်းစင် များစွာရှိသူများမှာ အနည်းငယ်သာ လည်ပတ်ပြီး ရက်ကန်းစင်နည်းသူများမှာ ခေတ္တယာယီရပ်တန့်ထားရသည်။

**တိမ်တမန်**



## တဲလှကျေးရွာတွင် ပထမဆုံးစမ်းသပ်စိုက်ပျိုးသည့် ကြံသီးနှံ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**မိတ္ထီလာ ဇူလိုင် ၂၈**
မိတ္ထီလာမြို့နယ် တဲလှကျေးရွာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးနည်းပညာကူညီပံ့ပိုးခြင်း၊ Action Aid Myanmar (မိတ္ထီလာ) ငွေကြေးအရင်းအနှီးပံ့ပိုးကူညီမှုဖြင့် ပထမဆုံးစမ်းသပ်စိုက်ပျိုးသည့် ကြံသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"တဲလှကျေးရွာဘက်က ကြံသီးနှံစိုက်ပျိုးချင်တဲ့ တောင်သူသုံးဦး၏ မြေသုံးဧကမှာ နေပြည်တော် စက်စက်ယိုစိုက်ခင်းကနေ ကြံမျိုးဝယ်ယူပြီး စိုက်ပျိုးတာဖြစ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမျိုးငြိမ်းဇော်က ပြောသည်။

"စတင်စိုက်ပျိုးချိန်ကတော့ ဟုတ်မှ ဟုတ်ပါ့မလားလို့ ရင်တထိတ်ထိတ်နဲ့ စိုက်ပျိုးကြည့်ခဲ့တာပါ၊ အခုလို ကြံသီးနှံတွေ အောင်မြင်တာတွေ့တော့လည်း စိတ်ချမ်းသာတာပေါ့ဗျာ၊ အခုဖြစ်ထွန်းအောင်မြင်နေတဲ့ ကြံသီးနှံစိုက်ခင်းကို ဇန်နဝါရီလကတည်းက စတင်စိုက်ပျိုးခဲ့တာဖြစ်ပါတယ်၊ တဲလှကျေးရွာမှာ ကျွန်တော့်လိုပဲ ကြံသီးနှံ စတင်စိုက်ပျိုးတဲ့ တောင်သူနှစ်ဦးရှိပါတယ်၊ အခုတော့ ကျွန်တော်တို့ စိုက်ပျိုးတဲ့ ကြံသီးနှံတွေဖြစ်ထွန်းအောင်မြင်တာ မြင်တော့ တခြားတောင်သူတွေကလည်း နောက်နှစ်ကျ ကြံစိုက်ကြည့်မယ်လို့ ပြောတဲ့သူတွေရှိပါတယ်" ဟု တဲလှကျေးရွာမှ ဒေသခံတောင်သူ ဦးတင်ဝင်း က ပြောသည်။

တစ်ဧကတွင် ကြံမျိုးအနည်းဆုံး လေးတန်မှ အများဆုံး ငါးတန်အထိ စိုက်ပျိုးရသည်။ ကြံသီးနှံထွက်ရှိချိန်တွင် ဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ တန်ချိန် ၃၀ မှ ၄၀ ကြားထွက်ရှိပြီး သီးနှံဈေးနှုန်းမှာ တစ်တန်လျှင် ကျပ် ၄၀၀၀၀ မှ ကျပ် ၅၀၀၀၀ အထိရောင်းချရသည်။ ကြံသီးနှံမှာ တစ်နှစ်ပတ်လုံးစိုက်ပျိုးရသည့် နှစ်ရှည်သီးနှံဖြစ်သည့်အတွက် မိတ္ထီလာဒေသတွင် စိုက်ပျိုးခြင်းမရှိဘဲ ယခုအခါ စိုက်ပျိုးစရိတ်အရင်းအနှီးနှင့် သီးနှံစိုက်ပျိုးထွက်ရှိမည့်အချိန်၊ စိုက်ပျိုးရောင်းချလျှင် ရရှိမည့် ငွေကြေးအကျိုးအမြတ်နှင့် တခြားသီးနှံများကို နှစ်သီး၊ သုံးသီးစိုက်ပျိုး၍ ရရှိမည့်ငွေကြေးအကျိုးအမြတ်များကို နှိုင်းယှဉ်ကြည့်ပြီး တဲလှကျေးရွာမှ ဒေသခံ တောင်သူတချို့က ကြံသီးနှံကို စတင်စမ်းသပ် စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



## စိုင်ဒိုးကျေးရွာ ကုန်ထုတ်လမ်းဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး

**ရွှေဘို ဇူလိုင် ၂၈**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးမြင့်၊ မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်သိန်း တို့သည် ရွှေဘိုမြို့နယ် စိုင်ဒိုးကျေးရွာ ကုန်ထုတ်လမ်းဆောင်ရွက်နေမှုကို ဇူလိုင် ၂၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါအဖွဲ့သည် ကျေးရွာ လမ်းကော်မတီဝင်များတွေ့ဆုံပြီး ကုန်ထုတ်လမ်းဆောင်ရွက်နေမှု အခြေအနေများ၊ လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

စိုင်ဒိုးကျေးရွာ ကုန်ထုတ်လမ်းကို ၂၀၁၈ ခုနှစ် ခြောက်လ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၇ ဒသမ ၇ သန်းဖြင့် အရှည် ပေ ၆၅၀၀၊ အကျယ် ၁၂ ပေနှင့် ဒုကိုးလက်မ ဂျင်းခင်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ ခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၂၂ သန်းဖြင့် အရှည် ၁၄ ပေ၊ အကျယ် ၁၅ ပေ ကွန်ကရစ်တံတားကိုလည်းကောင်း၊ ခွင့်ပြုရန်ပုံငွေကျပ် ၇ ဒသမ ၀၅ သန်းဖြင့် အရှည် ၁၀ ပေ၊ အကျယ် ၁၅ ပေ ကွန်ကရစ်တံတားကိုလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်ထုတ်လမ်းပြီးစီးသွားပါက တစ်နှစ်လျှင် စိုက်ပျိုးဧကပေါင်း ၇၇၈ ဧကအတွက် အကျိုးရှိမည်ဖြစ်ကြောင်း ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး ဦးမြင့်၏ ပြောကြားချက်အရ သိရသည်။

**ခင်ဦးစိုးဝေ**

## မြစ်ရေတင် ရေဖြင့် ငှက်ပျောစိုက်သူများ ဝင်ငွေကောင်းရရှိနေ

**ညောင်ဦး ဇူလိုင် ၂၈**
ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စု လက်ပံခြေပေါ် မြစ်ရေတင်ရေဖြင့် စိုက်ပျိုးထားသည့် ဖီးကြမ်းငှက်ပျောခြံပိုင်ရှင်များ ဈေးကောင်းရရှိသောကြောင့် တွက်ခြေကိုက်နေကြကြောင်း သိရသည်။

အဆိုပါ ဖီးကြမ်းငှက်ပျောစိုက်တောင်သူများသည် တပေါင်းလ၊ တန်ခူးလတို့တွင် ဖီးကြမ်းငှက်ပျောမျိုးများ စိုက်ပျိုးကြပြီး တပေါင်း၊ တန်ခူးလတွင်ပင် ပြန်လည် ခုတ်ယူရရှိကြောင်း သိရသည်။ "ကျွန်တော်တို့ လက်ပံခြေပေါ် ငှက်ပျောစိုက်တောင်သူတွေကတော့ အစိုက်များကြတယ်၊ ရခိုင်ငှက်ပျော အနည်းငယ်တော့စိုက်တယ်၊ ဖီးကြမ်းငှက်ပျောက ရောင်းအားကောင်းတော့ စိုက်တာများပါတယ်"ဟု လက်ပံခြေပေါ်ကျေးရွာမှ ဖီးကြမ်းငှက်ပျောစိုက်တောင်သူ ဦးအောင်ဌေးက ပြောပြသည်။

ငှက်ပျောစိုက်ပျိုးကြရာတွင် တစ်ကျင်းကို တစ်ပင်နှင့်နှစ်ပင်စိုက်ပျိုးကြပြီး တစ်ပင်တစ်ကျင်းစိုက်ပျိုးသည့် အပင်များကို သားတက်မထားတော့ဘဲ အပင်အားလုံး အသီးသီးပြီးလျှင် အသစ်ပြန်လည်စိုက်ကြကာ တစ်ကျင်း နှစ်ပင်စိုက်သည့် အပင်များကိုတော့ တစ်ပင်ကို သားတက်တစ်တက်ထားကာ စိုက်ပျိုးကြကြောင်း သိရသည်။

ဖီးကြမ်းငှက်ပျောကို တစ်ခါစိုက်လျှင် သုံးနှစ်ထက်ပိုမထားဘဲ ထွက်ရှိသည့် ငှက်ပျောအား တစ်ဖီးချင်း အရေအတွက်ဖြင့်သာရောင်းချကြောင်းသိရသည်။ တစ်ဖီးလျှင် ကျပ် ၅၅၀ မှ ကျပ် ၈၀၀ အထိ ရောင်းချရကြောင်း သိရသည်။ ထွက်ရှိလာသည့် ငှက်ပျောများအား ပုဂံ-ညောင်ဦး၊ ပခုက္ကူ၊ မြင်းခြံ၊ ငါ့သရောက်မြို့များမှ ခြံအထိ ပွဲစားများက သုံးဘီးဆိုင်ကယ်များ၊ ကားများဖြင့် လာရောက်ဝယ်ယူကြသောကြောင့် သွားရောက်ရောင်းချမည့်အချိန် သက်သာခြင်း၊ ကားခသက်သာခြင်းများဖြင့် ဖီးကြမ်းငှက်ပျောစိုက်တောင်သူများ ဝင်ငွေကောင်းနေကြကြောင်း သိရသည်။

**ကိုထိန် (ငါ့သရောက်)**



ပြီးခဲ့သည့် သောကြာနေ့တွင် ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာနှင့် ချစ်သူ ဟေးလေးဘော်ဝင်တို့ နယူးယောခ်က မက်ဟန်တန်လမ်းမပေါ် အတူလျှောက်လှမ်းခဲ့ကြသည်ကို တွေ့ရစဉ်။

# စေ့စပ်လိုက်ပြီဖြစ်တဲ့ နစ်ခ်ဂျိုးနက်စ်နဲ့ ပရီယင်ကာချိုပရာ



ဟောလိဝုဒ်ရဲ့ နာမည်ကျော်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ နစ်ခ်ဂျိုးနက်စ်နဲ့ ပရီယင်ကာချိုပရာတို့ဟာ လတ်တလောမှာတော့ စေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ ချစ်သူတွေအဖြစ် တရားဝင်လက်တွဲခဲ့ပြီးနောက် နှစ်လအကြာမှာ ယခုလို စေ့စပ်လိုက်ကြောင်း သတင်းတွေ ထွက်လာတာလည်းဖြစ်တယ်လို့ အေးရှားဝမ်းဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ကြယ်ပွင့်နှစ်ဦး စေ့စပ်လိုက်ပြီဖြစ်ကြောင်းကိုတော့ သူတို့နဲ့ ရင်းနှီးတဲ့ သတင်းရင်းမြစ်တစ်ဦးက ပီးပဲလ်မဂ္ဂဇင်းကြီးကို ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပြီး ဒီသတင်းဟာ လတ်တလောမှာတော့ ဟောလိဝုဒ်မီဒီယာတွေမှာသာမက နိုင်ငံတကာမီဒီယာစာမျက်နှာတွေပေါ်မှာပါ ထိပ်ဆုံးက နေရာယူနေတာကိုလည်း တွေ့ရပါတယ်။

အဆိုပါသတင်းရင်းမြစ်ရဲ့ ပြောကြားချက်အရ ပရီယင်ကာချိုပရာရဲ့ ပြီးခဲ့တဲ့ ၃၆ နှစ်မြောက်မွေးနေ့မှာ နစ်ခ်ဂျိုးနက်စ်က လက်ထပ်ခွင့်တောင်းဆိုခဲ့တာ ဖြစ်တယ်လို့သိရပါတယ်။ နယူးယောခ်မှာရှိနေစဉ် ယခုလို စေ့စပ်ခဲ့ကြတာဖြစ်ပြီး စေ့စပ်လက်စွပ်ကိုတော့ နယူးယောခ်က Tiffany & Co. ကနေ ဝယ်ယူခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ လက်ရှိမှာတော့ ကြယ်ပွင့်စုံတွဲဟာ သူတို့ရဲ့ဘဝကို ပျော်ရွှင်စွာဖြတ်သန်းနေကြကြောင်းလည်း သိရပါတယ်။

ဒါ့အပြင် နစ်ခ်ဂျိုးနက်စ်နဲ့ ရင်းနှီးတဲ့အသိုင်းအဝိုင်းမှ ပြောကြားချက်အရ မိသားစုဝင်တွေဟာ ယခင်က သူ့ကို ဒီလိုပုံစံမျိုးနဲ့ မတွေ့ဖူးတာကြောင့် အံ့အားသင့်နေရကြောင်း၊ တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ နစ်ခ်ဂျိုးနက်စ်ဟာ ဘောလိဝုဒ်သရုပ်ဆောင်တစ်ဦးအဖြစ်မှသည် ဟောလိဝုဒ်ကြယ်ပွင့်ဖြစ်လာခဲ့ပြီဖြစ်တဲ့ ပရီယင်ကာချိုပရာနဲ့ လက်တွဲစဉ်အခါမှာတော့ ပိုမိုလေးနက်တဲ့ဟန်ရှိတာကိုလည်း တွေ့ရကြောင်း မင်းသားနဲ့ ရင်းနှီးတဲ့အသိုင်းအဝိုင်းက ပြောကြားကြပါတယ်။

**အေးပြည့် - ရေးသားသည်**

# လုံခြုံရေးအခြေအနေကြောင့် မလေးရှားက ဖျော်ဖြေပွဲတွေကို ဖျက်သိမ်းလိုက်တဲ့ TWICE

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "TWICE" ဟာ မကြာမီက မလေးရှားနိုင်ငံ ကွာလာလမ်ပူမှာ ပြုလုပ်ဖို့စီစဉ်ထားတဲ့ ဖျော်ဖြေပွဲကို လုံခြုံရေးနဲ့ပတ်သက်ပြီး စိုးရိမ်မှုတွေရှိတာကြောင့် ဖျက်သိမ်းခဲ့ကြောင်း အဖွဲ့ရဲ့ အေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအန်တာတိန်းမန့်ကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျေဝိုင်ပီအန်တာတိန်းမန့်က တရားဝင်ထုတ်ပြန်ကြေညာခဲ့ရာမှာတော့ "TWICE"အဖွဲ့ဝင်တွေရဲ့ လုံခြုံရေးနဲ့ ပရိသတ်တွေရဲ့ လုံခြုံမှုကို အဓိကအလေးပေးခဲ့တာကြောင့် ယခုလို ဖျော်ဖြေပွဲကို ဖျက်သိမ်းဖို့ရာ ဆုံးဖြတ်ခဲ့ရခြင်းဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။

"TWICE"ဟာ မလေးရှားမှာ ဇူလိုင် ၂၈ ရက်တွင် ဖျော်ဖြေဖို့ရာ စီစဉ်ထားတာဖြစ်ပါတယ်။ ဒီတစ်ကြိမ်ဟာ ဒုတိယအကြိမ်မြောက် သွားရောက်ဖျော်ဖြေမှုဖြစ်ပေမယ့်လည်း လုံခြုံရေးအရ စိုးရိမ်ရတဲ့အခြေအနေဖြစ်တာကြောင့် ဖျော်ဖြေပွဲတွေကို ဖျက်ခဲ့ရတာပါ။ ဒီလို ဖျက်ခဲ့ရတာကြောင့် ပရိသတ်တွေကို တောင်းပန်ကြောင်းလည်း အေဂျင်စီက ဖော်ပြခဲ့ကာ ပရိသတ်တွေအတွက် ဆက်လက်ကြိုးစားနေဦးမှာဖြစ်ကြောင်းလည်း တစ်ပါတည်း ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

# လေးမျက်နှာမြို့ မိသလ္လင်ကုန်းကျေးရွာ ၂၄ နာရီလျှပ်စစ်မီးရရှိ

**လေးမျက်နှာ ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ပိန်းအင်းကျေးရွာအုပ်စု မိသလ္လင်ကုန်းကျေးရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများအား ဇူလိုင် ၂၇ ရက် နံနက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးယဉ်မင်းဦး(ဦးစီးအရာရှိ-နည်းပညာ)၊ လူထုဗဟိုပြုစီမံကိန်းမှ စီမံကိန်း အင်ဂျင်နီယာများနှင့် တာဝန်ရှိသူများက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ လျှပ်စစ်အန္တရာယ် ကင်းဝေးရေးတို့အတွက် ကွင်းဆင်း၍ စစ်ဆေးကြည့်ရှုပြီး လုပ်ငန်းလိုအပ်ချက်များအား စီမံကိန်းတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းအား ကမ္ဘာ့ဘဏ်၏ ကူညီထောက်ပံ့မှုဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လူထုဗဟိုပြုစီမံကိန်းတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ်စက်ဝန်းမှ ခွင့်ပြုရန်ပုံငွေ ၆၈ ဒသမ ၂ သိန်း၊ ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေ ၃၁၉ ဒသမ ၄၃ သိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာရှိ အိမ်ခြေ ၁၄၀ ကို ၂၄ နာရီ လျှပ်မီးရရှိနေပြီဖြစ်ကြောင်း သိရသည်။

**ထွန်းဇော်ထွန်း (မြန်မာစာ)**

# မြဝတီမြို့တွင် ရေကျော်သည့်လမ်းများ အန္တရာယ်မဖြစ်ပေါ်စေရေးဆောင်ရွက်ပေးလျက်ရှိ

**မြဝတီ ဇူလိုင် ၂၈**

ကရင်ပြည်နယ် မြဝတီမြို့တွင် သောင်းရင်းမြစ်ရေ မြင့်တက်မှုကြောင့် မြစ်ရေလျှံကာ မိုးရွာသွန်းမှု များပြားပြီး မြို့ပေါ်ရပ်ကွက်များရှိ ကားလမ်းများပေါ်တွင် ရေဖုံးလွှမ်းနေသည့် နေရာများ၊ လမ်းဘေးရေမြောင်းနှင့် တစ်ပြေးညီ ရေပြင်တွင် သွားလာနေသည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များနှင့် လမ်းသွားလမ်းလာများ အန္တရာယ်မဖြစ်ရေးအတွက် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းမှ စတင်ကာ မြဝတီရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့ပေါ်ရပ်ကွက်၊ အာရှုလမ်းမပေါ်နှင့် သုမာလာလမ်းဆုံတို့တွင် ကားလမ်းပေါ်သို့ ရေကျော်ခြင်းများ ဖြစ်ပေါ်နေရာ မော်တော်ယာဉ်များ၊ ကုန်ကားများ၊ မော်တော်ဆိုင်ကယ်များနှင့် လမ်းသွားလမ်းလာများ မတော်တဆ လမ်းချော်မှုအန္တရာယ်များ မဖြစ်စေရေးအတွက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်ထွန်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အမှတ် (၇၃) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ယာဉ်ထိန်းရဲများသည် ယာဉ်အသွား အလာများအား ကူညီ ဆောင်ရွက်ပေးနေရကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**



# သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်ရောက်၍ ကမမောင်းမြို့တွင်း ရပ်ကွက်များရေနစ်မြုပ်



**ကမမောင်း ဇူလိုင် ၂၈**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့၌ သံလွင်မြစ်ရေ စိုးရိမ်ရေမှတ် - ၇၅၀ စင်တီမီတာသို့ ရောက်ရှိနေသဖြင့် ဇူလိုင် ၂၇ ရက်က မြို့ပေါ်ရပ်ကွက် အိမ်ထောင်စုအများစုမှာ ရေဝင်နစ်မြုပ်မှုများရှိနေကြောင်း သိရသည်။

အန္တရာယ်ရှိနိုင်သည့် အိမ်ထောင်စုများအား ဌာနဆိုင်ရာ တာဝန်ခံများ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့များက စက်လှေ၊ မော်တော် ကားများဖြင့် ကယ်ဆယ်ရေးစခန်းသို့ ပို့ဆောင်ပေးခဲ့ကြသည်။

ကယ်ဆယ်ရေးစခန်းကို အမှတ် (၃) အခြေခံပညာအလယ်တန်းကျောင်းတွင်ဖွင့်လှစ်ထားပြီး ရေကြီးနစ်မြုပ်မှုကြောင့် ပြောင်းရွှေ့အိမ်ထောင်စု ၃၃ စု၊ စုစုပေါင်းလူဦးရေ ၁၆၃ ဦးတို့အား မြို့နယ်အတွင်းရှိ စေတနာရှင်ပြည်သူများက ရေသန့်များနှင့် အလှူငွေများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ကမမောင်း(ပြန်/ဆက်)**

# ကျိုက်မရောတွင် ကျေးရွာအချို့ ရေနစ်မြုပ်

**ကျိုက်မရော ဇူလိုင် ၂၈**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် အတ္တရံမြစ် စိုးရိမ်ရေမှတ်ရောက်ရှိနေပြီး မိုးသည်းထန်စွာ ရွာသဖြင့် ဦးလေးကျေးရွာ၊ ငပြေမကျေးရွာ၊ ဖာသိမ်ကျေးရွာနှင့် ကျေးရွာအချို့ရှိ လူနေအိမ်များ ရေကြီးနစ်မြုပ်လျက်ရှိရာ သဘာဝဘေးအန္တရာယ် တားဆီးရေး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများသည် ဇူလိုင် ၂၈ ရက်က ကျေးရွာများသို့ သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ထောက်ပံ့ရေးပစ္စည်းများဖြစ်သည့် ဆန်အိတ် ၃၀၊ ရေသန့်ဘူးကြီးများ၊ ခေါက်ဆွဲခြောက်ဖာများကို ကူညီပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# SUNLIGHT FIBREGLASS

SUNLIGHT FIBREGLASS



Sunlight Fiber Glass

Acid ... Order ...

Fiber Glass ... Fiber ...



U Htin Aung Kyaw
B.A(Eng:), Dip-ELTM, M.A (EFL)

SIS Education Services
Teaching for society

နှစ် (၂၀) ကျော်ကြာ သင်ကြားမှုအတွေ့အကြုံဖြင့် ပြည့်စုံသောမှတ်ရ၊ ထိရောက်သောသင်ကြားမှု နည်းစနစ်များဖြင့် သင်ကြားသည်။

တစ်ဦးချင်း၊ ဝိုင်းသီးသန့်

IELTS / English 4 Skills

အမှတ်(၂၁)၊ ၄လွှာ၊ ရွှေကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။
Ph : 09-421008412

## တိုက်ခန်းများအမြန်ငှားရန်ရှိသည်

ဘုရင့်နောင်လမ်းမကြီးပေါ်ရှိ လှိုင်မြို့နယ်၊ ရွှေစံပယ်ရိပ်မွန်အိမ်ရာ၊ အဆင့်မြင့်တိုက်ခန်းများ အမြန်ငှားရန်ရှိပါသည်။ တိုက်ခန်းအကျယ်အဝန်း ပေ(30x60), BR-1, 4 AC, ပါကေးခင်းထား၍ ပြင်ဆင်ပြီး အသင့်နေထိုင်နိုင်သော တိုက်ခန်းများဖြစ်ပါသည်။

ငှားရမ်းမည့်တိုက်ခန်းအလွှာများ-ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်၊ စတုတ္ထထပ်၊ ပဉ္စမထပ်။

ဆက်သွယ်ရန်ဖုန်း-၀၉-၆၉၅၁၃၈၀၅၃

မူးလျှင်ရှူ-မောလျှင်သောက်

ရွှေမန်းဂြိုဟ်

အမှတ်တံဆိပ်

ပန်းပေါင်းစုံ သွေးဆေး

TMR000849(0519)

ရွှေမန်းတောင်

အကြောပြေ မျက်စိကြည်ဆေး

TMR007525(0620)

မြန်ချိုရေး–အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ရန်ကုန်မြို့။ဖုန်း–၀၁–၃၇၆၀၀၈၊၅၄၃၀၄၂၊၅၉၀၀၃၄၊၀၉–၈၅၉၈၄၅၃

တွံ တွံ တြာ

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း မြေကွက်များ
ဈေးမှန် (ပေါက်ဈေး)
ဝယ်ပါသည်။
ဖုန်း– ၀၉၅၃၂၂၂၅၈
၀၉၉၆၁၂၃၄၄၃၄

BRITISH UNIVERSITY COLLEGE

## Civil Engineering

ဆယ်တန်းအောင်မြင်ထားသူ - (၁၄) လ



Top 15 အဆင့်ရှိ UK တက္ကသိုလ်ရဲ့ BE Civil နှင့် Construction Management ဘွဲ့ကို ရန်ကုန်တွင်ရှိသည့် British University College တွင်ဘွဲ့ရသည့်အထိတက်ရောက်နိုင်ပါသည်။

ဒီဘာသာရပ်ကို The Royal Institution of Chartered Surveyors (RICS) နှင့် The Chartered Institute of Building (CIOB) တို့မှ အသိအမှတ်ပြုထားပါသည်။

Built Environment ဘာသာရပ်များမှာ UK Top 15 ranking ရှိ Birmingham City တက္ကသိုလ် (The Guardianleague table 2018) ရဲ့ ဘာသာရပ်(၂)ခုကို ရန်ကုန်တွင် ဘွဲ့ရသည်အထိ တက်ရောက်နိုင်ပါသည်။

- Bsc (Hons) in Construction Management
- BE (Hons) in Civil Engineering

စက်တင်ဘာလ (၁၇)ရက်နေ့ ဖွင့်မည့် တန်းခွဲအတွက် စာရင်းပေးသွင်းလို့ရပါပြီ။

အမှတ် (၂၅)၊ ဦးချစ်မောင်အိမ်ရာ (KBZ Bank နှင့် Family Sushi) ကြား၊ ဦးချစ်မောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
09 - 426 26 5550, 09 - 426 26 5551, 01 - 401 272

LACO GNC LIVE WELL



ဝက်ခြံ၊ တင်းတိပ် ကင်းစင်ပြီး ဖြူစင်ဝင်းပတဲ့ အသားအရေ ပိုင်ရှင်ဖြစ်ဖို့ . . .

Taut WHITE



Made in JAPAN

TNC THE NUTRITION CENTRE

GNC BRANDED အရည်အသွေးမြင့် ဖြည့်စွက်အာဟာရများကို အောက်ပါ TNC Showroom များတွင် ရရှိနိုင်ပါပြီ။

- ဗဟန်း - ၀၉ - ၄၅၇ ၄၀၉ ၉၉၁
- အလုံ - ၀၉ - ၄၅၇ ၄၀၉ ၉၉၂
- ရွှေဂုံတိုင် - ၀၉ - ၄၅၇ ၄၀၉ ၉၉၃
- လှည်းတန်းစင်တာ - ၀၉ - ၄၅၇ ၄၀၉ ၉၉၆
- Junction City - ၀၉ - ၄၃၁ ၅၄၈၀၄
- Junction Mawtin - ၀၉ - ၉၅၅ ၁၃၁ ၂၀၇
- မွန်လေး - ၀၉ - ၄၅၇ ၄၀၉ ၉၉၄
- နေပြည်တော် Junction - ၀၉ - ၄၅၇ ၄၀၉ ၉၉၅
- မော်လမြိုင် - ၀၉ - ၄၅၇ ၄၀၉ ၉၉၇
- Order များ မှာယူလိုလျှင် ၀၉ - ၄၅၉ ၁၉၃ ၁၁၄ သို့ တိုက်ရိုက်ဖုန်းဆက်မှာယူနိုင်ပါသည်။ အမြို့မြို့ အနယ်နယ်ရှိ Citymart ဆိုင်ခွဲတိုင်းနှင့် ဆေးဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါပြီ။

ဦးကြည်စိုးသောင်း M.A.Teaching of English as a Foreign Language
Dip. English Language Teaching Methodology
(ဆေးတက္ကသိုလ်လက်ထောက်ကထိကဟောင်း)

**Must** ENGLISH LANGUAGE CENTRE

- M.Med. Sc Entrance For Medical Doctors and other Health Professionals

| | | | |
|---|---|---|---|
| Section | (A) | Sat/Sun | 8:00 - 10:00 AM |
| Section | (B) | Sat/Sun | 10:00 - 12:00 Noon |
| Section | (C) | Sat/Sun | 1:00 - 3:00 PM |
| Section | (D) | Tue/Wed | 5:00 - 7:00 PM |

- EXAM PRACTICE CLASS 4:00 - 6:00 PM

* 4th August, 2018 (Sat) တွင် တန်းခွဲသစ်များစတင်မည်။

English is a Must for everyone. Must is a Must for the learners of English.

32 A (ဒုတိယထပ်) ရွှေကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 5043424, 09 73152995, 09 73099562

BRITISH UNIVERSITY COLLEGE



" British University College is the best College that I have ever seen."
" Khant Min Naing "

ကျွန်တော့်နာမည် ခန့်မင်းနိုင် ပါ။ ကျွန်တော်ဆယ်တန်းမှာ (၅)ဘာသာဂုဏ်ထူးနဲ့ အ.ထ.က (၁) ဒဂုံကနေ အောင်မြင်ခဲ့ပြီး British University College တွင် International Foundation Programme တက်ရောက်ပါတယ်ခင်ဗျာ။

Foundation Course မှာ (၅)ဘာသာသင်ရပါတယ်။ Pre University Programme ဖြစ်တဲ့အတွက် တက္ကသိုလ်မှာတကယ်ကိုလိုအပ်တဲ့ Academic Skills တွေသေချာသင်ကြားပေးပါတယ်။

တော်တဲ့ ကျောင်းသားတွေအတွက် ကျောင်းက Scholarship များလည်း လျှော့ပေးပါတယ်။ Scholarship စာမေးပွဲမဖြေခင်မှာလည်း ကျောင်းက Scholarship စာမေးပွဲဖြေဖို့ သေချာလေ့ကျင့်သင်ကြားပေးတဲ့အတွက် . . . . .

ကျွန်တော် အမေရိကားမှာရှိတဲ့ University of Illinois at Chicago ကပေးအပ်တဲ့ ဘွဲ့(၄)နှစ်စာလုံး အတွက် Scholarship (USD 48000 / သိန်း ၆၇၀)ကျော်ရရှိပါတယ်။ ကျွန်တော်လာမယ့် ဇန်နဝါရီလ မှာ Computer Science ဘာသာရပ်ကိုသွားရောက်တက်တော့မှာပါခင်ဗျာ။

ဆရာတွေကလည်း စာသင်တာတကယ်ကောင်းပြီး အခြားသူတွေကလည်း နွေးနွေးထွေးထွေးရှိကြပါတယ်။

စက်တင်ဘာလ (၁၇)ရက်နေ့ တန်းခွဲသစ်များအတွက် ကျောင်းအပ်လက်ခံနေပါပြီ။

အမှတ် (၂၅)၊ ဦးချစ်မောင်အိမ်ရာ၊ ဦးချစ်မောင်လမ်း (KBZ Bank နှင့် Family Sushi) ကြား၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 426 26 5550,09 426 26 5551, 01 401 272


s Feed
NEO MIXAGRIP
Like
Linked Group
Status
Photo
ကျန်းမာပျော်ရွှင်မှုတွေကို
သူငယ်ချင်းတွေဆီ
မျှဝေလိုက်ရအောင်
အအေးမိတုပ်ကွေးအတွက်
NEO
4 caplets
MIXAGRIP®
Prevention and Treatment of Cold and Catarrh
နီယို
မစ်ဆာဂရစ်
ကွက်တိဘဲပေါ့

လေဆိုးတွေကိုမျက်၊ လေကောင်းတွေကိုဆက်၊ အစာကြေလေသက်
သမားစဉ်ဆက် ဆေးစွမ်းထက်မြက် သုံးသူ့ကျန်းမာရေး
စိန်ဘယက် လေကွဲဆေး နှင့် ဆက်
အစာကြေ၍ရင်ပြည့်ရင်ကယ်၊ လေထိုးလေထိုးလေအောင့်၊ ဝမ်းတင်းဝမ်းဖောင့်ရောဂါများသုံးစွဲနိုင်ပါသည်။

ခွဲသလိပ်ကြေပြီး ချောင်းဆိုးရင်ကျပ်ကင်းစေတဲ့ ရသာဓါတ်မှာချိုချဉ်သက်
ဆောင်းနွေမိုး
ချွဲသလိပ်ကြေမက်လင်ချဉ်ချျက်ဆား

Since 1996
Home
Think of House, Think of Home
ပါကေးအစားထိုး ကြမ်းခင်း
Grade နှင့် Quality
Grade အညီအသွေး အလိုက် ရွေးချယ်လိုက်
Grade- A 8mm 110,000
Grade- C 8mm 92,000
Grade- D 8mm 86,000
Grade- E 8mm 79,000
တစ်ကွင်းဈေး(၃၈)ချပ် Floor Only (8" x 48")
* Stock Limit အတွင်းသာ *
အမှတ် F(2~8) ပ-ထပ်၊ အောင်ဆန်းကွင်း(မြောက်ဘက်တန်း)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
အမှတ် (E-11A) လေးဒေါင့်ကန်လမ်းကြီး၊ ဘီဘီစီမှတ်တိုင်၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။
အမှတ်(၁၁)၊ မင်းကြီးလမ်း၊ အင်းစိန်ဆေးရုံအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
09-950 950 950, 09-79 700 70 70

Professional ကားမောင်းသင်တန်း
Honda civic, Auto
(ဗိုလ်တထောင်တွင်း)
၂ နာရီ ၅ ရက် (အချိန်ညှိနိုင်)
သင်တန်းကြေးအပြီးအစီး - ၂ သိန်း
တက်ရောက်မှသာ ဆက်သွယ်ပေးပါရန်
Ph: 09-788048992

မင်္ဂလာပါ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

ဥပဒေကျောင်းသား/သူများအားထားရာ
ဂုဏ ဥပဒေနည်းပြ
ပထမနှစ်(ဥပဒေ)အဝေးသင်
၁၊ ၈၊ ၈၊ ပဉ္စမ သင်တန်းများ ဖွင့်ပြီ
အမှတ်-၃၂၅(ပ-ထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်
ဆရာဦးစိုးမြင့် 09-73235553, 09-443235553

ဖြိုးမောက် (Phyo Mout)
ယာဉ်မောင်း အတတ် သင်တန်းကျောင်း
လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းနားလည်ပြီး
တကယ်ကားမောင်းတတ်ချင်ရင်
"ဖြိုးမောက်ယာဉ်မောင်း" သင်တန်းသို့ ကြွရောက်ခဲ့ပါ။
လိုင်စင်ရရှိရေးကို အထူးကူညီဆောင်ရွက်ပေးပါသည်။
No. 59၊ ဗိုလ်မသလမ်း၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09-43157170, 09-254923256,
09-763173067, 09-250139696, 09-788862114




## Learners Today, Leaders Tomorrow
### PETRONAS Education Sponsorship Programme

**PETRONAS is Malaysia's fully integrated oil and gas multinational with proven capabilities in a broad spectrum of the petroleum value chain. As we continue to navigate the increasing complexities in one of the world's most competitive industries, we steadily drive for new solutions and push boundaries to meet rising energy demand for sustainable growth.**

**Since 1975, PETRONAS has offered education sponsorships to more than 36,000 deserving students to realise their potential – students of high academic calibre who dare to push boundaries with a performance driven mindset and strong leadership qualities with a passion to make a difference.**

PETRONAS is offering full scholarships to eligible students in the following disciplines to pursue their studies in Universiti Teknologi PETRONAS (UTP) in Malaysia:
- **Mechanical Engineering**
- **Electrical & Electronic Engineering**

**Requirements**

- Applicants must be single
- 17 - 23 years old
- Possess strong leadership skills
- Active in extracurricular activities
- Passed the Basic Education High School Examination with a score of at least 75% in five (5) subjects inclusive of Mathematics, Physics, Chemistry AND two (2) other subjects
- English Language Qualification:
  1. A minimum IELTS score of 5.0; OR
  2. A minimum TOEFL PBT score of 500

**To apply**

Please submit the following documents:
- Applicant's updated resume (CV)
- Three (3) recent passport-sized photographs (35mm x 50mm) in blue background
- Two (2) copies of National Identity Card, Household Certificate, Matriculation School Certificate with transcripts and IELTS/TOEFL result
- A cover letter on why you should be considered for the scholarship

Send them by hand, mail or email to:

**Head**
Human Resource Management Department
PETRONAS Myanmar Operations
No. 16, Shwe Taung Kyar
Bahan 11201, Yangon

**Email**: utpscholarship2018@petronas.com

Closing date: **31 August 2018**

www.petronas.com

© 2018 PETROLIAM NASIONAL BERHAD (PETRONAS) (20076-K)

ပထမဦးဆုံး ဦးထွန်းဦး+ဒေါ်ဝင်းမာ
T.V (ရန်ကုန်)
ကားမောင်း၊ စက်ပြင်သင်တန်း
အမှတ်(A) ကားကတ်ဆက်တန်း၊ သိမ်ဖြူတင်းနစ်ကွင်းဘေး (မဆလာ စက်မှတ်တိုင်)
အမှတ် ၂၃၅(A)၊ သံသုမာလမ်း၊ တောင်ဥက္ကလာ၊ (ဘောလီမှတ်တိုင်)
သိမ်ဖြူ- 09421150033, 09-73044311, 09-5041550
09-440051114, 09-779144498
ဒဂုံ - 09-260111942, 09-420066955
09-440051112, 01-8011402, 01-8011403
တောင်ဥက္ကလာ- 09-440051113, 01-2332340
သာကေတ(၁၀၈တောင်ဘုရား) - 09-779144479
မရမ်းကုန်း(သမိုင်းလမ်းဆုံအနီး) - 09-260111947

THREE STAR
Air-Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်
ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း
ဆေးကြောသန့်စင်ခြင်းလုပ်ငန်း။
Split Type Air-con Brand New 1HP
၃ နှစ် အာမခံ
တပ်ဆင်ပြီးဈေးနှုန်း 300000-Ks
(Copper Pipe-10', Drain Pipe, Wire, Safeguard, Frame, Transportation)
"အနီးဆုံးဆိုင်သို့ ဆက်သွယ်ရန်"
တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ဗဟန်းမြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435
မင်္ဂလာတောင်ညွန့် - 09420047153, 09-250069932
မ/ဥက္ကလာပ - 0943131601, 09400882811

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၁၃၂၉)၊ အကျယ်အဝန်း(၄၀×၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ရှင် ဦးကိုကိုနိုင်ထွန်း[၈/ပခက(နိုင်)၁၇၄၉၀၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်း၊ စာရွက်စာတမ်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်ကျော်မြတ်(စဉ်-၁၀၇၉၃)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၉၂၇)၊ ဦးဘဝင်းလမ်း၊ ၃၆-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉၄၄၃၁၉၁၅၉၉**

# မြန်မာနိုင်ငံတွင် လတ်တလောဖြစ်ပွားနေသော ရေကြီးရေလျှံမှုများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ အမှာစကားပြောကြား

**နေပြည်တော် ဇူလိုင် ၂၈**

မြန်မာနိုင်ငံတွင် လတ်တလောဖြစ်ပွားနေသော ရေကြီးရေလျှံမှုများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာဖေမြင့်နှင့် ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီးဦးမင်းသူ၊ ဗိုလ်ချုပ်အောင်သူ၊ ဦးဝင်းမော်ထွန်းနှင့် ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက နိုင်ငံအတွင်းလတ်တလောဖြစ်ပေါ်နေသည့် သဘာဝဘေးအန္တရာယ် ရေကြီးရေလျှံမှုများနှင့်စပ်လျဉ်း၍ လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် **စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆**



## မြန်မာအမျိုးသားလေကြောင်းလိုင်း ရေကြီးသည့်ဒေသများသို့ အခေါက်ရေတိုး ပြေးဆွဲမည်

**ရန်ကုန် ဇူလိုင် ၂၈**

မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် ရေကြီးမှုဖြစ်ပေါ်နေသော မော်လမြိုင်နှင့် ထားဝယ်မြို့များရှိ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် ခရီးသွားလာမှု အဆင်ပြေလွယ်ကူစေရန် ဇူလိုင် ၃၀ ရက်တွင် လက်ရှိပျံသန်း ပြေးဆွဲနေသည့် ရန်ကုန်-မော်လမြိုင်-ရန်ကုန်ခရီးစဉ်ကို ယခင်ကခရီးစဉ် တစ်ခေါက်သာပြေးဆွဲရာမှ ယခုအခါ အခေါက်ရေနှစ်ခေါက်ထပ်တိုးကာ စုစုပေါင်း သုံးခေါက်နှင့် ဇူလိုင် ၃၁ ရက်တွင် နှစ်ခေါက်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ရန်ကုန်-ထားဝယ်-ရန်ကုန်ခရီးစဉ်ကို ယခင်ကတစ်ရက် တစ်ခေါက်သာ ပျံသန်းပြေးဆွဲရာမှ ယခုအခါ အခေါက်ရေတစ်ခေါက်ထပ်တိုးကာ စုစုပေါင်းနှစ်ခေါက် ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပြည်ထောင်စုဝန်ကြီးရဲ့လမ်းညွှန်ချက်အရ အခေါက်ရေထပ်တိုးပြေးဆွဲပေးတာပါ။ ATR-72 လေယာဉ်တွေနဲ့ ပျံသန်းပေးမှာဖြစ်ပါတယ်။ ထပ်ပြီးလိုအပ်တဲ့နေ့ရက်တွေမှာလည်း အခေါက်ရေတိုးချဲ့ ပျံသန်းပြေးဆွဲပေးသွားမှာပါ"ဟု မြန်မာအမျိုးသားလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ပြေးဆွဲမှုကို မြန်မာအမျိုးသားလေကြောင်းလိုင်း၏ Myanmar National Airlines ဖေ့စ်ဘွတ်စာမျက်နှာတွင် ဖော်ပြထားပြီး ပြေးဆွဲမည့်ခရီးစဉ် အချိန်ဇယားများပါရှိကြောင်း သိရသည်။

**ဇာနည်မောင်**

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အကြံပြုချက်

**နေပြည်တော် ဇူလိုင် ၂၈**

ဘားအံမြို့နယ်၊ ပဲခူးမြို့နယ်၊ ရွှေကျင်မြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်ကြသူများအနေဖြင့် မြစ်ရေကြီးမှု ဘေးအန္တရာယ်မှ ကင်းလွတ်ရာသို့ ရှောင်ရှားကြရန်နှင့် တောင်ငူမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက အကြံပြုထားသည်။

**သတင်းစဉ်**

## စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်နှင့် ဘီးလင်းမြစ်တို့ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၈**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ-

**စစ်တောင်းမြစ်**

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ပေဝက်ခန့်နှင့် မဒေါက်မြို့တွင် ခုနစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တောင်ငူမြို့တွင် တစ်ပေခန့်နှင့် မဒေါက်မြို့တွင် တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ၁၂၇၈ စင်တီမီတာသည် နှစ်ပေါင်း ၅၃ နှစ်အတွင်း အမြင့်ဆုံးရေမှတ်ဖြစ်သည်။ ယခင်အမြင့်ဆုံးရေမှတ်မှာ ၁၉၉၇ ခုနှစ် ဩဂုတ် ၂ ရက်တွင် တိုင်းတာရရှိသော ၁၂၄၄ စင်တီမီတာဖြစ်သည်။

**ရွှေကျင်မြစ်**

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ခြောက်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း နှစ်ပေခန့်ဆက်လက် တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ○**



# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ

အထူးကဏ္ဍ

ဇူလိုင် ၂၉၊ ၂၀၁၈ (တနင်္ဂနွေနေ့)


ဝတ္ထုတို

## ဥပုသ်သည်မာတာ

■ သူဝေး (တမာမြေ)



(၁)

ဥပုသ်နေ့ရောက်တိုင်း အမေဘုန်းကြီးကျောင်းသွားသီလယူတယ်။ အမေကသီလကျိုးမှာ အလွန်ကြောက်တယ်။ အထူးသဖြင့် သူ့ကြောင့် အခြားသတ္တဝါတွေ နာကျင်ရမှာ အမေအကြောက်ဆုံးပဲ။ ကျွန်တော်မှတ်မိသမျှသိသမျှ ပြောရရင် ပုရွက်ဆိတ်တစ်ကောင်ကအစ အမေ မသတ်ခဲ့ဖူးဘူး။ ပြီးတော့ အမေက နွားသား(အမဲသား)ကို မစားဘူး။ အမေ့အိမ်ကနွားမကြီး ရုတ်တရက်သေပြီးကတည်းက အမေ အမဲသား မစားခဲ့တာ။ အညာသူပီပီနွားချစ်တဲ့အမေလေ၊ အဲဒီနွားမကြီးသေတော့ အမေငိုရှာသတဲ့။ နွားချည်တိုင်းကြည့်ပြီပေါ့။ ဒါပေမယ့် အမဲသားမစားရက်တဲ့အမေ သားအတွက် စားခဲ့ရရှာတယ်လို့ အဘွားပြောပြဖူးတာက ဒီလို။

"ငါ့မြေးအမေကလေ အမဲသားစားရမှာ သေအောင်ကြောက်ရှာတာ မစားရက်တာပေါ့ကွယ်။ ငါ့မြေးလေးမွေးပြီးတော့ နို့ရည်ကမထွက်ရှာဘူး။ အဲ့တော့ အညာဆေးဓလေ့အရ နွားသား၊ နွားအမြီးကျိုသောက်ရတယ်။ သူ့ခမျာ သားကိုချစ်လို့သာ သောက်ရစားရတာ အရသာထက် သားအားရှိဖို့ ကြိတ်မှိတ်သောက်ရရှာသကွဲ့."

အဘွားအဲဒီစကားပြောပြတာ ကျွန်တော်အိမ်ထောင်ကျတဲ့အချိန်မှာ ဘာရည်ရွယ်ချက်နဲ့ ပြောပြတယ်ဆိုတာ သိသလိုလို မသိသလိုလိုနဲ့။ အင်းလို့သာ ထောက်ခဲ့ပြီး ဟုတ်လို့သာ ခေါင်းညိတ်ခဲ့တယ်။ ကျွန်တော် သားဦးလေးရတော့ အမေက အဘွားအကြောင်း ပြောပြပြန်တယ်။

"ငါ့သားအဘွားကလေ အမေငယ်ငယ်က လယ်ကြွက်စားချင်တယ်ပြောတော့ ကိုယ်တိုင် ကြွက်ရှာပြီး ချက်ကျွေးတာ အမေက အဲ့ဒီလိုချစ်တာဟဲ့ ငါ့ကို"

(၂)

အဲလိုပဲ အဘွားက အမေ့အကြောင်းပြော၊ အမေက အဘွားအကြောင်းပြောနဲ့ မိဘမေတ္တာပုံပြင်တွေ နားထောင်ခဲ့ရတာ ကျွန်တော်ကလေးအဖေဖြစ်တဲ့အထိပေါ့။ အခုဆို အမေအသက်အရွယ်ရပြီ။ ဒါပေမယ့် ကျွန်တော်ကြိုက်တတ်တဲ့ ဟင်း လေးများချက်ပြီး ပို့ရရှာတယ်။ ကျွန်တော်နေမကောင်းဘူးကြားရင် ဆေးနီကြော်ဘူးလေး လာပေးရှာတယ်။ အမေကသာ ကျွန်တော်ဆီလာရှာတာ၊ ကျွန်တော်က အမေ့အိမ် မရောက်ဖြစ်ဘူး။ အဖေကတော့ အမေ့ကို ပြောတယ်၊ တစ်လမ်းသာခြားတဲ့ မိဘအိမ်မလာတဲ့သား မင်းမို့လို့သွားတယ် ငါတော့မသွားပေါင် အနေသာကြီးတဲ့။ ပြောလို့သာပြောတာရယ် အဖေလည်းဘာထူးလဲ။ ကျွန်တော်ကိုထရံကျော်ပြီး ချောင်းချောင်း ကြည့်တာ မသိတာမှတ်လို့။ ပြီးတော့ ပြောသေးတယ်ဗျ။ မင်းသား ကလေးအဖေဖြစ်မှ ငါတို့တန်ဖိုး သိလာမယ်တဲ့။ ကျွန်တော် သားဦးလေးရတော့ အဖေလေ နေနိုင်တယ်ဆိုပြီး ဟန်ဆောင်ထားသမျှ အကုန်ဘူးပေါ်သလိုပေါ်တော့တာပဲ။ သူ့မြေးရက်သားလေးကို တွေ့ချင်မြင်ချင်တော့ ဘာလုပ်တယ်မှတ်လဲ။ ကျွန်တော် အိမ်အကြောင်းမရှိ အကြောင်းရှာလာပုံက ဒီလို။

"ဟေ့ကောင် မင်းအိမ် ငါ့ကြက်ဖကြီး လာသေးလား" တဲ့ အဲ့လိုပါဆို။ ကြက်ဖတရားခံရှာပြီး သူ့မြေးဦးလာကြည့်တာဗျ။ ဖြစ်ပုံက သူ့အဘလာကြည့်မှ ကျွန်တော်ကောင်ကလည်း သဲလိုက်ပုံ "ဗြဲ" ခနဲ ထအော်ငိုတော့ အဘခမျာ သောက် လက်စရေနွေးခွက်ချပြီး သူ့မြေးပုခက်အပြေးလာ "ဟဟ ငါ့မြေးကြီး ဘာဖြစ်တာတုန်း" အော်တော့တာ။ ပြီးမှ ရှက်ရမ်းရမ်းပြီး "ပြန်မယ်ဟေ့ ငါ့အိမ်နောက်ဖေးက ငါ့ကြက်ဖကြီး တွန်သံကြားတယ်"တဲ့။

(၃)

ကလေးအဖေဖြစ်မှ မိဘမေတ္တာသိမယ်တဲ့။ ကလေးအဖေဖြစ်တာကြာပေါ့။ ဖြစ်တာမှ ကလေးနှစ်ယောက်အဖေဗျ။ ငယ်တော့တဲ့အသက်မှ မဟုတ်တော့တာ။

ခုဆို ကျွန်တော်အသက် လေးဆယ်ကျော်ပြီလေ။ ထားပါ။ ကျွန်တော်ပြောချင်တာက သားသမီးအသက်အရွယ်ဆိုတာ အမေတွေအတွက် မဖြေရှင်းတတ်သော ဂဏန်းသင်္ချာ(သို့မဟုတ်)မဖြေချင်သော ပုစ္ဆာတစ်ပုဒ်လို့ လူတွေပြောကြပါတယ်။ ကလေးအဖေဖြစ်မှ မိဘမေတ္တာ သိလိမ့်မယ်တဲ့။

ကျွန်တော်ဗျာ ကလေးအဖေဖြစ်လည်း မသိသေးဘူး။ ဘယ်လောက်ထိ မသိတတ်လည်းဆို အမေ့အိမ်နဲ့ ကျွန်တော်အိမ် တစ်လမ်းသာခြားပေမယ့် တစ်လနေ တစ်ခေါက်တောင် အမေ့အိမ် မရောက်ဖြစ်ဘူးဗျာ။

"ခလုတ်ထိမှအမိတ"တဲ့။ အဲ့ဒီနေ့က ဇနီးနဲ့ ကတောက်ကဆဖြစ်တယ်။ စိတ်ညစ်တာနဲ့ မရောက်ဖြစ်တဲ့ အမေ့အိမ်ရောက်ဖြစ်တယ်။ အမေဝမ်းသာနေတယ်။ "ငါ့သားလေးအလည်လာတယ်တော့" တဲ့ ။

"အလည်ငါ့သားလေး"တဲ့။

ကျွန်တော်ဘာကြောင့် အမေ့ဆီလာတာ အမေမသိရှာဘူး။ ဒါမှမဟုတ် မသိဟန်ဆောင်နေတာလား။ ကျွန်တော်မှတ်မိနေသေးတယ်။ အဲ့နေ့က ဥပုသ်နေ့ အမေဥပုသ်စောင့်တဲ့နေ့ပါ။ အဆင်မပြေမှ အမေ့အိမ်လာတဲ့သားမိုက်ကို အမေ ဝမ်းသာအားရကြိုဆိုနေတာ သိရက်နဲ့သား မသိကျိုးကျွန်နေဖြစ်အောင်နေခဲ့တယ်။ ကျွန်တော်ကလေးဘဝက အိပ်ခဲ့တဲ့ ခုတင်ဟောင်းလေးပေါ်မှာ ခွေခွေလေးအိပ်နေတယ်။ အိပ်တယ်ဆိုပေမယ့် အိပ်မပျော်ပါဘူးဗျာ။ ဟိုတွေးဒီတွေးနဲ့ ကျွန်တော်ဘယ်လောက်ထိ အသိစိတ်မဲ့သလဲဆို အမေ့အကြောင်းတောင် မတွေးဖြစ်ဘူး။ ကျွန်တော်အမျိုးသမီးကို ဘယ်လိုပြန်ချော့ရကောင်းမလဲဘဲ တွေးတောနေတာ။ တရှုပ်ရှုပ်နဲ့အသံကြားလို့ မျက်စေ့မသိမသာလေး ခိုးကြည့်မိတော့ အမေလေ ကျွန်တော်အိပ်နေတဲ့အထင်နဲ့ ကျွန်တော်ဆိုတဲ့ သားလိမ္မာကြီးကို ငုံ့ကြည့်နေရှာတယ်။ ပြီးတော့ ကျွန်တော်နဖူးလေးစမ်းတယ်။ ပြီးတော့ ကျွန်တော်ရဲ့ဖြူစဖြစ်နေပြီဖြစ်တဲ့ ဆံပင်ကြမ်းကြမ်းကြီးကို အသာအယာ ပွတ်နေပြန်တယ်။

"အမေ" စိတ်ထဲက ခေါ်မိသလား။ ကျွန်တော်အမေ့ရဲ့ မေတ္တာအရိပ်ကို မသိမသာခိုး၍ ခိုနေမိတာပါလား။

"အမေ" ထပ်ခေါ်မိတယ် ခေါ်သံတိုးတိုးလေး။ ဟုတ်ပါတယ် အသံထွက်ခေါ်မိတယ်။ "သားကြီး အမေ့ကို ဘာပြောချင်လို့လဲ" အမေ့ကြားတယ်လား တိုးတိုးလေး အမေလို့ခေါ်သံကို နားထိုင်းခါးကိုင်းနေတဲ့အမေက ကြားတယ်တဲ့လား။ ဟင့်အင်း ဘာမှအမေကို ပြန်မပြောဖြစ်ပါဘူး။ ဆက်ပြီး အိပ်ချင်ဟန်ဆောင်နေလိုက်တယ်။

(၄)

ကျွန်တော်အိပ်ရာကနိုးပြီး မျက်လုံးအစုံဖွင့်ကြည့်မိတော့ အမေရဲ့လမင်းပမာအမေ့ရုပ်လွှာက သားမိုက်အပေါ်က သာနေဆဲပါလား။ ပါးရေတွန့်ပြီး ဆံဖြူနေတဲ့အမေ့ရုပ်ရည်က ဘယ်ပန်းချီရေးလို့ မမီပါလားဟု ထင်မိတယ်။ မျက်ရစ် တွဲကျနေတဲ့ အမေ့မျက်လုံးက သောက်ရှူးကြယ်ထက် တောက်ပနေတာပါလား။ အိုနေတဲ့ အမေ့ရုပ်ရည်ရဲ့ နုပျိုခြင်း အလှတရားကို ကျွန်တော် ခုမှ ရှာဖွေမိတတ်နေပါလား။ ကိုယ့်အရိုးကို အနိုင်နိုင်သယ်နေရလို့ လှုပ်ရှားမှုနှေးကွေးလာပြီဆိုတဲ့ အမေလေ

"ဖျပ်" အမေ ဘာလုပ်လိုက်လဲ သိလား။

ကျွန်တော်နဖူးပေါ်က ခြင်တစ်ကောင်ကို ရိုက်လိုက်တာဗျ။ အသက်ကြီး မျက်စိမှုန်နေတဲ့အမေက သားမိုက်ကြီးနဖူးမှာ သွေးစုပ်ဖို့ကြိုးစားနေတဲ့ ခြင်တစ်ကောင်ကို ဖျပ်ခနဲရိုက်နိုင် တယ်ဗျ။

ပြီးမှ အမေလေ ပြုံးသယောင်ယောင် ရယ်တော့မလိုလို မျက်နှာလေးနဲ့ "အဲ့တော် အမေ ဥပုသ်ကြီးနဲ့ တဲ့" အဲ့ဒီနေ့က အမေဥပုသ်ကျိုးလို့ ဝမ်းနည်းနေတာထက် သားတစ်ယောက်ကိုတတ်စွမ်းသရွေ့ ကာကွယ်ခဲ့နိုင်လို့ ဝမ်းသာပျော်ရွှင်နေတာ သားသိတယ်အမေ။

ခုချိန်ထိ ပုတီးလေးကိုင်ပြီး "အဲ့တော် အမေ ဥပုသ်ကြီးနဲ့လို့" ပြောတဲ့ အမေ့အသံကို ပြန်ကြားယောင်ရင်း နောင်တရနေဆဲ အမေဥပုသ်မကျိုးပါဘူးဗျာ။ ခြင်ကမသေဘူးလေအမေရဲ့လို့ ကျွန်တော်ဘာကြောင့် အမေ့ကို ညာမပြောဖြစ်ခဲ့ပါလိမ့်။ အော် မိဘကသာ အနစ်နာခံညာရဲပေမယ့် သားသမီးက မိဘကိုအနစ်နာခံ မညာရဲတာပါလား။ ကျွန်တော်လည်း အသက်ကြီးပြီး ဥပုသ်ယူသီလစောင့်ရတော့မယ့် အရွယ်ရောက်ပြီ။ ဒါပေမယ့် ကျွန်တော်ဥပုသ်စောင့်တဲ့နေ့မှာ ကျွန်တော်သားနဖူးမှာ ခြင်နားခဲ့သည်ရှိသော်. . . .။

## အမေ့ရွာသို့ အပြန်

မိုးဦးသစ်ပင် စိမ်းလန်းရွှင်
အမေ့ရွာသို့ လွမ်းစိတ်ဝင်
မှေးမှိတ်ခါပင် ခိုချင်သေး
အမေ့ရင်ခွင် ခပ်နွေးနွေး။
တောပင်တောပန်း ဝေဝေဆာ
အညာကျေးလက် အမေ့ရွာ
ခုနေအခါ ရောက်ချင်သေး
အမေ့ရင်ခွင် ခပ်နွေးနွေး။
အမေချက်ကျွေး တောဟင်းလျာ
ဘူးညွန့်၊ ခဝဲ စုံလင်စွာ
ဆူးပုပ်၊ မျှစ်မှာ စားချင်လှ
အမေ့လက်ရာ ချိုမြမြ။
အခွင့်သာလှ ချိန်အခါ
အမေ့ရွာသို့ အရောက်လာ
တိုးချကာလေ လွမ်းပါဘိ
မွေးမေမျက်နှာ ပြုံးပီတိ။
အမေ့ပီတိ ကြည့်လို့သာ
ကျွန်တော့်မှာလည်း လန်းရွှင်လာ
မွေးမေမေတ္တာ ကြီးစွာပ
နှိုင်းတုမရ အနန္တ။ ။

နောင်ရိုး(ကန့်ဘလူ)


## မျိုးဆက်သစ်ရင်ပြင်
## လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင် ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရင်ပြင်*** သို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြ ရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။ **(စာတည်းအဖွဲ့)**

ဆောင်းပါး

## နှုတ်ချို လှုံ့ချိုတစ်ပါး

**လင်းရိပ်ညို**

လွန်ခဲ့သောတနင်္ဂနွေနေ့က ကျွန်တော့်အမေမွေးနေ့ဖြစ်၍။ အမေက မွေးနေ့တိုင်းဘုရားသွား၍ ပုတီးစိပ်လေ့ရှိရာ ဒီနှစ်တွင်လည်း အမေအဖော်ရအောင် ကျွန်တော်နှင့် ကျွန်တော့်အစ်မပါ ရွှေတိဂုံဘုရားသို့ လိုက်ပါခဲ့ကြသည်။ မုန့်ဟင်းခါးအလွန်ကြိုက်တတ်သောကျွန်တော့်ကို ဗဟန်းဈေးမှ အမေစားလေ့ရှိသော မုန့်ဟင်းခါးဆိုင်တွင် ဝယ်ကျွေးမည်ဟုလည်း ဆွယ်သောကြောင့် ယခုလို မနက်အစောကြီး ဝီရိယအားကိုး၍ ထခြင်းဖြစ်ပေလိမ့်မည်။

အမေက အင်္ဂါထောင့်တွင်ဘုရားရှိခိုးပုတီးစိပ်၍ ပြုဖွယ်သော ကုသိုလ်အရပ်ရပ်တို့ကို ပြုပါသည်။ ထို့နောက် သားအမိသုံးယောက် စေတီတော်တစ်ပတ်ပတ်၍ အောင်မြေတွင် ဘုရားရှိခိုးကြသည်။ ဘုရားပေါ်က ဆင်းလာပြီးနောက် အမေညွှန်းသည့် မုန့်ဟင်းခါးဆိုင်လေးကို ပျပျလှမ်းမြင်ရ၏။ အမိုးအပြာရောင်လေးနှင့်ဖြစ်သည်။ ဆိုင်းဘုတ်မရှိ။ ဆိုင်နာမည်မရှိ။ ဘုန်းကြီးကျောင်းတစ်ကျောင်းရှေ့ဝယ် စားပွဲဝိုင်းခပ်သေးသေး သုံး၊ လေးဝိုင်းနှင့် ခုံပုလေးများနှင့်။ မုန့်ဟင်းခါးအနံ့ကတော့ အဝေးမှသည် ကောင်းစွာရှူမိသည်။ တကျွတ်ကျွတ်ဆာနေသော ဗိုက်အိုးကို အာဟာရဖြည့်ရန် ဆိုင်အနေအထားကြည့်မနေတော့ဘဲ ဝင်ထိုင်ရန်ပြင်တော့သည်။ သို့သော် ချက်ချင်းနေရာမရပါ။ ဤမျှသေးဖွဲလှသော မုန့်ဟင်းခါးဆိုင်လေးတွင် စားသူဝယ်သူတို့နှင့် ကြက်ပျံမကျစည်ကားနေသည်မှာ အတန်ငယ် ထူးဆန်းစရာတော့ကောင်း၏။ ရောင်းသူကား အသက် ၄၀ မကျော်လောက်သေးသည့် အမျိုးသမီးတစ်ယောက်နှင့် စားပွဲထိုးဟုထင်ရသော ခပ်ငယ်ငယ်ကောင်လေး နှစ်ယောက်။ သူတို့လည်း လက်မလည်ပါ။ ထိုစဉ် ဘုန်းကြီး ကျောင်းထဲမှ အသက် ၅၀ မကျော်နိုင်သေးသည့် လူကြီးတစ်ယောက်ထွက်လာ၍ ကျွန်တော့်အမေကို မြင်သည်နှင့်. .

"ဟာ. . ညီမလေး. . . လာလေ. . . "ဟု အားရပါးရဖိတ်ခေါ်၏။

ထိုလူကြီးကား အစိမ်းဖျော့ရောင်အကွက်ပုဆိုးကို ဒူးအောက်ကျရုံ ခပ်တိုတိုဝတ်ဆင်ထား၏။ လက်သုတ်ပဝါတစ်ထည်ကို သူ၏ရှပ်အင်္ကျီပခုံးစွန်းပေါ်တွင် လွှားတင်ထားသည်။ ချွေးသုတ်ရန်လား၊ ခုံသုတ်ရန်လား ကျွန်တော်မသိ။ ဇရာ၏ဖိစီးမှုကြောင့် မုတ်ဆိတ်မွေး၊ ဆံပင်မွေးတို့က သိသာစွာဖြူနေ၏။ သို့သော် သူ့မျက်လုံးများကား တက်ကြွမှုအပြည့်။ လှုပ်ရှားသွားလာပုံက မာန်အပြည့်။

ကံအားလျော်စွာ ခုံနေရာလွတ်သွားသဖြင့် သူက ကျွန်တော်တို့ သုံးယောက်စာ ကိုယ်တိုင်ကိုယ်ကျ နေရာချပေးပါသည်။

"ညီမလေး. . . ဘာစားမလဲ. . . ဒါ သားနဲ့ သမီးလား. . . "

စားပွဲဝိုင်းလေးပေါ်ရှိ တစ်ရှူးဘူးကိုစစ်ရင်း သူက မေးသည်။

"ဟုတ်တယ်ဦး. . . သားကမုန့်ဟင်းခါး အလွန်ကြိုက်တာလေ. . အဲဒါ သူ့ကိုဒီမှာစားဖူးအောင် ခေါ်လာတာ"

"အဲဒါဆိုရင်တော့ ဦးတို့လက်ရာ မြည်းကြည့်သားရေ. . . မင်းအမေက သူ့ရုံးအဖွဲ့တွေနဲ့ မနက်တိုင်းလိုလို လာအားပေးနေကျ. . . "

ကျွန်တော့်ပခုံးကို ခပ်ဖွဖွပုတ်ကာ တက်ကြွပြီး အနည်းငယ် ကျယ်လောင်သည့်အသံနှင့် ပြောသည်။

"အဲဒါဆိုဦးရေ. . . မုန့်ဟင်းခါး ဘူးသီးကြော်နဲ့ နှစ်ပွဲ. . . အကြီးမက မုန့်ဟင်းခါးမကြိုက်ဘူး"

"အဲဒါဆို သမီးအသုပ်လေးစား. . . အရမ်းကောင်းတယ်. . . မုန့်ဟင်းခါး ဟင်းရည်လေးနဲ့. . . . နော်. . . ငါ့ညီမလည်း အုန်းနို့ခေါက်ဆွဲစားတယ်မို့လား. . စားရင်မြည်းကြည့်. . . . ဆွေမျိုးစာရင်း အကုန်မေ့သွားမယ်"

"ဟုတ်. . . ဟုတ်"

အမေလည်းတပြုံးပြုံးနှင့် ထိုလူကြီးပြောသည်ကို ခေါင်းညိတ်လျက်သာ ထောက်ခံသည်။

"ဟော့. . . သားရေ. . . ဒီဝိုင်းအတွက် မုန့်ဟင်းခါး ဘူးသီးကြော်နဲ့ တစ်ပွဲ. . . အုန်းနို့ ပဲကြော်နဲ့တစ်ပွဲ. . အသုပ်တစ်ပွဲ. . . အစပ်အထည့်ဘူးနော်. . . ငါစားမယ့်ထဲက ပိုထည့်ပေးလိုက်ပါဟော့. . . . ငါ့ညီမတွေ များများစားရအောင်"

သူ့စကားကို ကျွန်တော် အံ့ဩသွားရသည်ကား အမှန်ပင်။ ပထမအချက်ကား သူသားလို့ လှမ်းခေါ်လိုက်သည့်ကောင်လေးကား သူတို့ဆိုင်မှစားပွဲထိုးကောင်လေးဖြစ်၏။ သူ့သားအရင်းတော့ ဘယ်နည်းနဲ့မှ မဖြစ်တန်ရာ။ ကျွန်တော်ထိုင်ဖူးသည့် ဆိုင်တော်တော်များများတွင် (လက်ဖက်ရည်ဆိုင်၊ အသုပ်ဆိုင်၊ အအေးဆိုင်စသည်ဖြင့်) စားပွဲထိုးကို သားဟု လှိုက်လှိုက်လှဲလှဲခေါ်သံ ကြားဖူးသည်မှာ ဤကား ပထမဆုံးပင်ဖြစ်၏။ အပေါ်ယံ လူကြားကောင်းရုံခေါ်လိုက်ခြင်း မဟုတ်သည်ကား လေသံကို နားထောင်ရုံနှင့် လူတိုင်းသိနိုင်သည်။ သားဟု ရည်ညွှန်းခံရသည့် စားပွဲထိုးကောင်လေး၏မျက်နှာလည်း ပြုံးရွှင်ကာ စိတ်ပါလက်ပါနှင့် ကျွန်တော်တို့အတွက် ပြင်ဆင်ပေးရှာသည်။

တချို့ဆိုင်များ မြင်ဖူးကြပါလိမ့်မည်။ ကိုယ့်ဆိုင်က စားပွဲထိုးကို ပိုက်ဆံပေး၍ ခိုင်းချင်တိုင်းခိုင်း၊ ပြောချင်တိုင်းပြော၊ ဆိုချင်တိုင်းဆိုကြသောဆိုင်များ ဒုနှင့်ဒေးပင်ဖြစ်၏။ သေချာပါသည်။ ထိုသို့သောဆိုင်မျိုးမှဝန်ထမ်းများ ထိုဆိုင်တွင်ကြာရှည်မတည်မြဲနိုင်။ ခွဲခြားဆက်ဆံခံရလွန်းသော အနေအထားတစ်ခုအောက်မှ တစ်ချိန်တော့ ပျော်ရွှင်စွာ ရုန်းထွက်ကြလိမ့်မည်။ အခုတော့ ဤလူကြီး၏ရင်ထဲမှ ချိုသာစွာထွက်ပေါ်လာသည့် အာလုတ်စကားလေးကြောင့် စားပွဲထိုးကောင်လေး မပျော်ဘဲနေနိုင်ပါမည်လား။ အလုပ်အပေါ်လည်း ချစ်ခင်စိတ်တိုးလာမည်မှာ မလွဲဧကန်ပင်ဖြစ်၏။ ဒုတိယအချက်ကား ငါစားမယ့်ထဲကပိုထည့်ပေးလိုက်ပါဆိုသည့်စကား။ ဤသည်လည်း အများကြားကောင်းရုံ ဟန်ဆောင်ပြောခြင်း မဟုတ်ပါ။ သူ့စေတနာက သူ့စကားမှာ အတိုင်းသားပေါ်ထွက်နေသည်။

တကူးတက ရှာဖွေနေစရာပင်မလို။ ကျွန်တော့်အမေဆိုင်ရွေးကောင်းလှသည်။ လက်ဖျစ်တတွတ်အချိန်မှာပင် မှာထားသည်တို့ ရောက်လာပါသည်။ ထို့အပြင် ထိုလူကြီးလည်း ထပ်ရောက်လာသည်။

"စားနော် သားတို့၊ သမီးတို့. . . . လိုတာရှိရင်ပြော. . . ဘာမှအားမနာနဲ့"ဟု ပြောပြီး အလျှုအိမ်သို့ လာရောက်စားသောက်သော လူများကိုဧည့်ခံသလို လောကွတ်ပြုသည်။ ထို့နောက် သူတခြားဝိုင်းများသို့ သွားဧည့်ခံသည်။ စားကောင်းရဲ့လား. . . ဟင်းရည်လိုရင်ပြော. . . အငန်ကလျှော့ထားတာ သွေးတိုးကုန်မှာစိုးလို့ပါ. . . နံနံပင်တွေပေါ်မှပေါ် လိုချင်ရင်ပြော. . . စသည်ဖြင့် ထိုနေရာလေးကား သူ့အသံဆာဆာနှင့် စည်ကားအသက်ဝင်နေသည်။

"သားရေ. . . ချော်လဲဦးမယ်ဖြည်းဖြည်းလာ. . . ဟင်းရည်မှောက်တာကိစ္စမရှိဘူး. . . မင်းအနာတရဖြစ်မှာစိုးလို့"

စားသုံးသူကိုရော ဝန်ထမ်းကိုပါ တစ်ပြေးညီ ချိုသာလွန်းသည့်ဆိုင်ပိုင်ရှင်ကို ကျွန်တော့်အသက် ၁၈ နှစ်တွင် ပထမဆုံးတွေ့ဖူးခြင်းဖြစ်သည်ကို ဤနေရာတွင် ဝန်ခံပါသည်။ ကျွန်တော် လွန်စွာပီတိဖြစ်၍ သူလုပ်သမျှကိုသာ လိုက်ကြည့်နေမိသည်။ ကျွန်တော်တို့အိမ်နားတွင် ရှားရှားပါးပါး မုန့်ဟင်းခါးဆိုင် တစ်ဆိုင်သာရှိသည်။ ထိုဆိုင်ကို မိန်းမကြီးနှစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်က ဦးဆောင်ရောင်းချသည်။ သုံးယောက်စလုံး သဘောမကောင်းချက်က ကျွန်တော်တို့ရပ်ကွက်တွင် လူပြောများသည်။ စားသုံးသူကို ချိုသာစွာပြောဆိုရန်ဝေးစွ။ ရန်မတွေ့ရုံတမယ် တစ်ခါတရံ အော်ချင်ငေါက်ချင်သေး၏။

စိတ်ကလည်းမရှည်ပါ။ ကပ်စေးလည်းအလွန်နည်းပြီး တစ်ခါတစ်ရံ သူတို့ထည့်ပေးသော ဟင်းရည်နည်းလွန်း၍ အနည်းငယ်ထပ်တောင်းလျှင်ပင် မျက်စောင်းကလှမ်းထိုးလိုက်သေးသည်။ သို့သော်လည်း မုန့်ဟင်းခါးအရသာမဆိုးသောကြောင့် လည်းကောင်း၊ စကားဦးခံခဲ့သည့်အတိုင်း ရှားရှားပါးပါး မုန့်ဟင်းခါးဆိုင်ဟူ၍ ထိုတစ်ဆိုင်သာရှိသည့်အတွက်ကြောင့်လည်းကောင်း ကျွန်တော်တို့မှာ မုန့်ဟင်းခါးစားချင်တိုင်း သူတို့၏အငြိုစူကို သည်းခံ၍သာ စားနေခဲ့ရသည်မှာ ကြာခဲ့ပါပြီ။

အခုတော့ ဗဟန်းဈေးထဲမှ ခပ်မှိန်မှိန် မုန့်ဟင်းခါးဆိုင်လေးတစ်ဆိုင် အင်မတန်ရောင်းကောင်းနေရခြင်း၏ လျှို့ဝှက်ချက်ကို နှိုင်းယှဉ်သိခဲ့ပါသည်။ ထို့အပြင် ကျွန်တော် ရည်ညွှန်းနေသည့်လူကြီးကား လာဝယ်သမျှဖောက်သည် တိုင်းလိုလိုနှင့် အကျွမ်းတဝင်ရှိသည်။

"ဟော. . . ရခိုင်မလေးလာပြီ ဟင်းရည်လျှော့. . . အဖတ်များများထည့်. . . ကောင်မလေးကပျစ်ပျစ်လေး စားတာ. . . ရန်ကုန်ရောက်တာကြာပြီ ရခိုင်လိုပြောတာ နည်းနည်းလျှော့ဦးနော်. . . "

"စက်ဘီးနဲ့သားလေး. . . အေးဆေးပေါ့. . . ဘာမှာထားလဲ. . . ထိုင်ပြီးရေနွေးကြမ်းလေး သောက်နေပါလား. . . မင်းအမေအတွက် ပဲသီးနဲ့နံနံပင် ပိုထည့်ပေးလိုက်ပ့ါမယ်"စသည်ဖြင့် မမောနိုင်အောင် အလုပ်တွေလည်းလုပ်. . . စားသုံးသူကိုလည်း လိုတာထက်ပိုအောင် ဂရုစိုက်ပေးနေ၏။

သူ့ဆိုင်လေးအတွင်းမှာ အပြုံးတို့ဝေဆာနေသည်။ ပီတိကို စားနေကြသည်။ ကျွန်တော်တို့ လူ့ပတ်ဝန်းကျင်တွင် အပြောကောင်းသောလူများထက် အပြောချိုသောလူများ ပိုလိုအပ်ပါသည်။ သေးနုပ်သောကိစ္စရပ်ပင် ဖြစ်ပါစေ စေတနာအရင်းခံ၍ စကားပြောလျှင် နားထောင်သူအတွက် ချိုသာခြင်းဟူသည် အလိုလိုဖြစ်ပေါ်လာပါလိမ့်မည်။ အပေါ်ယံအပြုံးမျက်နှာဖုံးတပ်၍ ပျားရည်စိမ်ထားသော မုသားစကားတို့ ပြောဆိုနေခြင်းထက် ရင်ထဲမှလှိုက်လှဲစွာ ထွက်ပေါ်လာသော မေတ္တာတို့နှင့် ရောပြွမ်းနေသည့် စေတနာစကားလုံးလေးများက ပိုနားထောင်၍ ကောင်းပါလိမ့်မည်။ ကျွန်တော်တို့ပြန်ခါနီး၍ ပိုက်ဆံရှင်းမည်ဆိုလျှင်လည်း ထိုလူကြီးမှာ အသည်းအသန်ပြေးလာပြီး. . .

"အသုပ်ဖိုးမပေးနဲ့ညီမ. . . ဦးအလကားကျွေးတာ စေတနာနဲ့"

"အာ. . မလုပ်ပါနဲ့ဦးရယ်. . . ယူပါ. . . "

"ရပါတယ် ညီမရယ်. . တစ်ခါတလေမှ ညီမသားနဲ့ သမီးကလာစားတဲ့ဟာကို. . . နောက်လည်း လမ်းကြုံရင် ဝင်စားနော် သားနဲ့သမီး. . . ဦးတို့ဆိုင်က နေ့တိုင်းဖွင့်တယ် လက်ရာလည်းမပြောင်းဘူး"

ရင်ထဲမှ ဝမ်းမြောက်ဝမ်းသာစွာနှင့် ကျွန်တော်သူ့ကို အလေးစားကြီး လေးစားမိသွားပါသည်။ ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးများနှင့်သာ ကျွန်တော်တို့ပတ်ဝန်းကျင် ပြည့်နှက်နေမည်ဆိုလျှင် မည်မျှနေပျော်ဖွယ် ကောင်းလိုက်မည်နည်း။ အဆင့်အတန်းခွဲခြားခြင်းမရှိ၊ မလိုမုန်းထားစိတ်ထားများမရှိ၊ ရုန့်ရင်းကြမ်းတမ်းသော စကားလုံးများမရှိ၊ လောဘသားကောင်း စိတ်ထားများမရှိ။ အိမ်ပြန်လမ်းတစ်လျှောက် ဤအတွေးတို့နှင့်ကြိုးစိုးရင်း သူ့လိုလူဖြစ်အောင် ကြိုးစားနေထိုင်မည်ဟုစိတ်ကူးရင်း နောက်တစ်ကြိမ်အခွင့်ရခဲ့လျှင် ဤဆိုင်၌သာ စိတ်ချမ်းသာစွာ လာစားမည်ဟုလည်း တွေးတောရင်း တွေးတောရင်းဖြင့်။ ။

## ဝါဝင်အခါတော်

◉ ဘွားဘွားလက်ကိုဆွဲလို့သာ
သမီးလည်းလိုက်မှာ
ဝါဆိုအခါ ဥပုသ်နေ့
သီလယူဖို့ ဘယ်မမေ့။

◉ ဘိုးဘိုးနဲ့အတူသားလည်းပါ
ဘုန်းကြီးကျောင်းကိုသွားကြမှာ
မြန်မာ့အခါ ဝါဆိုဦး
ပေးလှူဒါန လွှန်ကြည်နူး။

◉ ချစ်မိဘနဲ့ မြတ်ဆရာ
ဝါဝင်စမှာ ကန်တော့ပါ
ကောင်းမှုဝေဖြာ ခါတော်ဦး
မြန်မာ့ဓလေ့ ကုသိုလ်ထူး။

**မေနွယ်စိုး(မြန်မာစာ)**

ဆောင်းပါး

## အလှနဲ့ အချစ်

**လင်းထိန်**

ကြောင်ပိုင်ရှင်က သူ့ကြောင်လေးကိုကြည့်ရင်း မလှတော့ဘူး၊ ချစ်ဖို့မကောင်းတော့ဘူးလို့ ချစ်စနိုးလေးပြောလိုက်တဲ့အပြောလေးကို ကြားလိုက်ရတာဟာ ကဗျာစာဆိုကြီးတစ်ဦးရဲ့ အပြောတစ်ခုကို သတိရလာမိစေပါတယ်။ အလှနဲ့ အချစ် ဆက်စပ်မှုကိုပြောခဲ့တဲ့ လက်ဘနွန်နိုင်ငံသား စာဆိုကြီးရဲ့ အပြောကို သတိရမိစေတာ ဖြစ်ပါတယ်။ စာဆိုကြီးအမည်ကတော့ ခါလီဂျီဘရန်းဖြစ်ပြီး သူက "သဘာဝမှာ အလှက အဓိက။ အကြောင်းက အလှမှာ အချစ်ရှိလို့"ဆိုပြီး ပြောခဲ့ဖူးတာ ဖြစ်ပါတယ်။

ပြန်စဉ်းစားကြည့်တဲ့အခါမှာလည်း မိမိတို့ရဲ့ ဘဝတွေမှာ ချစ်မိကြိုက်မိသွားတဲ့အရာတွေတိုင်းမှာ လှလို့ဆိုတာဟာ ချစ်မိတယ်ဆိုတာရဲ့ရှေ့မှာ အရင်ရှိနေနှင့်ခဲ့သလို ရှိနေတယ်ဆိုတာကို တွေ့ရပါတယ်။ အနုပညာတစ်ရပ်ရပ်ရဲ့ လက်ရာတစ်ခုခုကိုပဲဖြစ်ဖြစ်၊ အားကစားတစ်ရပ်က အသင်းတစ်သင်းသင်းကိုပဲဖြစ်ဖြစ်၊ အသုံးအဆောင် အရာဝတ္ထုကိုပဲဖြစ်ဖြစ်၊ အိမ်မွေးတိရစ္ဆာန်ကိုပဲဖြစ်ဖြစ်၊ အဆောက်အအုံဒီဇိုင်းနဲ့ ရှုမျှော်ခင်းကိုပဲဖြစ်ဖြစ်၊ လူပုဂ္ဂိုလ်ကိုပဲဖြစ်ဖြစ် ချစ်ကြိုက်မိသွားတဲ့ဖြစ်ရပ်မှာ စာဆိုကြီးထောက်ပြပြောဆိုခဲ့တဲ့ အလှတစ်ခုခုကို အရင်ခံစားမိတာလေးက ရှိနှင့်နေခဲ့သလို ရှိတာကိုတွေ့ရတာ ဖြစ်ပါတယ်။ လှတယ်လို့ ခံစားရတဲ့အခိုက်မှာ အချစ်ဟာ မွေးဖွားလာတော့တာပဲလို့ နားလည်ရပါတော့တယ်။

ဒီနေရာမှာ ဆက်လက်နားလည်မိလိုက်တာကတော့ စာဆိုကြီးပြောတဲ့ အလှဆိုတာ ကြည့်သူ၊ မြင်သူ၊ ခံစားသူကိုလိုက်ပြီး အပြောင်းအလဲရှိနိုင်တယ် ဆိုတာကိုပဲ ဖြစ်ပါတယ်။ တစ်ယောက်က လှတယ်လို့မြင်တာ လက်ခံသတ်မှတ်တာဟာ အခြားတစ်ယောက်ဆီမှာ လှတယ်လို့ သူက မြင်ချင်မှမြင်မယ်၊ လက်ခံသတ်မှတ်ချင်မှ သတ်မှတ်မယ်ဆိုတာကိုပါ။ အလှကို၊ လှတယ်ဆိုတာကို ကိုယ်စီ ကိုယ်ပိုင်ဖွင့်ဆိုတဲ့အနက်အဓိပ္ပာယ်နဲ့ ချစ်ကြိုက်မှုတွေ ဖြစ်လိမ့်မယ်လို့ နားလည်ရတာ ဖြစ်ပါတယ်။ မိမိတို့ရဲ့ ပင်ကိုဗီဇ၊ ရှင်သန်ကြီးပြင်းခဲ့ရတဲ့ ပတ်ဝန်းကျင်အရနဲ့ မိမိတို့ တန်ဖိုးထားကိုင်စွဲတဲ့ တန်ဖိုးထားမှုတွေအလိုက် မိမိတို့ဘာသာ အလှကို ဖွင့်ဆိုသတ်မှတ်ခံစားကြလို့၊ အဆိုပါ ဖွင့်ဆိုသတ်မှတ်ချက်နဲ့ပဲ ချစ်ကြိုက်မှုတွေဖြစ်လိမ့်မယ်လို့ နားလည်ရတာ ဖြစ်ပါတယ်။ ကိုယ့်အနက်ဖွင့်ဆိုပုံနဲ့ကိုယ် လှတယ်လို့ ထင်မြင်ခံစားရတဲ့အခိုက်မှာ အဲဒါကို ချစ်တဲ့ အချစ်ဟာ မွေးဖွားလာတော့တာပဲလို့ နားလည်ရပါတော့တယ်။

ဒါပေမယ့်လည်း "လှလို့ ချစ်တာမဟုတ်၊ ချစ်လို့ လှတာပါ"ဆိုတဲ့ အဆိုတစ်ခုကလည်း စဉ်းစားစရာ ရှိနေပြန်တာ တွေ့ရပါတယ်။ တကယ်တော့ ဒီအဆိုဟာ လှတယ်လို့ ထင်မြင်ခံစားရခိုက်နဲ့ အချစ်ဖြစ်ပေါ်လာခိုက်ဟာ တချို့အဖို့ သိပ်နီးကပ်မြန်ဆန်သွားတတ်လွန်းလို့၊ အချိန်အကြားအလပ်တိုင်းထွာလိုက်လို့ မရလောက်အောင် တစ်ချိန်တည်း တစ်ပြိုင်တည်းနဲ့ တစ်ထပ်တည်းလို ဖြစ်သွားတတ်တာ ရှိလို့ဖြစ်လာတဲ့ အဆိုသာလို့ နားလည်ရပါတော့တယ်။

အထက်က ကြောင်ပိုင်ရှင်ဟာလည်း သူ့ကြောင်လေးကို ပွေ့ပိုက်ပွတ်သပ်ပြီး သပ်ရပ်သန့်ရှင်းအောင် ပြုပေးနေတာကို တွေ့ရတာဟာ စိတ်ချမ်းသာစရာကောင်းလှတာကို တွေ့ရပါတယ်။ တစ်ခါမြင်တွေ့ မြတ်နိုးခဲ့ရတဲ့ အလှကလေးက သူ့ရင်ထဲစွဲနေသရွေ့ သူ့အချစ်တွေ မပျက်ပြယ်တတ်တယ် ဆိုတာမျိုးကို နားလည်မိရစေတာမျိုးမို့ ဖြစ်ပါတယ်။

"သဘာဝမှာ အလှက အဓိက၊ အကြောင်းက အလှမှာ အချစ်ရှိလို့"ဆိုပြီး ပြောခဲ့တဲ့ စာဆိုကြီး ခါလီဂျီဘရန်းဟာ သူ့အဆိုကို အဲဒီလိုသာ ရပ်ထားတာ မဟုတ်ဘဲ နောက်တစ်ခွန်းကိုလည်း ဆက်ပြောခဲ့သေးတာ တွေ့ရပါတယ်။ "အလှမှာတည်တဲ့ အချစ်ကို ရရှိလိုခြင်းဟာ ဘဝရဲ့ ပြင်းပြတဲ့ဆန္ဒ"လို့ သူက ဆက်ပြောခဲ့ပါတယ်။ သူဆိုလိုတာကတော့ အဲဒီမြတ်နိုးမိရတဲ့ အလှနဲ့အတူ ချစ်သွားမိရတဲ့ ချစ်အလှလေးကို လက်ဝယ်ရရှိသွားလိုတာရဲ့ စေ့ဆော်မှုအားကပဲ ဘဝတွေကို ဆက်လက်လှုပ်ရှား ရှင်သန်ဖြစ်တည်နေစေကြတာလို့ ဆိုလိုတာဖြစ်ပြီး အလှအချစ်နဲ့ ဘဝတွေရဲ့ ဆက်စပ်မှုတွေကို စာဆိုကြီးက စိတ်ဝင်စားစရာ ပြောခဲ့တာကို အမှတ်ရမိရပါတော့တယ်။ ။

ဝတ္ထုတို

ကျော်သက်



မနှင့်စတွေ့ခဲ့တဲ့ ပထမဆုံးနေ့ကို ကျွန်တော် အမြဲအမှတ်ရနေမှာပါ။

တပ်ကုန်းမြို့နဲ့ ရှစ်မိုင်လောက်ဝေးတဲ့ ညောက်စောက်ရွာလေးကို ရာထူးတိုးနဲ့ တာဝန်ကျလာတဲ့ မကြီးစိမ့်ကို ပစ္စည်းတွေ လိုက်ပို့ရင်း ဒီဒေသကို ကျွန်တော် သိကျွမ်းခဲ့ရတာဖြစ်သည်။ ကျွန်တော် ဒီရွာလေးမှာ ရောက်နေတာ သုံးရက်ရှိခဲ့ပြီ။ ဘယ်မှ မထွက်ဖြစ်။ တစ်ညနေတော့ ကျွန်တော် ဆင်သေရေလွှဲဆည်ပေါင်ဆီသို့ လမ်းလျှောက်ထွက်ဖြစ်ခဲ့သည်။

ဆည်ပေါင်ရေအစပ်မှာ ငြိမ်သက်စွာ ထိုင်နေသော မိန်းကလေးတစ်ယောက်နှင့် ကျွန်တော် အမှတ်မထင် ဆုံတွေ့ခွင့်ရခဲ့သည်။ ဝင်းဝါပြီး စိုပြည်သော အသားအရေကို ပိုင်ဆိုင်ထားကာ မျက်ခုံးမျက်လုံး ဘာမှအပြစ်ပြောစရာမရှိ လူမှဟုတ်ရဲ့လားဟု ကျွန်တော် စိတ်ဝင်တစား ငေးစိုက်ကြည့်နေမိသည်။ လမ်းလျှောက်ရင်း အနီးနားရောက်လာတဲ့ သူ့ကိုကြည့်ပြီး ပါးစပ်မှ "ဟို ကျွန်တော်က ဧည့်သည်ပါ"

"ဟုတ် သိပါတယ်"

"ဗျာ ကျွန်တော့်ကို သိတယ်ဟုတ်လား"

ကျွန်တော့်ရဲ့ အလျင်လိုတဲ့ အသံကို ကြားရတော့ သူ့အပြုံးတွေ နည်းနည်းလျော့သွားသည်။

"ရှင့်ကိုတော့ ကျွန်မမသိပါဘူး။ ဒီနယ်မှာ မမြင်ဖူးလို့ ဧည့်သည်ဆိုတာ သိတယ်လို့ ပြောတာပါ၊ ကျွန်မ ငါးလေးတွေကို ချစ်လို့ ငါးစာလာကျွေးတာ။ အခု အိမ်ပြန်နောက်ကျလို့ပြန်ပါတော့မယ်"

"ဟုတ် ဟုတ်ကဲ့၊ ဒါနဲ့ ကျွန်တော့်နာမည်က ဟို ဟို မြတ် မြတ်ကျော်ပါ"

"ကျွန်မနာမည်က ဧကရီပါရှင်" ပြောပြောဆိုဆိုနှင့် လှည့်ထွက်သွားသော သူ့ကျောပြင်ကို ငေးစိုက်ကြည့်ရင်း ကျွန်တော့်ပါးစပ်မှ တရစပ်ရေရွတ်နေမိသည်က "ငါ့နာမည် မြတ်ကျော်" တော်တော် စဉ်းစားလိုက်ရတဲ့နာမည်ပဲ၊ မြတ်ကျော် ဒီနေ့ကစပြီး ငါ့နာမည် မြတ်ကျော်"

ကျွန်တော် ဒီနယ်လေးမှာ နေလာခဲ့တာ တစ်လပြည့်ခဲ့ပြီ။ ဖေဖေနဲ့ မေမေကတော့ ဘယ်တော့ပြန်လာမလဲ၊ တက္ကသိုလ်နောက်ဆုံးနှစ်မတက်ခင် သင်တန်းတွေ တက်ရမည် ပြောပြီး ခဏခဏ ဖုန်းဆက်ခေါ်သည်။ ဒီမှာ ပျော်နေပြီဟု ပြောမထွက်ဘဲ မကြီးစိမ့်နေသားကျအောင် နေပေးနေတာဟု မုသားစကား ဆိုရတော့သည်။ မကြီးစိမ့်ကတော့ ကျောင်းသားတွေ အောင်ချက်မြင့်မားရေးအတွက် သူ့အလုပ်နဲ့သူ ရှုပ်နေတော့သည်။ သို့ပေမယ့် သူနဲ့ကျွန်တော်ကတော့ အမြဲတမ်းလိုလို ဆည်ပေါင်မှာ ဆုံဖြစ်ကြသည်။ ဆုံတိုင်းလည်း စကားတွေ အများကြီးပြောဖြစ်ခဲ့ကြသည်။ "ကျွန်တော့်ထက် အသက် နှစ်နှစ်ကြီးတယ်ဆိုတော့ မလို့ပဲ ခေါ်မယ်နော် မ"

မ ပြုံးလိုက်သည်။ မရဲ့ ထိုအပြုံးတွေကို ပန်းချီရေးဆွဲလိုက်ရင်တောင် ကမ္ဘာမှာ ကျော်နေတဲ့ မိုနာလီဇာ ပန်းချီကားထက် အဆပေါင်းများစွာသာမည်ဟု ကျွန်တော် တွေးနေမိသည်။

တစ်မနက်မှာတော့ မိုးတွေရွာလာလို့ မရဲ့ ထီးရိပ်အောက်မှာ မိုးအတူဝင်ခိုလိုက်သည်။ မိုးစဲသွားပေမယ့် လေတိုက်အားက နည်းနည်းကြမ်းနေသည်။ ထီးကို လေနောက်ပါမသွားအောင် ရှိသမျှခွန်အားတွေနဲ့ တင်းရင်းစွာ ဆုပ်ကိုင်ထားတဲ့ မရဲ့လက်ပေါ်သို့ ကျွန်တော် ဖိညှစ်သလို ဖြစ်သွားမိသည်။

"တောင်းပန်ပါတယ် မ။ ဟို နာသွားပြီလားဗျာ"

"ဟင့်အင်း ဘာမှ မဖြစ်ပါဘူး၊ ရပါတယ်"

"ထီးကို ကျွန်တော်ကိုင်ပါ့မယ်၊ မလက်ကို လွှတ်လိုက်နော်"

မသည် ရှက်သွေးဖြာပြီး လက်ကို ဖြေလျှော့လိုက်သည်။ မနဲ့စကားပြောသည့် အခါတိုင်း "မသိပ်လှတာပဲနော်"ဟု ပထမဦးစွာ စကားစချီမိသည်။ ဒီလိုပြောလိုက်တိုင်း မ ကျွန်တော့်ကို ပြန်ပြောသည်က မောင်လေးက မိန်းမချော ချောသည်တဲ့။ အမှန်တော့ ကျွန်တော် မရဲ့ ဒီလိုတုံ့ပြန်မှုကို မနှစ်သက်ပါ။ သဘောမကျဖြစ်မိသည်။

"ဟာ မကလည်းဗျာ၊ ကျွန်တော့်ကို လှတယ်လို့ပြောရင် မကြိုက်ဘူးဗျ" ဒီလိုဆိုတော့ မက ပြုံးရယ်သံတွေနဲ့ စကားဆိုသည်။ "ဘာဖြစ်လို့လဲ၊ မောင်လေးက ရုပ်ရှင်ဗီဒီယိုတွေထဲက သရုပ်ဆောင်တွေလို ချောတာပါ"

"ကျွန်တော်က ယောကျ်ားကောင်းတစ်ယောက်ဖြစ်ရင်တော်ပါပြီ။ ပြီးတော့ ဟို မ ကျွန်တော့်ဘေးမှာ ရှိနေရင်ကျေနပ်ပြီ။ ကျွန်တော့်ရဲ့ မဝံ့မရဲစကားသံတွေကို နားထောင်ရင်း ဆိုလိုရင်းကို မ ရိပ်မိသွားသည်။ ရှက်သွေးဖြာနေတဲ့ မရဲ့ မျက်နှာသည် ရေပြင်သို့ လွှဲဖယ်နေတော့သည်။ မနဲ့ ကျွန်တော် ပြောလက်စ စကားသံတွေရပ်တန့်သွားပြီး ခေတ္တမျှ တိတ်ဆိတ်သွားခဲ့သည်။

"မကို ကျွန်တော် သိပ်ချစ်တယ်မ" ကျွန်တော့်အချစ်ကို လက်ခံမယ်မဟုတ်လား။ ကျွန်တော့်ကို ပြန်ချစ်မယ်မဟုတ်လား။ လေထဲသို့ လွင့်ပါနေသော ဆံနွယ်များကို သိမ်းယူရင်း ကျွန်တော့်ဘက်သို့လှည့်ကာ မ ပြုံးပြသည်။

"မက မိန်းကလေးလေ၊ စဉ်းစားချိန်လေးတော့ပေးဦးပေါ့။ အချိန်မပေးတော့ဘူးလားဟင်"

"ကျေးဇူးတင်လိုက်တာမရယ်၊ မ အခုလို ကျွန်တော့်ကို စဉ်းစားပေးမယ်လို့ပြောတာ ကျွန်တော့်ရင်ထဲ အတိုင်းအဆမသိ ပျော်မိတယ်။ မရဲ့အဖြေကို ကျွန်တော်စောင့်နေပါ့မယ်။ ပျော်လိုက်တာ မရယ် ကျွန်တော် ပျော်လိုက်တာဗျာ"

အချစ်နဲ့ ပတ်သက်ဆက်နွှယ်တဲ့ ရင်ခုန်ခြင်းဆိုတာ ကျွန်တော့်အတွက်တော့ အသက်ရှူတွေမှားသလို စိတ်တွေလည်း စနိုးစနောင့်ဖြစ်မိသည်။ အတွေးလွန်ပြီး အလုပ်တွေလည်းမှား၊ လက်တွေ့နဲ့စိတ်ကူး ထပ်ထူမကျတာတွေ မကိုချစ်ခဲ့မိပြီး တစ်ရက်အတွင်းမှာ ချက်ချင်းဖြစ်ပေါ်လာသည့် အချစ်ရဲ့ ခံစားချက်ကို ကျွန်တော်ကြုံတွေ့လိုက်ရခြင်းပင် ဖြစ်သည်။

မနက်ဖြန်မှာ မနှင့်တွေ့ပြီး မ ဆီက အဖြေတောင်းမည်။ ဆည်ပေါင်နှင့် မလှမ်းမကမ်းမှာရှိနေတဲ့ နေကြာပန်းခင်းကြီးဆီသို့ မ နှင့်အတူသွားမည်။ စကားတွေ အများကြီး ပြောပြီး မရဲ့ ပိတုန်းရောင် ဆံကေသာအထက်မှာ နေကြာပွင့်လေးတွေစီကာ ကိုယ်တိုင်ပန်ဆင်ပေးမည်။ ညဥ့်နက်လာလေလေ အတွေးများသထက်များလေမို့ ခေါင်းအုံးကို သာဖက်ပြီး မရဲ့အကြောင်း ဆက်၍ စဉ်းစားနေမိတော့သည်။

အပြင်က တံခါးခေါက်သံကြားရတော့ အိပ်ရာပေါ်မှ ကမန်းကတန်းထထိုင်လိုက်မိသည်။ စားပွဲပေါ်က နာရီကိုကြည့်လိုက်တော့ ၈ နာရီထိုးရန် ၅ မိနစ်အလို။ တစ်ညလုံး အိပ်မရဘဲ မိုးလင်းခါနီးမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်မို့ ခေါင်းတွေလည်း မူးနောက်ပြီး ချာလည်ပတ်လည် ရမ်းနေတော့သည်။

"ဒုန်း ဒုန်း ဒုန်း"

သေချာ နားထောင်ကြည့်လိုက်တော့ အပြင်ဘက်မှ တံခါးခေါက်သံမဟုတ်ဘဲ တံခါးကိုဆွဲလှုပ်ပြီး တွန်းဖွင့်သံဖြစ်နေသည်။ အော်ခေါ်နေသော မကြီးစိမ့်၏ အသံသည် အပြင်မှာတော့မသိ အခန်းအတွင်း တဖြည်းဖြည်း ပဲ့တင်ထပ်လာသည်။ တံခါးပေါက်အနားသို့သွားပြီး ကလန့်ချက်ကို ဖြုတ်လိုက်တော့ ဝုန်းခနဲ တံခါးကို အပြင်ကနေ အရှိန်ပြင်းပြင်း တွန်းဖွင့်လိုက်သည့် အားကြောင့် နောက်သို့ ခြေငါးလှမ်းလောက် အလျင်အမြန် ဆုတ်ခွာလိုက်ရသည်။

အပြင်မှာ မကြီးစိမ့်နဲ့အတူ ကျောင်းစောင့်ဦးလေးကြီးရယ်၊ ဈေးဆိုင်ကအစ်မကြီးရယ်၊ သံချောင်းခေါက်တဲ့ မောင်ရင်ထွေးရယ် ရပ်ကြည့်နေကြသည်။ သူတို့မျက်နှာတွေမှာ စိတ်သောကရောက်နေပုံ ထင်ဟပ်ပေါ်လွင်နေသည်။ အထူးသဖြင့် မကြီးစိမ့်၏ မျက်နှာသည် သွေးပျက်နေသည့်ဟန် စိုးရိမ်ထိတ်လန့်နေပုံရသည်။

"အောင်မလေး ငါ့မှာတော့ အထဲမှာ အော်မရ ခေါ်မရဖြစ်နေလို့ ညည်းကိုလေ အသက်မှရှိသေးရဲ့လားလို့ စိတ်ပူလိုက်ရတာ။ အထဲမှာ ဘာများဖြစ်နေလဲဆိုပြီး အပြင်ကနေ တူတွေ၊ လွှတွေနဲ့ တံခါးဖျက်ဖို့ လုပ်နေတာဟဲ့ သိပြီလား။ တော်ပြီ တော်ပြီ ဒီမှာ ညည်း ဆက်မနေရတော့ဘူး။ ရန်ကုန်ပြန်ရင် တစ်ခါတည်း နေခဲ့ပေတော့"

မူးနောက်နေသော ခေါင်းကို လက်ဖဝါးနှင့် အသာဖိရင်း မကြီးစိမ့်ရဲ့မျက်နှာကို ခပ်ကြောင်ကြောင် ကြည့်နေမိသည်။

"ဘာကြည့်နေတာလဲ၊ မျက်နှာမြန်မြန်သွားသစ်လေ၊ ညည်းကတော့လေ မိန်းကလေးဖြစ်ပြီး"

မကြီးစိမ့်၏ စကားသံသည် ချက်ချင်းဆိုသလို ရပ်တန့်သွားသည်။ ကျွန်တော် မကြီးစိမ့်ကိုကြည့်ပြီး ကြမ်းပြင်ပေါ် ကျသွားတဲ့ မျက်နှာသုတ်ပဝါကို တုန်ရီနေတဲ့ လက်တွေနဲ့ သုံးခါလောက် ပြန်ကောက်ယူရင်း ကမန်းကတန်း အပြင်သို့ ထွက်လာလိုက်သည်။ ကျွန်တော့်ကို မိန်းကလေးလို့ပြောသည့် မကြီးစိမ့်ကို စိတ်ထဲကနေ မကျေမချမ်း ဖြစ်နေမိပါတော့သည်။

"ကဲ မြန်မြန်လုပ်ပါဟယ်" ကားဂိတ်ရောက်မှ မနက်စာစား၊ ဒီမနက် ၉ နာရီကားနဲ့ ပြန်ရမှာ"

"၉ နာရီကားနဲ့ပြန်ရမယ် ဟုတ်လား" ကျွန်တော့်မျက်နှာသည် ရေခွက်ထဲမှ မိုးရေတွေထက် အဆပေါင်းများစွာ အေးစက်သွားသလို ခံစားမိသည်။ မျှော်လင့်မထားတဲ့ စကားတစ်ခွန်း ဘာတဲ့ အိမ်ပြန်မယ်။ မကြီးစိမ့် ကျောင်းပိတ်ရက်လည်း မဟုတ်။

"ကဲ မျက်နှာမြန်မြန်သစ်ပါ။ ဘာတွေ ငေးနေတာလဲ။ မေမေမနက်စောစောက မူးလဲလို့တဲ့။ အခုဆေးရုံကြီးမှာတင်ထားရတယ်လို့ ဖေဖေဖုန်းဆက်ပြောတယ်"

"ဖြစ်နိုင်ပါ့မလား မမကြီးရယ်" အရင်နေ့က မေမေနဲ့ဖုန်းပြောတာ အကောင်းကြီးဟာ"

"မေမေက သွေးတိုးနဲ့ ဆီးချိုရှိတယ်မလား" ကဲပါ နာရီဝက်ပဲလိုတော့တယ်။ အဝတ်အစားတွေ ထည့်ဖို့ပြင်၊ အကုန်ထည့်ခဲ့။ ငါကတော့ ခွင့်သုံးရက်ပဲယူထားတယ်။ ဟိုမှာနေခဲ့ရမှာက မင်းပဲ"

ကျွန်တော် ဘာမှလည်းစောဒကမတက်နိုင်ခဲ့ပါ။ ဖေဖေကလည်း အသက်အရွယ်ကြီးရင့်နေပြီ။ သည်တော့ မေမေ့ကို ပြုစုရန် နောက်ဆုံးတော့ ကိုယ့်အလှည့်ပဲ ကျလာတော့သည်။ ဖေဖေနှင့်မေမေ့ကို ဒီလိုအချိန်မှာ ပြောချင်သည်က နှစ်ယောက်ထဲမွေးခဲ့တာ နည်းတယ်ဆိုတာပါပဲလေ။ ကျွန်တော့်စိတ်တွေ နေလို့မကောင်း။ လူကသာ ကားပေါ်မှာဖြစ်သည်။ စိတ်ကတော့ နောက်ပြန်ရောက်လိုက်၊ ရှေ့ဆက်သွားလိုက်နှင့် မေမေ့အတွက် စိတ်ပူပင်ရသလို မကိုနှုတ်မဆက်ရလို့ တစ်လမ်းလုံး စိတ်မကောင်းလည်းဖြစ်ခဲ့ရပါသည်။

"မေမေ"

ကျွန်မအသံကြားတော့ တစ်ဖက်စောင်းအိပ်နေရင်းက ကျွန်မဘက် အသာလှည့်လာသည်။ အိပ်ရာထဲမှာ တစ်နှစ်ကျော်ကြာလဲလျောင်းနေသော မေမေ့ကိုကြည့်ပြီး ကျွန်မ သနားလွန်းလှသည်မို့ မေမေ့ရှေ့ရောက်တိုင်း မျက်ရည်မကျမိအောင် ထိန်းထားရသည်။

"မေမေ့သမီးလေးက ကျက်သရေရှိလိုက်တာကွယ်။ မေမေဒီလိုပုံစံနဲ့မြင်ချင်နေတာ ကြာပေါ့။ အခု သမီးမမကြီးနဲ့ တစ်ကျောင်းတည်း အတူတူတာဝန်ထမ်းဆောင်ရတော့ မေမေ ပိုပြီးစိတ်ချမ်းသာတယ်ကွယ်"

"သမီး မမကြီးနဲ့အတူ သွားကြနော်"

"မမကြီးက ဒီနေ့ကျောင်းမှာအလုပ်ကိစ္စလေးရှိလို့ အစောကြီးကျောင်းကိုသွားတယ် မေမေရဲ့"

"အင်းပေါ့ သမီးမမကြီးက အခု ကျောင်းအုပ်ဆရာမကြီးတောင် ဖြစ်နေပြီမလား။ သမီးလည်း ကြိုးစားနော်"

"သမီး ကျောင်းနောက်ကျနေမယ်လေ ကွယ်"

"ဟုတ်ကဲ့ဖေဖေ၊ ဒါနဲ့မေမေ့ကို နေ့လယ်ဆေးတိုက်ဖို့ စားပွဲပေါ်တင်ထားတယ်၊ ဖေဖေလည်း အိမ်ပေါ်အတက်အဆင်းဂရုစိုက်နော်"

ကျွန်မမူလတန်းပြ ဆရာမတစ်ယောက်ဖြစ်နေပြီမို့ ကျောင်းမှာကလေးတွေကို သေချာဂရုတစိုက် မှာကြားရသလို အိမ်ရောက်ပြန်တော့လည်း ဖေဖေနဲ့ မေမေ့အတွက် စိတ်ပူပင်ရပြန်သည်။ ဒါပေမယ့် မေမေဖြစ်စေချင်တဲ့ ကျောင်းဆရာမအလုပ်ကို ကိုယ်ရောစိတ်ပါနှစ်ပြီး လုပ်ခဲ့သည်မို့ ကျွန်မရင်ထဲ ကျေနပ်ပီတိဖြစ်ခဲ့ရတော့သည်။

"မ"

"ရှင်"

ယဉ်ပြီး နုပျိုနေသော မသည် နောက်သို့ ဖြည်းညင်းစွာလှည့်လာသည်။ မရဲ့မျက်ဝန်းတွေသည် အေးဆေးတည်ငြိမ်စွာ စူးစိုက်ကြည့်နေတော့သည်။

"ကျွန်မကိုသိလား ဟင်"

"ဟို မြတ်ကျော် အဲ မဟုတ်ပါဘူး။ ဆရာမကို ကျွန်မရင်းရင်းနှီးနှီး မြင်ဖူးနေသလိုပဲ"

"မအရင်က သိခဲ့တဲ့မြတ်ကျော်လေ"

"ရှင် အို ဆရာမက မြတ် မြတ်ကျော် ဟုတ်လား။ ယုံတောင်မယုံနိုင်ဘူးကွယ်"

"ကျွန်မနာမည်အမှန်က သဲအိအိကျော်ပါ ဆရာမ။ အရင်က မှားခဲ့တာတွေအတွက် တောင်းပန်ပါတယ် မမဧကရီ"

မထင်မှတ်ဘဲ ဆုံတွေ့ခဲ့ကြသည်မို့ ကျွန်မနှင့် မ နှစ်ယောက်သား ဘယ်ကစပြောရမှန်း မသိ စကားရှာမရဖြစ်နေခဲ့သည်။

တွေးမိသမျှပေါ်လာရာက စပြောရရင်ဖြင့် ကျွန်မအမေနေမကောင်းဖြစ်လို့ ဆေးရုံတက်သည့်အချိန်ကပဲ ဖြစ်သည်။

မေမေက မြန်မာလူမျိုးပီပီ မြန်မာလို ဝတ်စားဆင်ယင်တာကိုပဲ နှစ်သက်သည်။ ဆေးရုံတက်နေရသည့် မေမေ့ကိုသွားတွေ့သည့်အချိန်ကဖြစ်သည်။ မိန်းကလေးဆန်ဆန် ဝတ်မလာဘဲအတွေ့မခံဘူးဟု ပြော၍ ထိုနေ့က ကျွန်မတစ်သက် ရင်နစ်အောင်ခံစားလိုက်ရသည်။ မကြီးစိမ့်က ခွင့်ပြည့်လို့ပြန်သွားရင် မေမေ့မှာကျွန်မကလွဲပြီး တခြားပြုစုစရာမရှိဖြစ်ရမည်။ ဖေဖေကလည်း အသက်ကြီးရင့်ပြီ။ သည်တော့ဆေးရုံမှာ မေမေ့ကိုပြုစုရန်သွားတွေ့ရဖို့အတွက် မေမေဖြစ်စေချင်သော မြန်မာမိန်းကလေးတစ်ယောက်၏ ဝတ်စားဆင်ယင်မှုကို ကျွန်မတစ်သက်ဝတ်နေမကျ၍ ရှက်လည်းရှက်အနေအအထိုင်လည်း အတော်ကျပ်ခဲ့ရသည်။ ဘယ်လိုပဲဖြစ်စေကာမူ လူမမာ မေမေ့ကို စိတ်ချမ်းသာအောင်ထားချင်၍ အပြောအဆို အနေအထိုင်ကအစ မေမေ့ရဲ့ သွန်သင်မှုအောက်မှာ မေမေစိတ်ကျေနပ်သလိုသာ နေထိုင်ရင်း အခုလိုဘဝအစစ်အမှန်ကို ရောက်လာခဲ့ရတော့သည်။ နှစ်နှစ်အတွင်း ပြောင်းလဲသွားသော ကျွန်မကို မတစ်ယောက် တအံ့တသြအကြည့်တွေနှင့် ပီတိတွေဖြစ်မိနေသည်။

"လွန်ခဲ့တဲ့သုံးနှစ်က ကျွန်တော်မြတ်ကျော်ဆိုပြီး ချာတိတ်ကောင်လေး တစ်ယောက်ပုံစံနဲ့ ဆုံစည်းခဲ့ရတယ်။ အခုယဉ်ကျေးသိမ်မွေ့လွန်းတဲ့ ဆရာမလေးဖြစ်လို့နေပြီ။ မမအမြင်မှာ ဘဝနှစ်ခုကို ပြောင်းပြန်လှန်လိုက်သလိုပဲ။ ဘယ်လိုမှ မထင်မှတ်ထားတဲ့အရာမို့ မယုံနိုင်အောင် အံ့သြမိတယ်တကယ်ပါ။ ဝမ်းလည်း ဝမ်းသာတယ်ညီမလေးရယ်၊ တကယ်တော့ လူ့သဘာဝဆိုတာ ဒီလိုပါပဲလေ။ တစ်ခါတလေ မထင်မှတ်တဲ့အရာတွေက ဖြစ်မြောက်အောင်မြင်တတ်တယ်ဆိုတာမျိုးပေါ့။

နှစ်ယောက်သား ကျောင်းဝင်းအပြင်ကို အတန်ကြာငေးကြည့်နေကြပြီး ကြည်နူးပီတိတွေ ဖြစ်နေကြတော့သည်။ ။

ဆောင်းပါး

■ ပွင့်ပန်းဝေလှိုင်

# လူချင်းခင်မင် သတိယှဉ်

လူမှုပတ်ဝန်းကျင်တွင် အပေါင်းအသင်းမိတ်ဆွေများ၊ ငယ်သူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များစွာနှင့် အလုပ်သဘောအရသော်လည်းကောင်း၊ ခင်မင်မှုများအရသော်လည်းကောင်း စကားလက်ခံပြောဆိုနေကြရသည်။

ထိုသို့ပြောဆိုကြရာတွင် ပျော်ရွှင်စေလိုသောဆန္ဒအရ စခြင်း၊ နောက်ခြင်းများသည် ဒွန်တွဲပါနေတတ်သည်။ နှစ်လိုဖွယ်ကောင်းသော စနောက်ခြင်းများရှိသကဲ့သို့ ခင်မင်မှုကို အခွင့်ကောင်းယူကာ လိုအပ်သည်ထက်ပို၍ အောင့်သက်သက်နိုင်လှသော စနောက်ခြင်းများလည်း တွေ့ကြုံရတတ်သည်။ ဘဝအမောတွေကြား စခြင်း၊ နောက်ခြင်းသည် ဟာသသဘောဖြစ်၍ ရယ်မောစရာဖြစ်ကာ စိတ်ပျော်ရွှင်ကြရ၏။ လွတ်လပ်ပေါ့ပါးကြသည်။ သို့သော် “စ”သည်ဆိုကတည်းက တစ်စုံတစ်ယောက်ကို ပစ်မှတ်ထားပြီး ဟာသလုပ်ရသည်ဖြစ်ရာ အတိုင်းအတာတစ်ခု ထားသင့်ပေသည်။

အသက်ကြီးရင့်လာသောအခါ သူငယ်ချင်းအချင်းချင်း ရင်းနှီးမှုသဘောဖြင့် ပြန်လည်စနောက်သည့်အခါ ရယ်စရာဟာသအနေဖြင့် ရှိနေနိုင်သေးသည်။ ဆယ်ကျော်သက်အရွယ်တွင် စိတ်ကစားမိခဲ့ဖူးသော ငယ်ချစ်ဦးနှင့် အကြောင်းမဆုံစည်းနိုင်သူများကိုလည်း အပျော်သဘောဖြင့် စနောက်နေတတ်ကြပြန်သည်။

ထိုအကြောင်းသည် ရင်းနှီးမှုသရုပ်ကို ဖော်ပြလိုသော်လည်း စနောက်ဖန်များလာလျှင် ကာယကံရှင်အပါအဝင် သူနှင့်ပတ်သက်ဆက်နွယ်သူများအတွက် ကောင်းမွန်သောအလားအလာမရှိနိုင်ပေ။ အခင်အမင်များ ပျက်ယွင်းသွားနိုင်ပြီး မလိုလားအပ်သော ဆိုးကျိုးများပင် ဖြစ်ပေါ်လာစေနိုင်ပါသည်။

အဓိကမှာ နှုတ်စည်းစောင့်ထိန်းရန်ပင် ဖြစ်သည်။ စည်းဆိုသည်မှာ မလုပ်သင့်၊ မလုပ်အပ်သည်ကို တားမြစ်ထားသောအရာသာဖြစ်၏။ စည်းမစောင့်ခြင်းကြောင့် အခင်မင်ပျက်ခြင်း၊ ကိုယ်ကျင့်သိက္ခာများ ထိခိုက်ခြင်းနှင့် ရန်ငြိုးပွားခြင်းအထိ ဖြစ်ပေါ်စေနိုင်သည်။

ဤနေရာတွင် အဖြစ်အပျက်တစ်ခုကို သတိရမိသည်။ စာရေးသူသည် သူငယ်ချင်းတစ်ဦးနှင့်အတူ ငယ်သူငယ်ချင်းတစ်ဦး၏ မိခင်ဆုံးပါးသွားသဖြင့် နာရေးသတင်းသွားမေးခဲ့သည်။ ထိုသူငယ်ချင်းသည် အမေသေဆုံး၍ စိတ်ထိခိုက်သည်ထင်၏။ အရက်များစွာ သောက်ထားသူဖြစ်သည်။ စာရေးသူတို့နှင့်စကားပြောဆိုနေရင်း သူ၏ငယ်သူငယ်ချင်းများဖြစ်ကြောင်း၊ မည်မျှခင်မင်ရကြောင်း သူ့မိန်းမအပါအဝင် အိမ်သူအိမ်သားများရှေ့တွင် အမွှမ်းတင်ပြောဆိုခဲ့သည်။ မတွေ့ရသည်မှာ နှစ်ပေါင်းများစွာကြာပြီဖြစ်၍ ဖုန်းနံပါတ်တွေပေးရင်း အဆက်အသွယ်ပြန်ရသည်ကိုပင် အလွန်ဝမ်းသာလှကြောင်း ပြောပြန်၏။

ထိုသို့ပြောနေရင်းမှပင် အားမရနိုင်ဘဲ စာရေးသူ၏သူငယ်ချင်းမှာ သူ၏ငယ်ချစ်ဦးဖြစ်ကြောင်း လွန်ကဲစွာစတင်ပြောဆိုလာခဲ့သည်။

ယခုအချိန်အထိ အပျိုကြီးဖြစ်နေရခြင်းသည် သူ့ကိုစောင့်နေသယောင် ထင်ယောင်ထင်မှားဖြစ်စေရန် မထိခလုတ် ထိခလုတ်၊ မခံချိမခံသာ ပြောဆိုနေ၏။

ငယ်စဉ်ကတည်းက အူမချေးခါးအထိ အတွင်းသိအဆင်းသိများ ဖြစ်၍ မဟုတ်မှန်းသိထား၍သာ သိက္ခာမကျသော်လည်း အသုဘအိမ်ကဲ့သို့ လူစည်ကားသောနေရာတွင် ပြောသင့်သောစကား မဟုတ်ပေ။ သူကပြောလိုက်၊ သူငယ်ချင်းကငြင်းလိုက်၊ လူတွေကရယ်လိုက်ဖြင့် ပွဲကျနေသော်လည်း စာရေးသူမှာ ရယ်စရာဟုမမြင်နိုင်ဘဲ မနှစ်မြို့စရာအဖြစ်သာ ထင်မှတ်နေမိလေ၏။ မဟုတ်တာမပြောနှင့်ဟု ပြောလေ အသံပိုကျယ်လာပြီး ပို၍ဆိုးလာလေဖြစ်ကာ အရှက်မကွဲခင် အိမ်ကိုရောက်အောင် ပြန်ပြေးခဲ့ရသည့်အဖြစ်မျိုး ကြုံတွေ့ခဲ့ရဖူးသည်။

ထိုနေရာတွင် သူသည်မည်သည့် ရည်ရွယ်ချက်ဖြင့် ပြောသည်ကို မသိနိုင်ပေ။ အမှန်းရန်ငြိုးမရှိပါဘဲ စနောက်ခြင်းသည် လူသူ ပရိသတ်အလယ်တွင် ခင်မင်လွန်းသည်ဟု ပြသလိုသည်လား။ “ပြောမနာ ဆိုမနာ” ဆိုပြီး ပြောလိုခြင်းပေလား။ ဝေခွဲမရနိုင်ခဲ့ပေ။ အရက်မူးနေ၍ ပြောသည်ဟု မှတ်ယူခွင့်လွှတ်ခဲ့ကြသော်လည်း စောင့်ထိန်းအပ်သောစည်းကျိုးပေါက်ကာ မိတ်ဆွေကောင်းများ ဆုံးရှုံးခဲ့ရသည်မှာ အမှန်ပင်ဖြစ်၏။ ခင်လို့စလိုက်တာကို သူတို့ကစိတ်ဆိုးသွားကြတယ်ဆိုသော စကားတစ်ခွန်းနှင့် သူ့ဘက်ကသင်ပုန်းချေခဲ့သော်လည်း ခင်မင်မှုဆိုသည်မှာ ထိုသို့ပြသမှသိနိုင်သည်မဟုတ်။ ရင်းနှီးခင်မင်ကြောင်းကို အခြားနည်းလမ်းများဖြင့် ဖော်ပြလည်း ရနိုင်ပေ၏။

ငယ်သူငယ်ချင်းဟု ဆိုကြလေတိုင်း ငယ်ချစ်ဦးမဟုတ်ကြပေ။ ရိုးသားစွာ ခင်မင်နေကြသူများလည်း ရှိတတ်ကြသည်။ ယခုအချိန်အခါတွင် စာရေးသူတို့သည် လူလတ်ပိုင်းအရွယ်သို့ချည်းနင်း ဝင်ရောက်လာကြလေပြီ။ ပညာ၊ ငွေကြေး၊ ဂုဏ်ဒြပ်များစွာလည်း အထိုက်အလျောက်ရရှိပြီးကြသူများဖြစ်လာကြလေပြီ။ သူ့နေရာ၊ သူ့အသိုင်းအဝိုင်းအတွင်းတွင် သိက္ခာရှိစွာ ရပ်တည်ရှင်သန်နေသူများဖြစ်ကြ၏။

အမျိုးသားများသာ ဆင်ခြင်သင့်သည် မဟုတ်ပေ။ အမျိုးသမီးများသည်လည်း စကားကို လက်လွတ်စပယ် မပြောသင့်ပေ။ တစ်ခါက သူငယ်ချင်းဖြစ်သူအမျိုးသား၏ ဇနီးမှာ ကလေးမီးဖွား၍ သတင်းမေးရန်သွားကြသည်။ ငယ်ပေါင်းကြီးဖော်များပေမို့ ပွင့်လင်းစွာပြောဆိုကြ၊ ရယ်မောကြဖြင့် ဆေးရုံဟူ၍ပင် မေ့နေတော့သည်။ စနောက်တတ်သော သူငယ်ချင်းများလည်းပါသောကြောင့် ပိုမြိုင်ဆိုင်ကြပေသည်။ စနောက်ရင်း အနိုင်လုပြောဆိုမှုများကြောင့် အတိတ်ဟောင်းများ တူးဆွကြသည်။ သူ့ထက်ငါ အပြိုင် ငြင်းခုံကြသည်။ ကောင်းမွန်သောအတိတ်ထက် အထိနာသောအတိတ်ကိုသာ သာသာထိုးထိုး ပြောဆိုနေကြ၏။

ထိုအချိန်တွင် သူငယ်ချင်း၏ဇနီးဖြစ်သူ မီးနေသည်ဝင်ပြောလိုက်သော စကားတစ်ခွန်းကြောင့် အားလုံးမှာ ရယ်ရခက်၊ငိုရခက်ဖြစ်ကုန်၏။ “အစ်မတို့ရော ငယ်ငယ်က သူနဲ့ကင်းရှင်းကြရဲ့လား”ဟူသောစကားသည် ယခုမှတွေ့ဖူးသော ခင်ပွန်းသည်၏သူငယ်ချင်းများကို မပြောသင့်ပေ။ ကြည့်နေရင်း သဝန်တိုလာလျှင်ပင် ထိန်းချုပ်သင့်ပေသည်။ ရန်ကုန်ကဲ့သို့နေရာတွင် တစ်နေရာမှ တစ်နေရာသွားလာရန် အချိန်ယူရသည်။ အားလုံးအလုပ်များ နားကာလူစုပြီး လက်ဆောင်ပစ္စည်းနှင့် လာသောသူများ အားလုံးသည် ထိုစကားတစ်ခွန်းနှင့်ပင် စိတ်ပျက်ခဲ့ရလေသည်။

ထိုအကြောင်းနှင့်စပ်လျဉ်း၍ စာရေးသူငယ်စဉ်က ဖတ်ဖူးခဲ့သော စကားလေးကို သတိရမိခဲ့သည်။ နှစ်ကာလကြာပြီဖြစ်၍ မည်သူရေးကြောင်း မမှတ်မိသော်လည်း စာရေးသူ၏နှလုံးသား တစ်နေရာတွင် မှတ်သားပြီး လိုက်နာကျင့်သုံးခဲ့သည်။ အလွန်ကောင်းမွန်မှန်ကန်သောကြောင့် မိတ်ဆွေများကိုလည်း အမြဲမျှဝေမိခဲ့သည်။

“လူတွေက တစ်ယောက်နဲ့တစ်ယောက် ခင်မင်ရင်းနှီးလာပြီဆိုရင် စကားကို ယဉ်ယဉ်ကျေးကျေး မပြောကြတော့ဘူး။ လေးလေးစားစား မဆက်ဆံကြတော့ဘူး။ နင့်နင့်သည်းသည်း အနိုင်ပြောကြတော့ နာနာကြည်းကြည်းတွေဖြစ်ကုန်ကြရော၊တကယ်ဆိုရင် လူချင်းပိုခင်လာလေ ပိုပြီးလေးလေးစားစားပြောဆိုဆက်ဆံရလေပဲ၊ ရင်းနှီးလာလေ စကားကိုပိုပြီး ဆင်ဆင်ခြင်ခြင်ပြောဆိုသင့်လေပဲ။ အဲလိုမှမဟုတ်ရင် အရှည်တည်တံ့တဲ့ ဆက်ဆံရေးမျိုး မဖြစ်နိုင်ဘူး။”

အမှန်ပင်ဖြစ်ပေသည်။ ထိုစကားလေးသည် လက်ရှိလူ့ဘောင်အသိုင်းအဝိုင်းနှင့်လွန်စွာ ကိုက်ညီနေသောစာသာဖြစ်၏။ လေးလေးစားစားပြောရမည်ဟု ဆိုထား၍ ပုဆစ်တုပ်ထိုင်ပြီး ရိုကျိုးစွာ ပြောရမည်ကို မဆိုလိုပါ။ ရာထူး၊ ဂုဏ်သိမ်ဘေးဖယ်ထားကာ ပြောသင့်ဆိုသင့်သောစကားကို စည်းဝိုင်းအတွင်း၌ ထည့်သွင်း ပြောဆိုလိုခြင်းသာဖြစ်၏။

မိမိနှင့်ခင်မင်နေသော သူငယ်ချင်း၊ မိတ်ဆွေအပေါင်းအသင်းများနှင့် ပြောဆိုသည့်အခါ နှုတ်စည်းကိုစောင့်ထိန်းပြီး လေးစားခင်မင်စွာ ပြောဆိုဆက်ဆံခြင်းဖြင့် အမုန်းမပွားသော ခင်မင်မှုကိုရရှိခြင်း၊ မိမိကိုပြန်လည်လေးစားယုံကြည်ခြင်း၊ ချစ်ခင်နှစ်လိုဖွယ်ကောင်းသော လူမှုဆက်ဆံရေးကို ထိန်းသိမ်းထားနိုင်ခြင်း အစရှိသော အကျိုးကျေးဇူးများစွာကို ရရှိနိုင်ပါလိမ့်မည်။

ထို့ကြောင့် လူချင်းခင်မင်သတိယှဉ် ဆင်ခြင်ပြောဆိုခြင်းဖြင့် ရန်ညွန့်ရန်စွယ်ကျိုးကာ မိတ်ဆွေကောင်းများ တိုးပွားလာနိုင်ကြောင်း ထပ်လောင်းအသိပေးလိုက်ရပါသည်။ ။

## လက်ဆေးကြမယ်

သူငယ်ချင်းတို့ လာကြပါ
လက်ဆေးကြစို့ကွာ
ကစားပြီးခါ လက်ကိုဆေး
တို့များကျန်းမာရေး။
အညစ်အကြေး ပေတိုင်းမှာ
လက်ဆေးကြစို့ကွာ
အိမ်သာဆင်းလာ ခချက်ချင်း
တို့လက်များသန့်ရှင်း။
ထမင်းဟင်းများ စားတဲ့ခါ
လက်ကိုသန့်ရှင်းပါ
စားပြီးခါမှာ တို့လက်များ
ဆေးကြောသန့်ရှင်းထား။
ရေများများနဲ့ ဆေးရမှာ
ပွတ်တိုက်ပါ ဆပ်ပြာ
လက်ကိုဘယ်ညာ သန့်လို့ရှင်း
ရောဂါအားလုံးကင်း။

နံ့သာမြိုင် (ဘိုချို)

## မိတ်ဆွေစစ်

ပျင်းတဲ့အခါ ဘာလုပ်မှာ
စာကိုဖတ်ကြပါ။
စာအုပ်ဆိုတာ မိတ်ဆွေစစ်
သေထိတိုင်အောင် အကျိုးဖြစ်။
အားတဲ့အခါ ဘာလုပ်မှာ
စာအုပ်စာပေ လေ့လာပါ။
စာပေလေ့လာ မှတ်သားမှ
သိဉာဏ် ဗဟုတိုးတက်ရ။
မိတ်ဆွေစစ်ကို အားမကိုးလျှင်
ဒုက္ခရောက်မည် အမှန်ပင်။
သို့ကြောင့်အသင် စာဖတ်မှု
နေ့စဉ် နေ့တိုင်းပြု။
စာဖတ်သူရဲ့ ဦးခေါင်းဟာ
စာမဖတ် သူထက်သာ။
ထို့ကြောင့်သူငှာ စာဖတ်လို့
အကျိုးရှိစွာ ချိန်ကုန်စို့။ ။

သုတလင်း(ဆင်ပေါင်ဝဲ)

ဆောင်းပါး

■ အလင်းရောင်(မြို့သာ)

# စိုက်သည့်အပင် ရှင်စေလို

မိုးရာသီရောက်သည်နှင့် တစ်နိုင်ငံလုံး သစ်ပင်များ စိုက်ပျိုးကြတော့ပေမည်။ “သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဖို့ သစ်ပင်စိုက်ကြစို့” ဆောင်ပုဒ်နှင့်အညီ အနယ်နယ်အရပ်ရပ်တွင် သစ်ပင်စိုက်ပွဲတော်များ ကျင်းပကြသည်။ သတင်းစာဂျာနယ်များပေါ်တွင် သစ်ပင်စိုက်ပျိုးကြရန်ဆော်ဩကြသည့် ဆောင်းပါးများ ကဗျာများနှင့်အတူ သစ်ပင်စိုက်ပျိုးနေသည့်သတင်းဓာတ်ပုံများ နေရာစုံတွေ့မြင်ရတော့မည်ဖြစ်သည်။

ကျွန်တော်နေထိုင်သောဒေသမှာ မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့သော ရာသီဥတုကိုပိုင်ဆိုင်ထားသည်။ နှစ်စဉ်နှစ်တိုင်း မိုးရာသီရောက်သည်နှင့် သစ်ပင်စိုက်ပွဲများ စည်ကားစွာကျင်းပကြသည်။ သစ်ပင်စိုက်ပွဲများတွင် ဒေသခံရပ်မိရပ်ဖများ၊ တာဝန်ရှိသူပုဂ္ဂိုလ်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်စိုက်ပျိုးကြသည်။ ထိုသစ်ပင်စိုက်ပွဲတွင် မှတ်တမ်းတက်ဓာတ်ပုံများလည်း တဖျပ်ဖျပ်ရိုက်ကြသည်။

ရာသီစက်ဝန်းကြီးတစ်ပတ်လည်၍ နောက်နှစ် သည်အချိန်သည်ခါ ပြန်ရောက်သည်နှင့် ယခင်နှစ်များနည်းတူ သစ်ပင်စိုက်ပွဲများကို ထပ်မံကျင်းပကြပြန်သည်။ သက္ကရာဇ်တွေပြောင်းသွားသည်။ စိုက်ပျိုးသည့်ပုဂ္ဂိုလ်များလည်း ပြောင်းသွားသည်။ စိုက်ပျိုးသည့်နေရာကား မပြောင်းလဲပေ။ သစ်ပင်စိုက်ပွဲမှတ်တမ်းဓာတ်ပုံများကို လေ့လာခြင်းဖြင့် သိနိုင်သည်။ ယခင်မူလ သစ်ပင်မရှိသော နေရာတွင် သစ်ပင်များ မရှိမြဲမရှိဖြစ်နေပြန်သည်။

သစ်ပင်စိုက်ပွဲအဖြစ် ကျင်းပသည့်နေရာအများစုမှာ အများပြည်သူနှင့်သက်ဆိုင်သောနေရာများပင်ဖြစ်သည်။ ထိုစိုက်ပြီးသောသစ်ပင်များကို မြန်မာနိုင်ငံမှာတော့ တာဝန်ယူမှုတာဝန်ခံမှုကင်းမဲ့ကာ စောင့်ရှောက်ပေးမည့်သူ မရှိသလောက်ရှားပါးသည်။

ထို့ကြောင့်အန္တရာယ်အမျိုးမျိုးနှင့်ရင်ဆိုင်ရသည်က တစ်ကြောင်း၊ အစာရေစာ လောက်ငစွာ မစားသုံးရသည်ကတစ်ကြောင်း အကြောင်းအမျိုးမျိုးဖြင့် နုနယ်လှသောသစ်ပင်လေးမှာ ဘဝနိဂုံးချုပ်ကြရတော့သည်။ ထိုသို့ သစ်ပင်လေးများ အရွယ်မတိုင်မီ အကြွေစောရသည့်အဖြစ်မှ ကင်းလွတ်စေရန် သစ်ပင်ကိုချစ်မြတ်နိုး၍ စိုက်ပျိုးကြသည့် ကျွန်ုပ်တို့သည် ဉာဏ်နှင့်ယှဉ်ကာ စဉ်းစားကြဖို့ လိုအပ်လာပါသည်။

သစ်ပင်ကိုချစ်မြတ်နိုး၍ စိုက်ပျိုးလျှင် ဆိုင်းဘုတ်ထောင် ပျိုးပင်ကိုမြေချအလှဓာတ်ပုံရိုက်ရုံဖြင့် မပြီးပေ။ ပထမဦးစွာ သစ်ပင်စိုက်ပျိုးမည့် သင့်တော်သောမြေနေရာကို ရွေးချယ်တတ်ရပါမည်။ စိုက်မည့်နေရာသည် ရေရနိုင်သောနေရာဖြစ်ရပါမည်။ လူတို့နှင့်အလှမ်းဝေးသော၊ ရေမလောင်းပေးနိုင်သောနေရာမျိုးကို စိုက်ပျိုးမိလျှင် သဘာဝမိုးရေကိုဝလင်စွာ သောက်သုံးနိုင်စေရန် ရေစီးရေလာရှိသောနေရာများတွင်ဦးစားပေးစိုက်သင့်ပါသည်။

ထို့ပြင် သစ်ပင်စိုက်မည့်နေရာတွင် နေရောင်ခြည်နှင့် လေကောင်းစွာရရှိသော နေရာဖြစ်ဖို့လည်း လိုပါသည်။ စိုက်ပျိုးပြီးသော နုနယ်လှသည့်အပင်လေးများကို မြေထောင်မြှောက် ခါးဆွပေးခြင်း မိုးဝေးလျှင် ရေကူပေးခြင်း စသည်ဖြင့် လုပ်ပေးဆောင်ပေးဖို့လိုပါသည်။

ကမ္ဘာကြီးကိုကယ်တင်ရန်အတွက် သစ်ပင်စိုက်ကြရန်မှာ လူတိုင်း၏တာဝန်ဖြစ်သလို စိုက်ပျိုးထားသော သစ်ပင်များကိုလည်း စောင့်ကြည့်ထိန်းသိမ်းရမှာလည်း လူတိုင်း၏ တာဝန်ဖြစ်ပေသည်။ စိုက်ပျိုးသည့် အပင်အရေအတွက်သာ များပြားပြီး ထိန်းသိမ်းစောင့်ရှောက်မှုမရှိ၊ တာဝန်ယူမှုတာဝန်ခံမှုမရှိ ပစ်ထားလျှင် ပျိုးပင်များကို ဖြုန်းတီးရာ ရောက်ပေမည်။ အရေအတွက်နည်းသော်လည်း စိုက်သလောက်ရှင်သန်ဖြစ်ထွန်းအောင် ထိန်းသိမ်းစောင့်ရှောက်ပြုစုကြမည်ဆိုလျှင် အကျိုးသက်ရောက်မှု ရှိလာပေမည်။

နိုင်ငံတော်၏ဘဏ္ဍာငွေကို ဖြုန်းတီးရာမရောက်အောင် အသိစိတ်ဖြင့် အဘက်ဘက်မှဝိုင်းဝန်းကာ တာဝန်ယူမှုတာဝန်ခံမှုကိုယ်စီဖြင့်စိုက်ပျိုးကြရန် လိုအပ်ပါသည်။ စိုက်သောအပင်ရှင်သန်လာပါက ကမ္ဘာကြီးလည်း စိမ်းလန်းစိုပြည်လာပြီး သဘာဝဘေးအန္တရာယ်များမှ ကင်းဝေးကြရမှာ အမှန်ပင်ဖြစ်သည်။ ။

# မွေးကင်းစနှင့် ရက်သားလေးများအတွက် ကျန်းမာရေး

**ယုဝတီ-ခင်ဦး**

ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်း ကလေးဆေးရုံဟောင်းတွင် ကျွန်မတို့ အထူးကုဆရာဝန်များ၏ နေ့စဉ်တာဝန်ချိန်က နံနက် ၈ နာရီမှ ညနေ ၄ နာရီထိဖြစ်ပါသည်။ သို့ရာတွင် ကလေးများ၏ အသက်ကယ်နေရသော ဆရာဝန်၊ ဆရာမများမှာ နောက်ဂျူတီဝင်မည့်သူ မရောက်မချင်း ကိုယ့်တာဝန်ကို အပြီးဆက်လက်ဆောင်ရွက်ရသည်။ တစ်ခါတစ်ရံဂျူတီပြီး၍ ပြန်မည့်သူသည် မပြန်နိုင်ဘဲ ဂျူတီအသစ်ဝင်သူနှင့် နှစ်ယောက်ပေါင်းပြီး ကလေးအသက်ကို သေမင်းနှင့် လုခဲ့ကြရပေါင်းမှာ မရေမတွက်နိုင် ရှိခဲ့ကြသည်။

နံနက် ၈ နာရီက ကိုယ့်ရဲ့ ဂျူတီချိန်စဝင်ရမည်ဖြစ်၍ နံနက် ၇ နာရီအရောက် ထိုအချိန်က ဗောက်(စ)ဝယ်ဂင်ကားအဖြူကလေးမောင်း၍ ကိုယ့်အခန်းသို့ ကိုယ်ရောက်ခဲ့ရသည်။ အကြောင်းမှာ မိသားစုစားဝတ်နေရေးကြောင့် စိတ်သိပ်မချဘဲ အိမ်ပြန်လွှတ်လိုက်ရသည့် ကလေးများ၊ အသိမိတ်ဆွေများနှင့် ဆရာဝန်များက မိမိနာမည်တပ်၍ လွှဲစာနှင့် လွှတ်လိုက်သော အရေးတကြီး ဖျားနာလာသည့် ကလေးများ၊ ထိုအချိန်က ၁၉၆၉ ခုနှစ် ပတ်ဝန်းကျင်ဖြစ်၍ သွေးလွန်တုပ်ကွေးစပေါ်ချိန်ဖြစ်ရာ ကော်ဖီရောင်အန်ပြီး အနီစက်ထွက်လာသမျှ ကလေးများသည် တန်းစီရောက်လာကြသဖြင့် မေတ္တာ၊ ကရုဏာ အပြည့်ဖြင့် ကြည့်ပေးခဲ့ရသည်။

သူငယ်ချင်းတစ်ဦး ခွင့်ယူထားသဖြင့် ကျွန်မသည် သူ့တာဝန်ကျရာအခန်းပါ ယနေ့ကြည့်ရှုပေးရမည်ဖြစ်သဖြင့် ရိုးရိုးအဖျားရှိသည့် ကလေးများကို ပြင်ပလူနာဌာနမှ ဆရာဝန်ကြီးထံ ပြန်လွှဲအပ်ပြီး ၈ နာရီထိုးသည်နှင့် ကိုယ့်အခန်းထဲက ကလေးတွေကို ကြည့်ပေးရတော့သည်။

"ဒေါက်တာလာပြီဟေ့" ကလေးခုတင်ပေါ် ထိုင်နေမိကြသော မိခင်များသည် ခုတင်ပေါ်မှ ကမန်းကတန်းခုန်ဆင်းပြီး မျက်နှာချိုသွေး၍ စောင့်နေကြသည်။ ဆေးရုံဆင်းရမည့် မိခင်များ၊ အဖျားမကျသေးသော ကလေးများ၏ မိခင်များမှာ ကျွန်မကိုလည်ပင်းတစ်တောင်ဆန့်၍ မျှော်နေကြရာ ကျွန်မကိုမြင်သည်နှင့် အားကိုးအားထားသော အမူအရာများနှင့် ကြည့်နေကြရှာသည်။

ကျွန်မသည် မိခင်များနှင့် ကလေးများကို ပြုံးရယ်၍ တစ်ဦးချင်းနှုတ်ဆက်လိုက်သည်။ ဆေးမကုရသေးမီ ဆရာဝန်၏ အပြုံးပန်းတစ်ချက်သည် မိဘဆွေမျိုးကလေးများအတွက် အားဆေးတစ်ခွက်ပင် ဖြစ်ပါသည်ဟု ယုံကြည်ပါသည်။ ကျွန်မသည် မိခင်များမမေးခင် မိခင်များမေးချင်၊ သိချင်နေသော အချက်များကို ကြိုတင်သိထားပြီးဖြစ်ရာ ရောဂါအကြောင်းကို စိတ်ရှည်လက်ရှည် ရှင်းပြတတ်သည်။ ကလေးများကို စမ်းသပ်ရင်လည်း ကျန်းမာရေးပညာပေးတရားများ နားလည်အောင်ပြောပြတတ်သည်မှာ အကျင့်ဖြစ်၍ နေလေသည်။

"ဒီကလေးက နေ့စဉ်ဆီးစစ်ရတယ်၊ သွေးတိုင်းရတယ်၊ ကျောက်ကပ်ရောဂါဖြစ်နေတော့ အငန်နဲ့မတည့်ဘူး၊ ဆော်ဒါပါတဲ့မုန့်တွေနဲ့လည်း မတည့်ဘူး၊ အခုတော့ ဆန်ပြုတ်ကလေးပဲ သောက်ထားဦးနော်"

ကလေးတွေ၏ ခုတင်ခြေရင်းတွင် တန်းစီနေသော ဆီးပုလင်းများကို ငုံ့ကြည့်ပြီး ဆရာမ စစ်ထားသော ဖန်ပြွန်ချောင်းထဲမှ ဆီးအဖြူအနှစ်ရောင်များ၊ အုန်းရည်ရောင်များ၊ ဆပ်ပြာရည်အရောင်တို့ကို တစ်ခုပြီးတစ်ခု ယူကြည့်ကာ ရောဂါအခြေအနေများ ကြည့်ရသည်။ အလုပ်သင်ဆရာဝန်များ စမ်းထားသော သွေးပေါင်ချိန်စာရင်းများကို လှန်ကြည့်ရင်း မိခင်များအား အားပေးရသည်။ အခန်းထဲမှထွက်ခါနီး ကလေးများကိုလည်း ပြုံးပြ၍ အခန်းထဲမှ ထွက်လာခဲ့ရသည်။

နောက်တစ်ခန်းသို့ရောက်လျှင် ကျွန်မတို့သည် ဖိနပ်အဟောင်းကိုချွတ် အသစ်ကိုစီး၍ အပေါ်အင်္ကျီအဖြူ (GOWN) ဂေါင်းကိုဝတ်၊ မျက်နှာဖုံးကိုစွပ်၊ လက်ကို တံတောင်ဆစ်အထိ ဆပ်ပြာဖြင့်ဆေးပြီး သူငယ်ချင်း၏ အခန်းထဲသို့ ကူးလာခဲ့ရာ ရက်သားကလေးများသည် နီယွန်မီးရောင်အပြာအောက်ရှိ ခုတင်ကလေးများပေါ်တွင် ကိုယ်တုံးလုံးကလေးများ စီလျက်ရှိကြသည်။ အဝါဆိပ်များကို နီယွန်မီးရောင်နှင့် ထပ်မတိုးအောင် တားထားခြင်းဖြစ်သည်။ ကလေးခြေဖနောင့်မှ သွေးဖောက်ကာ အဝါဆိပ်များ တက်မတက် စမ်းသပ်ထားသည့် မှတ်တမ်းကို ဆရာမက ပြသည်။ ဘေဘီမအေးမြင့်ခေါ် ရက်သားကလေးသည် အတော်ဝါနေသည်ကို တွေ့ရသည်။

> မွေးကင်းစကလေးများ၊ ရက်သားကလေးများကို အသားဝါ၍ သွေးဆိပ်များ ထုတ်ပြီး သွေးသန့်များသွင်းပေးရသည့် ကလေးငယ်များကို ဒပ်ဖရင်ဆေးရုံ(ခေါ်) ဗဟိုအမျိုးသမီးဆေးရုံမှ ဆရာဝန်၊ ဆရာမများကလည်း ၂၄ နာရီအတောအတွင်း အချိန်မရွေး ကုသပေးခဲ့ကြ၊ ပေးနေကြပါသည်

"ရက်သားကလေးတွေမှာ ဘာလို့ အသားဝါရောဂါ ဖြစ်ရတာလဲ"ဟု အလုပ်သင်ဆရာဝန်တစ်ဦးကို လှမ်းမေးလိုက်ရာ----

"မွေးပြီးစ နှစ်ရက်၊ သုံးရက်အထိ ကလေးရဲ့အသည်းထဲက အင်ဇိုင်းဓာတ်က သိပ်မထွက်သေးလို့ သွေးထဲမှာ ဘီလီရူဘင်တွေများပြီး အသားခဏဝါလာတာ ဖြစ်ပါတယ်၊ နောက်တစ်ပတ်ဆိုရင် သူ့အလိုလို ပျောက်သွားမှာပါ။

နောက်တစ်ခုကတော့ Rh သွေးအနုတ်လက္ခဏာရှိတဲ့အမေက Rh အပေါင်းလက္ခဏာရှိတဲ့ကလေး မွေးလာတဲ့အခါမှာ သွေးချင်းမတည့်လို့ ဘီလီရူဘင်တွေများပြီး ဝါလာတာဖြစ်ပါတယ်။ ဒီ Rh သွေးမတည့်တာကတော့ အနောက်နိုင်ငံတွေမှာ အများဆုံးဖြစ်တတ်ပါတယ်။

နောက်တစ်ခုကလည်း လမစေ့ ပေါင်မပြည့်တဲ့ ကလေးတွေမှာ အသားဝါရောဂါဖြစ်တယ်။

နောက်တစ်မျိုးကတော့ အမေရဲ့သွေးက အိုသွေး၊ ကလေးရဲ့သွေးက အေ သို့မဟုတ် ဘီ ဖြစ်ခဲ့ရင် သွေးချင်းမတည့်ဘဲ အင်ဒါရိုက်ဘီလီရူဘင်တွေ အများကြီးဖြစ်လို့ ဝါလာပါတယ်။

နောက်တစ်ခုကတော့ ကလေးချက်က အနာဖြစ်တာတို့၊ ကလေးမှာ အဖျားအနာတို့ ရှိနေရင်လည်း အင်ဒါရိုက်ဘီလီရူဘင်တွေရှိလာပြီး အသားဝါလာတာပါ"ကျွန်မသည် အင်္ဂလိပ်လို ပြန်ဖြေနေသော အလုပ်သင်ဆရာဝန်အား သဘောကျ၍ ချီးမွမ်းလိုက်သည်။

"အေး မင်းတော်တယ်၊ ဝါတဲ့အကြောင်းတွေကတော့ အများကြီးပဲ၊ အရေးကြီးဆုံးကတော့ အင်ဒါရိုက်ဘီလီရူဘင်တွေ ဦးနှောက်ထဲရောက်သွားရင် ကလေးက ခါးကော့တက်ပြီး ဦးနှောက်ပျက်သွားတယ်၊ အသက်လည်း ဆုံးရှုံးနိုင်တယ်၊ အဲဒီလိုမဖြစ်ရအောင် အမြန်ဆုံးကာကွယ်ကုသပေးဖို့က အရေးကြီးဆုံးပဲ၊ လာ---လာ---- ကလေးတွေ သွားကြည့်ရအောင်"

ဘေဘီမအေးမြင့် ရက်သားကလေးသည် အဝါဆိပ်များ ထိပ်ဆုံးသို့ရောက်နေရာ ကျွန်မတို့သည် အချိန်မစောင့်နိုင်ဘဲ ခွဲစိတ်ခန်းတွင် ချက်ထဲရှိ သွေးပြန်ကြောထဲသို့ ပိုက်ထည့်၍ သွေးအဆိပ်များကို စုပ်ထုတ်ပြီး သွေးသန့်ပြန်သွင်းသည့် သွေးဟောင်းထုတ် သွေးသစ်သွင်းသည့် ကုသနည်းဖြင့် အမြန်ဆုံးကုသပေးရတော့သည်။

ဤသို့ဖြင့် ကျွန်မတို့အဖွဲ့သည် ကလေးချက်၏ သွေးပြန်ကြောထဲတွင် ပိုက်အသေးကလေးထည့်၍ ဖန်သားဆေးထိုးပြွန်ကိုတပ်ပြီး သွေးများထုတ်လိုက်၊ သွေးသစ်ပြန်သွင်းလိုက်နှင့် သွေးတစ်ပုလင်းခန့် ပေးနေရစဉ် အနီးမှဆရာဝန်တစ်ဦးက ကလေး၏နှလုံးကို နားကြပ်ဖြင့် အမြဲနားထောင်ပြီး သွေးခုန်နှုန်းစမ်းနေရသည်။ ကလေးပြာလာလျှင် အကြောထဲသို့ ဆေးသွင်းကြရသည်။

သွေးထုတ်ရင်း ကယ်လ်စီယမ်ဓာတ်များ လျော့နည်းပြီး ကလေးတက်သွားမည်စိုး၍ ကယ်လ်စီယမ်ဓာတ်များလည်း သွင်းရသည်။ ကလေးအသက်ရှူပုံကို မမှိတ်မသုန်ကြည့်ရင်း အောက်ဆီဂျင်ပေးရ၊ စိတ်ထဲမှ ဘုရားရှိခိုး၊ ဆုတောင်းရနှင့် ကလေး၏မျက်နှာနီရဲပြီး အခြေအနေကောင်းလာမှ ကျွန်မတို့အားလုံး ပြုံးရွှင်ကြရသည်။ ထမင်းစားဖို့ကိုလည်း မေ့သည်။ ကလေးအသက်ရှင်ဖို့သာလျှင် ဦးနှောက်နှင့် နှလုံးသားက လှုပ်ရှားနေရ၍ ကိုယ့်ကိုယ်ကိုယ်လည်း မေ့နေမိပါသည်။

ဘေဘီမအေးမြင့်မှာ ရက်သားကလေးဖြစ်၍ အမည်မမှည့်ရသေးပါ။ ကျွန်မတို့ကပင် အမေက မအေးမြင့်၊ အဖေက ဦးကျော်ဖြစ်ပြီး ကြာသပတေးသားကလေးဖြစ်၍ မောင်မျိုးမြင့်ကျော်ဟု မှည့်ခေါ်လိုက်ကြသည်။ ကျွန်မတို့သည် ကလေး၏ချက်မှ အဆိပ်များထုတ်ပြီးသည့်အလုပ်အောင်မြင်ပြီးသော်လည်း တစ်ရက်၊ နှစ်ရက်၊ သုံးရက်အထိ ရင်တမမနှင့် ကြည့်နေရသည်။ ဆေးရုံကဆင်းသောအခါလည်း တစ်ပတ်တစ်ခါ၊ နှစ်ပတ်တစ်ခါ၊ တစ်လတစ်ခါ အမြဲခေါ်၍ ကြည့်ရှုစစ်ဆေးစမ်းသပ်ရပါသည်။

အရေးကြီးဆုံး စမ်းသပ်ရသည်မှာ နဂိုကလေးများကဲ့သို့ မိခင်က စကားပြောလျှင် မျိုးမြင့်ကျော်သည် စူးစိုက်ကြည့်နေတတ်ရဲ့လား၊ တစ်လခွဲလောက်အကြာတွင် မိခင်က စကားပြောလျှင် ပြုံးလာတတ်ရဲ့လား၊ အသက် နှစ်လ၊ သုံးလအရွယ်တွင် ခုတင်ပေါ်မှာ ဆွဲထားသော အရုပ်ကလေးများကို လိုက်ကြည့်တတ်ရဲ့လား၊ လေးလအရွယ်တွင် အသံကြားရာ လှည့်ကြည့်တတ်ရဲ့လား (အကယ်၍ နားမကြားလျှင် စကားမပြောတတ်သည့် ကလေးဖြစ်မှာ စိုးရိမ်ပူပန်ကြရသည်)၊ ခြောက်လ ခုနစ်လတွင် ထိုင်တတ်ပြီလား၊ လူငုတ်တုတ်၊ သွားငုတ်တုတ်ဖြစ်ပြီလား၊ ခုနစ်လ ရှစ်လတွင် လျှာထုတ်တတ်ရဲ့လား၊ တစ်နှစ်တွင် လမ်းလျှောက်ပြီး ဖေဖေ မေမေ ခေါ်တတ်ပြီလား စသည်ဖြင့် လားပေါင်းများစွာ မျိုးမြင့်ကျော်ကို တစ်နှစ်သားအထိ စစ်ဆေးကြည့်ရှုကြရာ ကလေးသည် သွက်လက်ရွှင်မြူးပြီး ဉာဏ်ရည်ဉာဏ်သွေး ကောင်းနေသည်ကို တွေ့ရတော့မှ ကလေးငယ်၏ ရှေ့ရေးအတွက် စိတ်ချကာ ပျော်ရွှင်ရတော့သည်။

"မအေးမြင့်ရေ ကာကွယ်ဆေးတွေ အချိန်မှန်ထိုး၊ အချိန်မှန်တိုက်နော်၊ လူကြီးစားသလို အာဟာရဖြစ်အောင် အစားကောင်းကောင်းကျွေးပါ။ ကလေးက ခန္ဓာကိုယ်လည်း ဖွံ့ဖြိုး၊ ဉာဏ်ရည်လည်းမီလို့ ကျွန်မတို့ သိပ်ဝမ်းသာကြတယ်၊ ကျွန်မတို့ အသက်ကယ်ရကျိုးနပ်ပြီနော်"

ဤသို့ဖြင့် မွေးကင်းစကလေးများ၊ ရက်သားကလေးများကို အသားဝါ၍ သွေးဆိပ်များထုတ်ပြီး သွေးသန့်များ သွင်းပေးရသည့် ကလေးငယ်များကို ဒပ်ဖရင်ဆေးရုံ(ခေါ်) ဗဟိုအမျိုးသမီးဆေးရုံမှ ဆရာဝန်၊ ဆရာမများကလည်း ၂၄ နာရီအတောအတွင်း အချိန်မရွေး ကုသပေးခဲ့ကြ၊ ပေးနေကြပါသည်။

ကျွန်မသည် မျိုးမြင့်ကျော်ကို သွေးလဲသည့်နေ့က အိမ်ပြန်၍ နေ့လယ်စာ မစားတော့ဘဲ ကျွန်မတို့ သွေးသွင်းသည့်အဖွဲ့ကို ထမင်းကျွေးပြီး မကြည့်ရသေးသော ကလေးများ၏အခန်းကို ဆက်လက်၍ ကြည့်ရှုကုသပေးခဲ့ပါသည်။ မျိုးမြင့်ကျော်သည် ယခုအခါ အသက် (၃၀) ကျော်၍ ကုမ္ပဏီကြီးတစ်ခုတွင် မန်နေဂျာကြီးတစ်ဦး ဖြစ်နေသည်ဟု သိရပါသည်။

ဤကဲ့သို့ မွေးကင်းစနှင့် ရက်သားများ၏ အသားဝါရောဂါပေါင်း မြောက်မြားစွာကို ကျွန်မနှင့်အတူ ရောင်းရင်းဆရာဝန်များသည် မေတ္တာ၊ ကရုဏာ၊ စေတနာ၊ ဝါသနာဖြင့် ကုသပေးခဲ့ကြပါသည်။ ကလေးငယ်များကို ကာယ၊ ဉာဏစွမ်းအား ဖွံ့ဖြိုးတိုးတက်ရန် ယခု မျက်မှောက်ခေတ် မျိုးဆက်သစ်ဆရာဝန်များသည် ကျွန်မတို့ကဲ့သို့ပင် မေတ္တာ၊ ကရုဏာ၊ စေတနာ၊ ဝါသနာ အရင်းတည်ပြီး မြင့်မြတ်သောစိတ်ထားများဖြင့် မိမိတို့တာဝန်များကို ပခုံးပြောင်းလွှဲယူ၍ ထမ်းဆောင်ကြမည်ဟု ယုံကြည်မိပါသည်။ ။

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြစ်ရေတင်လုပ်ငန်း ၃၃ ခုမှ မိုးသီးနှံ ဧက ၂၀၈၂၀ အား စိုက်ပျိုးရေပေးဝေလျက်ရှိ



၂၀၁၈-၂၀၁၉ ခုနှစ် ဘုတလင်မြစ်ရေတင်လုပ်ငန်းမှ မိုးသီးနှံအတွက် ရေပေးဝေနေစဉ်။

**နေပြည်တော် ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စစ်ကိုင်းခရိုင်၊ မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်၊ ရွှေဘိုခရိုင်၊ ကလေးခရိုင်များ၏ မြစ်ရေတင်လုပ်ငန်းပေါင်း ၃၃ ခုမှ မိုးစပါး ဧက ၁၆၄၉၀ နှင့် အခြားသီးနှံ ဧက ၄၃၃၀ စုစုပေါင်း ဧက ၂၀၈၂၀ အား စိုက်ပျိုးရေပေးဝေရန် လျာထား၍ စတင်ရေပေးဝေလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ယခင်က စိုက်ပျိုးရေးအတွက် သဘာဝမိုးရေကိုသာ မှီခိုအားထား စိုက်ပျိုးခဲ့ကြရပြီး ရာသီဥတုဖောက်ပြန်၍ မိုးခေါင်သောနှစ်များတွင် စိုက်ပျိုးရေ လုံလောက်စွာမရရှိကြသဖြင့် သီးနှံအထွက်နှုန်းများ ကျဆင်းခြင်း၊ သီးနှံများပျက်စီးခြင်း၊ အချိန်မီ စိုက်ပျိုးနိုင်ခြင်းမရှိ၍ စိုက်ဧကများကျဆင်းကာ သီးနှံထုတ်လုပ်မှုများ ကျဆင်းခဲ့ရသည်။

ယခုအခါ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေး၊ စိုက်ပျိုးထုတ်ကုန်များ တိုးတက်မြင့်မားရေးအတွက် အထောက်အကူဖြစ်စေရန် သီးထပ်၊ သီးညှပ်စိုက်ပျိုးခြင်းအား တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ နိုင်ငံအတွင်းရှိ နေရာဒေသအသီးသီးတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆည်များ၊ တာတမံများ၊ မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေဖြင့် စိုက်ပျိုးရေတွင်းများအား တည်ဆောက်ပေးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် ထိုကဲ့သို့ စိုက်ပျိုးရေရရှိရေးအတွက် အဘက်ဘက်မှ ဆောင်ရွက်ပေးမှုများကြောင့် ယခုအခါ စိုက်ခင်းများနှင့် ရာသီမရွေး စိမ်းစိုလျက်ရှိနေသည်ကို တွေ့ရသည်။

**ညီညီသန်း(နေပြည်တော်)၊ ဓာတ်ပုံ-(ဆည်မြောင်း)**

# ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများအား ထောက်ပံ့ငွေပေးအပ်ပွဲ ချင်းပြည်နယ် လူမှုရေးဝန်ကြီး တက်ရောက်

**ထန်တလန် ဇူလိုင် ၂၈**

ချင်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ထန်တလန်မြို့နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းဖွဲ့အစည်းများဖြစ်သော ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအား ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို ထန်တလန်မြို့နယ်ခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် ချင်းပြည်နယ် လူမှုရေးရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်က အဖွင့်အမှာ စကားပြောကြားပြီး ထန်တလန်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ၁၁ ကျောင်းမှ တာဝန်ခံဆရာ ဆရာမများထံသို့ တစ်ကျောင်းလျှင် ငွေကျပ် ၃၅၀၀၀၀ နှုန်း ပေးအပ်ကာ ဆရာမ ဒေါ်တင်တင်က မူလတန်းကြိုကျောင်းများ အားလုံးကိုယ်စားကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါထောက်ပံ့ငွေ ပေးအပ်ပွဲသို့ ချင်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမင်းညွှန့်နှင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မိဘပြည်သူများ စုစုပေါင်း ၁၃၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ထန်တလန်(ပြန်/ဆက်)**

# တရားရုံးများ စစ်တမ်းကောက်ယူရေး ဆင့်ပွားသင်တန်း ဖွင့်လှစ်

**ညောင်ဦး ဇူလိုင် ၂၈**

နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အတွက် တရားရုံးများ စစ်တမ်းကောက်ယူရေး ဆင့်ပွားသင်တန်း အမှတ်စဉ်(၂)ဖွင့်ပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်တရားရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်ခင်ခင်ချိုက အဖွင့်အမှာစကားပြောကြားရာ၌ တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ တွင် မဟာဗျူဟာလုပ်ငန်းနယ်ပယ် ငါးရပ်ရှိပါကြောင်း၊ မဟာဗျူဟာရည်မှန်းချက် ၅-၁ အရ နိုင်ငံတစ်ဝန်းတရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှု အစီအစဉ် Case Management Program အား ၂၀၁၈-၂၀၁၉ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ တရားရုံးများ၏ အခြေခံအချက်အလက်များ ကောက်ယူရန် ယခုသင်တန်းများ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် ပြီးပြတ်သည့် အမှုတွဲများအား စစ်တမ်းကောက်ခြင်း၊ စစ်ဆေးဆဲအမှုတွဲများအား စစ်တမ်းကောက်ခြင်း၊ တရားရုံးအသုံးပြုသူများအား စစ်တမ်းကောက်ခြင်းများကို သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ ထိုသို့စစ်တမ်းများကောက်ယူခြင်းဖြင့် ပြည်သူလူထု၏ တရားရုံးများအပေါ် ယုံကြည်ကိုးစားမှုအတိုင်းအတာကို လေ့လာသိရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ မြင်းခြံခရိုင်နှင့် ညောင်ဦးခရိုင်အတွင်းရှိ တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ တရားရုံးဝန်ထမ်းများ စုစုပေါင်း ၃၃ ဦးတို့ တက်ရောက်ပြီး သင်တန်းနည်းပြဆရာအဖြစ် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် ညှိနှိုင်းရေးမှူး(CMP-Coordinator) အဖြစ် ဆောင်ရွက်သူ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဖြူပြာအေးက သုံးရက်တာ ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# ညောင်ဦးတွင် ဇလဘူမိဗေဒ မြေပုံရေးဆွဲခြင်း၊ အခြေခံ GIS ဘာသာရပ်နှင့် တွင်းသစ်တူးဖော်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း သင်တန်းဆင်းပွဲ ကျင်းပ

**ညောင်ဦး ဇူလိုင် ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ဇလဘူမိဗေဒမြေပုံရေးဆွဲခြင်း၊ အခြေခံ GIS ဘာသာရပ်နှင့် တွင်းသစ်တူးဖော်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းသင်တန်း (၅/၂၀၁၈)သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၂၇ ရက် မွန်းလွဲ ၂ နာရီက ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က သင်တန်းဆင်း အမှာစကား ပြောကြားရာတွင် သင်တန်းမှ လေ့လာသင်ယူခဲ့ရသည့် ကျေးလက်ရေပေးဝေရေးလုပ်ငန်းများနှင့် စပ်လျဉ်းသော ဇလဘူမိဗေဒမြေပုံရေးဆွဲခြင်း၊ အခြေခံ GIS ဘာသာရပ်နှင့် တွင်းသစ်တူးဖော်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း နည်းပညာများကို သင်တန်းသားများအနေဖြင့် လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်လုပ်ကိုင်ရာတွင် အကျိုးရှိစွာ အသုံးချဆောင်ရွက်လုပ်ကိုင်သွားကြရန် ရှင်းလင်းဆွေးနွေးမှာကြားခဲ့သည်။ ထို့နောက် သင်တန်းသားများကို ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားတစ်ဦးချင်းအလိုက် ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ ညောင်ဦးမြို့နယ် အပူပိုင်းဇုန်ကျေးလက်ရေရှိရေးစီမံကိန်းရုံး တာဝန်ခံ ဦးဝင်းညွှန့် (ဒုတိယညွှန်ကြားရေးမှူး)နှင့် ဝန်ထမ်းများ၊ ညောင်ဦးခရိုင်ကျေးလက်ဦးစီးမှူး ဦးအောင်ငွေ(ဒုတိယညွှန်ကြားရေးမှူး)၊ ညောင်ဦးမြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်ရှိန် (လက်ထောက်ညွှန်ကြားရေးမှူး)နှင့် ဝန်ထမ်းများ သင်တန်းနည်းပြများနှင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်းရှိ ခရိုင်ရုံးများမှ ခရိုင်ရေပေးဝေရေး တာဝန်ခံသင်တန်းသား ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**




# သကြၤန်အလွန် သုံးလတာအတွင်း ပေါ်ကျွဲဆန်စျေးနှုန်း အမြင့်ဆုံးတက်

**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်ဆန်စျေးကွက်တွင် သကြၤန်အလွန်သုံးလတာအတွင်း ဆန်ကြမ်း၊ ဆန်ချောစျေးနှုန်းများ မြင့်တက်လာရာတွင် ပေါ်ကျွဲဆန်သည်စျေးနှုန်းမြင့်တက်မှု အများဆုံးဖြစ်ခဲ့သည်ဟု ဘုရင့်နောင်ပွဲရုံ အသောကလမ်းမှ ဆန်ကုန်သည် ကိုဝင်းနိုင်က ပြောသည်။

၂၀၁၈ ခုနှစ် သကြၤန်အလွန် ပေါ်ကျွဲဆန်တစ်အိတ်လျှင် ၃၀၀၀၀ ကျပ်ဝန်းကျင်ရှိရာမှ ဇူလိုင်လကုန်ပိုင်းတွင် ၄၀၀၀၀ ကျပ်ဝန်းကျင်အထိ စျေးနှုန်းမြင့်တက်လာသည်။ ၁၉၇၀ ပြည့်နှစ်ဝန်းကျင် နိုင်ငံတော်မှ ဆန်စပါးလုပ်ငန်းများလုပ်ကိုင်ခဲ့ချိန် မီးဒုံး(အရပ်အခေါ် ကောက်ကြီး) အမျိုးအစားသည် အခြားဧည့်မထ ငကျွဲစပါးအုပ်စုဝင် စပါးအမျိုးအစားအကြား စျေးနှုန်းအားဖြင့်ကြားအဆင့်တွင် ရှိခဲ့သည်။

ဆန်စပါးလုပ်ငန်းများကို ပုဂ္ဂလိကများလုပ်ကိုင်ခွင့်ရချိန်တွင်မူ မီးဒုံးအမည်အစား ပေါ်ကျွဲဟု ပြောင်းလဲသုံးနှုန်းလာသည်။ အချို့ဆန်ရောင်းဝယ်သူများကမူ ပေါ်ဆန်းလတ်ဟု သုံးနှုန်းပြောဆိုသည်။ ဆန်စပါးစျေးကွက်တွင် စိုက်ပျိုးထွက်ရှိမှုနည်းပြီး ဆန်စျေးကွက်တွင် ပေါ်ဆန်းလတ်ဟုပြောဆိုရောင်းချနိုင်၍ ယခုနှစ်သကြၤန်အလွန် သုံးလတာအတွင်း စျေးနှုန်းမြင့်တက်မှုအများဆုံးဆန်အမျိုးအစားဖြစ်လာသည်ဟု ပိတောက်လမ်း ဆန်ရောင်းဝယ်သူကိုဝင်းဇော်က ဆိုသည်။

ပြည်တွင်းဆန်စျေးကွက်တွင် အခြေခံလူတန်းစားများစားသုံးမှုများပြီး ပြည်ပပို့ဆန်ဖြစ်ကာ ဆန်ကြမ်းအုပ်စုများဖြစ်သော မိုးဆန်ကြမ်းနှင့် နွေဆန်ကြမ်းစျေးနှုန်းများသည် သကြၤန်အလွန်ဧပြီလကုန်ပိုင်းမှ ဇူလိုင်လကုန်ပိုင်းအတွင်း စျေးနှုန်းအတက်၊ အကျဖြစ်နေရာ ယင်းကာလအတွင်း စျေးနှုန်းကွာခြားခြင်းမှာ ဆန်တစ်အိတ်လျှင် ကျပ် ၁၅၀၀-၂၀၀၀ အတွင်းသာရှိခဲ့သည်။ အနိမ့်ဆုံးစျေးနှုန်းမှာ ၂၁၀၀၀-၂၁၅၀၀ ကျပ်မှ ၂၃၀၀၀-၂၃၅၀၀ ကျပ်အတွင်း စျေးနှုန်းအတက်အကျရှိခဲ့သည်။

စိုက်ပျိုးမှုအများဆုံးရှိခဲ့သော မိုးဆန်ကြမ်းမှာမူတစ်အိတ်လျှင် သကြၤန်အလွန် ကျပ် ၂၅၀၀၀ ဝန်းကျင်ရှိရာမှ ဇူလိုင်လကုန်ပိုင်းတွင် ကျပ် ၂၇၀၀၀ ဝန်းကျင်ရှိသည်ဟု သိရသည်။ ပေါ်ဆန်းမှာ ပြည်တွင်းတွင် စိုက်ဧက ၁၃ သိန်းဝန်းကျင်ရှိပြီး တစ်ပြည်လုံးတွင် စပါးစိုက်ဧကပေါင်း ၁၇၉ သိန်း ရှိသည်ဟုသိရသည်။ နွေစပါးစိုက်ပျိုးမှုသည် မိုးစပါးစိုက်ပျိုးခြင်း၏ ၂၀ ရာခိုင်နှုန်းဝန်းကျင်သာရှိသည်ဟု သိရသည်။

ဒီဇင်ဘာလဝန်းကျင် ဆန်စျေးကွက်သို့စတင်ဝင်ရောက်လာသော ပေါ်ဆန်းဆန်ကို ပေါ်ဆန်းယဉ်ဟု ခေါ်ဝေါ်သည်။ အသက်အရွယ်ကြီးသူများမှာ ပေါ်ဆန်းယဉ်စားသုံးခြင်းနည်းပြီး ပေါ်ဆန်းအဟောင်းဆန်သာ စားသုံးမှုများသည်။ ပေါ်ဆန်းယဉ်နှင့် ပေါ်ဆန်းအဟောင်းစျေးနှုန်းတို့သည် ဒီဇင်ဘာလဆန်းပိုင်းတွင် တစ်အိတ်လျှင် ကျပ် ၈၀၀၀-၁၀၀၀၀ ကွာခြားမှုရှိတတ်သည်။

သကြၤန်အလွန်ကာလ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ် ၅၂၀၀၀-၅၃၀၀၀ နှုန်းရှိရာမှ ယခုဇူလိုင်လကုန်ပိုင်းတွင် ကျပ် ၅၇၀၀၀-၅၈၀၀၀ နှုန်းရှိလာသည်။ အကြမ်းဖျင်းရွှေဘိုပေါ်ဆန်းဆန်ထက်တစ်အိတ်လျှင် ကျပ် ၁၀၀၀၀ ဝန်းကျင်စျေးနှုန်းနည်းတတ်သော ပုသိမ်မြောင်းမြပေါ်ဆန်းဆန်များ၊ ဒေးဒရဲပေါ်ဆန်းကျားပျံ(ပေါ်ဆန်းတောင်ပျံ) ဆန်စျေးနှုန်းတို့သည် သကြၤန်အလွန်တွင် တစ်အိတ် ကျပ် ၄၂၀၀၀ ဝန်းကျင်ရှိပြီး ဇူလိုင်လကုန်ပိုင်းတွင် ကျပ် ၄၇၀၀၀ နှုန်းရှိသည်ဟု သိရသည်။

ဖျာပုံပေါ်ဆန်းဆန်မှာ သကြၤန်အလွန်တစ်အိတ် ကျပ် ၃၈၀၀၀ ဝန်းကျင်ရှိရာမှ ဇူလိုင်လကုန်ပိုင်းတွင် ကျပ် ၄၄၀၀၀ ဝန်းကျင်သို့ စျေးတက်လာသည်။

မြစ်ဝကျွန်းပေါ် ဒေသဆန်စပါးအများအပြားထွက်ရှိရာမြို့များရှိ ဆန်စက်လုပ်ငန်းရှင်များ၊ စပါးကုန်သည်များ လက်ဝယ်လှောင် စပါးကြမ်းများရှိသေးသည်။ စျေးနှုန်းအမြင့်ကိုစောင့်နေရာ ပြည်ပပို့ဆန်များအနက် ပင်လယ်ရေကြောင်းဖြင့် တင်ပို့ခြင်းထက် မူဆယ်နယ်စပ်ပို့ဆန်စျေးကွက်တွင် စျေးနှုန်းပိုရတတ်သော်လည်း ပုံမှန်အရောင်းအဝယ်သာရှိနေသည်။ သို့ဖြစ်ရာဇူလိုင်လကုန်ပိုင်း ဆန်ကြမ်းစျေးအနည်းငယ်ကျပြီး ဆန်ချောစျေးအနည်းငယ်မြင့်တက်နေသည်ဟု သိရသည်။

ပေါ်ဆန်းစပါးသစ်သည်မိုးစိုက်စပါးကြမ်းထက် နှစ်လဝန်းကျင်နောက်ကျ၍ရိတ်သိမ်းရခြင်း၊ ပေါ်ဆန်းယဉ်ဆန်သစ်ထွက်ပေါ်ချိန် ပေါ်ဆန်းဆန်အဟောင်းစားသုံးမှုများနေသေးခြင်းတို့ကြောင့် ပေါ်ဆန်းစပါးလှောင်ထားသူများအနေဖြင့် စပါးကြမ်းလှောင်သူများထက် ဆန်စျေးနှုန်းတက်ချိန်ကို နှစ်လဝန်းကျင်ပို၍ စောင့်ချိန်ပိုရသည်ဟု ဆန်ကုန်သည်တစ်ဦးက ဆိုသည်။

ယခုနှစ်သကြၤန်အလွန်မှ ယနေ့အထိ သုံးလတာကာလအတွင်းဆန်ကြမ်းစျေးနှုန်းများသည် အတက်အကျရှိသော်လည်း ပေါ်ကျွဲပေါ်ဆန်း၊ ဆန်စျေးနှုန်းများမှာအကျမရှိဘဲ အတက်သာရှိနေသည်ဟုသိရပြီး ပေါ်ကျွဲဆန်တစ်အိတ်လျှင် ကျပ်တစ်သောင်းဝန်းကျင်၊ ပေါ်ဆန်းဆန်တစ်အိတ်လျှင် ကျပ်ငါးထောင်ဝန်းကျင်၊ ဆန်ကြမ်းတစ်အိတ်လျှင် ကျပ်နှစ်ထောင်ကျပ်ဝန်းကျင်နှုန်းမြင့်တက်လာသည်ဟု သိရသည်။

**မောင်စေအောင်**



## ငါန်းဇွန်မြို့နယ် ဘုရားထူးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းအရောင်းဆိုင်ဖွင့်ပွဲ ကျင်းပ

**ငါန်းဇွန် ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ဘုရားထူးကျေးရွာ ဦးသန်းဝင်း နေအိမ်ဝင်းအတွင်း၌ ဇူလိုင် ၂၅ရက် နံနက် ၁၁နာရီက ဘုရားထူးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း အရောင်းဆိုင်ဖွင့်ပွဲ ကျင်းပသည်။

အဆိုပါအခမ်းအနားကို ဘုရားထူးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း အရောင်းဆိုင်ရှေ့၌ ကျင်းပရာ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးနှင့် ဦးသန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော ဒေသခံတောင်သူများအား အရောင်းဆိုင်တွင်ရှိသော စိုက်ပျိုးရေးသုံးပစ္စည်းများနှင့်ပတ်သက်၍ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ရည်နှင့်ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုဝင်များနှင့် ကျေးရွာအတွင်းရှိ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

**သက်နောင်ဦး(ငါန်းဇွန်)**



## လေးမျက်နှာမြို့၌ ကျေးရွာလျှပ်စစ်မီးလင်းရေး ကွင်းဆင်းစစ်ဆေး

**လေးမျက်နှာ ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ပိန်းအင်းကျေးရွာအုပ်စု မိသလ္လင်ကုန်းကျေးရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ဇူလိုင် ၂၇ ရက် နံနက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးယဉ်မင်းဦး၊ လူထုဗဟိုပြုစီမံကိန်းမှ စီမံကိန်းအင်ဂျင်နီယာများနှင့် တာဝန်ရှိသူများက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းဝေးရေးတို့အတွက် ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို စီမံကိန်းတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းကို ကမ္ဘာ့ဘဏ်၏ ကူညီထောက်ပံ့မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လူထုဗဟိုပြုစီမံကိန်းက ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ်စက်ဝန်းမှ ခွင့်ပြုရန်ပုံငွေကျပ် ၆၈ ဒသမ ၂ သိန်း၊ ကျေးရွာပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၃၁၉ ဒသမ ၄၃ သိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာရှိအိမ်ခြေ ၁၄၀ တွင် ၂၄ နာရီ လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်း သိရသည်။

**ထွန်းဇော်ထွန်း (မြန်မာစာ)**

## မိုးမိတ်မြို့နယ်တွင် ရေပေးရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

**မိုးမိတ် ဇူလိုင် ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော ရေပေးရေးလုပ်ငန်းအခြေအနေကို ယမန်နေ့နံနက်ပိုင်းက ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်ရုံးခွဲဦးစီးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့သည်။

ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးဝင်းဇော်နှင့် တာဝန်ရှိသူများသည် မိုးမိတ်မြို့နယ်အတွင်းရှိ ကောင်ရာကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ လွယ်ဆာကျေးရွာ၌ ဂါလန် ၂၀၀၀ ဆံ့အုတ်ရေကန် တည်ဆောက်ခြင်းနှင့် နှစ်လက်မပိုက် ပေ ၄၀၀ သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်(ငါန်းဇွန်)**

# ကနီမြို့နယ်ရှိ တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ များ ပေးအပ်

**ကနီ ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်အတွင်းရှိ တောင်သူများအား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ များ ပေးအပ်ပွဲကို ဇူလိုင် ၂၆ ရက် ကနီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ရှေးဦးစွာ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသန်းဝင်း၊ ယင်းမာပင်ခရိုင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် ကနီမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းတို့က အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် ယင်းမာပင်ခရိုင် ခရိုင်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမင်းခိုင်က လယ်ယာမြေမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များ၊ ပုံစံ ၇ ရရှိသူများ လိုက်နာရမည့် စည်းကမ်းချက်များနှင့် ပုံစံ ၇ ရရှိခြင်းဖြင့် ခံစားခွင့်ရရှိသည့် အခွင့်အရေးများ၊ တောင်သူများအနေဖြင့် ဆောင်ရန် ရှောင်ရန်များကို သိရှိလိုက်နာကျင့်သုံးနိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ များကို တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသန်းဝင်း၊ ယင်းမာပင်ခရိုင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် ကနီမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက တောင်သူများ လက်ဝယ်အရောက်ထုတ်ပေးရာ တောင်သူများက လက်ခံရယူခဲ့ကြသည်။ ယင်းနောက် တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။




အဆိုပါ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များပေးအပ်ပွဲတွင် ကနီမြို့နယ်ရှိ ကျေးရွာအုပ်စု ၂၄ အုပ်စု၊ ကွင်းပေါင်း ၈၆ ကွင်းအတွင်းရှိ လယ်ယာမြေဧရိယာ ၈၃၇ ဒသမ ၇၉ဧကမှ တောင်သူပေါင်း ၃၅၀ အတွက် လုပ်ကွက်ဦးပိုင်ပေါင်း ၄၂၈ ခု ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

# ဖယ်ခုံမြို့တွင် အစေ့ထုတ်ပြောင်းနှင့်စပ်မျိုးနေကြာမျိုးစေ့ထုတ်လုပ်မှု ကွင်းသရုပ်ပြ

**ဖယ်ခုံ ဇူလိုင် ၂၈**

တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ရွှေပြည်အေးခြံတွင် အစေ့ထုတ်ပြောင်းနှင့် စပ်မျိုးနေကြာ မျိုးစေ့ထုတ်လုပ်မှု ကွင်းသရုပ်ပြပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီက ရွှေပြည်အေး စိုက်ပျိုးရေးခြံရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်က အမှာစကားပြောကြားပြီး အစေ့ထုတ်ပြောင်းနှင့် စပ်မျိုးနေကြာ မျိုးစေ့ထုတ်လုပ်မှုနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တောင်ကြီးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မြင့်ထွန်းက သိရှိလိုသည်များကို ပြန်လည်ဖြေကြားခဲ့သည်။



ဆက်လက်၍ အခမ်းအနား တက်ရောက်လာသော ဌာနဆိုင်ရာ အကြီးအကဲများနှင့် တောင်သူများအား အစေ့ထုတ်ပြောင်းနှင့် စပ်မျိုးနေကြာ မျိုးစေ့ထုတ်လုပ်သည့် စိုက်ခင်း များတွင် လက်တွေ့ရှင်းလင်း ပြသခဲ့ပြီး တောင်သူများ သိလိုသော အချက်များကို အသေးစိတ် ရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။ **ကိုထွေး(ဖယ်ခုံ)**

# နတ်တလင်းမြို့နယ်တွင် အဏုအာဟာရမှုန့်ပေးဝေခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲ ကျင်းပ

**နတ်တလင်း ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် အရှေ့ခြမ်း ဒမငယ် ကျေးလက်ကျန်းမာရေးဌာနခွဲတွင် ဇူလိုင်၂၆ရက် မွန်းလွဲ ၁ နာရီခွဲ၌ ခြောက်လမှ နှစ်နှစ်အရွယ် ကလေးများအား အဏုအာဟာရမှုန့် ပေးဝေခြင်းနှင့် မိခင်များအား ကလေးများကို ကျန်းမာရေးနှင့် ညီညွတ်အောင် ကျွေးမွေးထိန်းသိမ်း စောင့်ရှောက် နည်းဆိုင်ရာ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး ဒမငယ်ကျေးလက်ကျန်းမာရေးမှူး ဦးကျော်ဆန်းလှိုင်က ကလေးများ ကာယအား၊ ဉာဏအား ဖွံ့ဖြိုးတိုးတက်မှသာ တိုင်းပြည်အတွက် သားကောင်းရတနာများ ဖြစ်လာနိုင်မည်ဖြစ်ကြောင်း ကျန်းမာသန်စွမ်း၍ ဉာဏ်ရည်ဖွံ့ဖြိုးမှုရှိလာအောင် အာဟာရဖြစ်သော ဖြည့်စွက်စာများ ကျွေးရမည်ဖြစ်ကြောင်း မိခင်များကလည်း ကျန်းမာရေး အသိပညာများ တိုးပွားလာအောင် စာပေလေ့လာဖတ်ကြားမှတ်သားခြင်း၊ ပညာပေးဟောပြောပွဲများ တက်ရောက်နားထောင်ခြင်း၊ ကျန်းမာရေးအသိရှိရန် ဆရာ ဆရာမများကို မေးမြန်းခြင်း စသည့် အလေ့အကျင့်ကောင်းများ ပြုလုပ်ကြစေလိုကြောင်း၊ ကလေးများအတွက် အဘက်ဘက်က ကျန်းမာရေးလိမ္မာယဉ်ကျေးမှုရှိရေး၊ ပညာဉာဏ်ကောင်းမွန်ရေးတို့သည် မိခင်သည်သာ အဓိကကျပါကြောင်းနှင့် ကလေးများအတွက် ကျွေးမွေးကြရမည့် အာဟာရများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာကြသော ကလေးနှင့်မိခင်များအား ကြက်သားဆန်ပြုတ်အာဟာရဖြင့်ကျွေးမွေးကြပြီး ကလေးများအတွက် အဏုအာဟာရမှုန့်များ ပေးအပ်သည်။




အခမ်းအနားသို့ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ အုန်းနဲ့ကံရွာ၊ ကြာအင်းရွာ၊ အလယ်ရွာ မင်းဘူးကျွန်းရွာနှင့် ဒမငယ်ကျေးရွာများမှ ခြောက်လနှင့် နှစ်နှစ်အရွယ် ကလေးများ၏ မိခင် ၆၇ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ဝ၇၁**

# တက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်များ အဆင့်မြှင့်မှသာလျှင်...

## ဒေါက်တာအောင်အောင်မင်း ပါမောက္ခချုပ်(ငြိမ်း)

(၁)

မြန်မာနိုင်ငံ ပညာရေးမှာ အခြေခံပညာ၊ အဆင့်မြင့်ပညာနဲ့ သက်မွေးပညာစတဲ့ ပညာရေးကဏ္ဍအသီးသီးအတွက် ပညာရေးမဟာဗျူဟာစီမံချက် (၂၀၁၆-၂၀၂၁)ချမှတ်ပြီး နိုင်ငံတကာစံတွေနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်နေဆဲကာလဖြစ်ပါတယ်။ ၂၀၁၈ မေ ၂ ရက်မှာ "အရှေ့တောင်အာရှကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ" နဲ့ မေ ၂ ရက်မှ ၅ ရက်အထိ "(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများ ညီလာခံ" ကို နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ ဒီလို ညီလာခံကျင်းပရတဲ့ရည်ရွယ်ချက်က "အရှေ့တောင်အာရှအတွင်းရှိ မြန်မာနိုင်ငံ အပါအဝင် စာကြည့်တိုက်များနဲ့ စာကြည့်တိုက်ပညာရပ်နယ်ပယ် ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတကာစာကြည့်တိုက်အဝန်းအဝိုင်းထဲမှာ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လုပ်ဆောင်နိုင်ရန်"ဖြစ်ပါတယ်။ ဒီလို စာကြည့်တိုက် ဖွံ့ဖြိုးရေးနဲ့ ပတ်သက်တဲ့ အလုပ်ရုံဆွေးနွေးပွဲနဲ့ ညီလာခံတွေ ပြည်တွင်းမှာ ကျင်းပပေးနိုင်ခြင်းဟာ မြန်မာနိုင်ငံရဲ့ ကျောင်းစာကြည့်တိုက်တွေ၊ တက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်တွေ ရှင်သန်ဖွံ့ဖြိုးလာစေရန်နဲ့ ခေတ်မီတိုးတက်လာစေဖို့ ဆောင်ရွက်ရာမှာ များစွာ အထောက်အကူဖြစ်စေမှာ သေချာလှပါတယ်။

(၂)

မြန်မာနိုင်ငံပညာရေးပြုပြင်ပြောင်းလဲမှုတွေ အရှိန်မြှင့်ပြီး လုပ်ဆောင်နေတဲ့အချိန်ကာလမှာ ကျောင်းစာကြည့်တိုက်တွေနဲ့ တက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်တွေ ရှင်သန်ဖွံ့ဖြိုးရေးဟာလည်း အခြေခံလိုအပ်ချက်တစ်ခုပါ။ အခြေခံပညာကျောင်းတိုင်းမှာ ကျောင်းစာကြည့်တိုက်တွေဖွင့်နိုင်ရေးနဲ့ တက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်တွေ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးမဖြစ်မနေ ကြိုးစားကြရမှာ နိုင်ငံတော်အစိုးရ၊ ပညာရေးတာဝန်ရှိပုဂ္ဂိုလ်များနဲ့ ဆရာ ဆရာမများ၊ မိဘပြည်သူများ အားလုံးရဲ့တာဝန်ဖြစ်ပါတယ်။ မူလတန်းကလေးငယ်များမှစပြီး တက္ကသိုလ်ကောလိပ်မှာ သင်ယူနေကြတဲ့ ကျောင်းသားလူငယ်များအထိ စာဖတ်အလေ့အကျင့်ရရှိစေရေး၊ စာကြည့်တိုက်အသုံးပြုတတ်စေရေးနဲ့ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးလာရေးကို ဆရာ ဆရာမများ၊ စာကြည့်တိုက်မှူးများက ဦးဆောင်လမ်းပြတာဝန်ယူဆောင်ရွက်ကြရမှာပါ။ စာကြည့်တိုက်ဖွံ့ဖြိုးရေးကိစ္စကို အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ခံယူပြီး အောင်မြင်အောင်လုပ်ကိုလုပ်ကြရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ တက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်တွေနဲ့ စာကြည့်တိုက်နှင့် သုတပညာရပ်နယ်ပယ် ဖွံ့ဖြိုးတိုးတက်လာနိုင်ဖို့ရယ်၊ နိုင်ငံတကာစာကြည့်တိုက်အဝန်းအဝိုင်းထဲမှာ ပါဝင်ချိတ်ဆက်နိုင်ဖို့ရယ် အရှိန်မြှင့်ပြီး ကြိုးပမ်းဆောင်ရွက်နေတာတွေ့နေရပါတယ်။

(၃)

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ဆိုတာ တစ်ချိန်က အရှေ့တောင်အာရှမှာ ခေတ်အမီဆုံးနဲ့ စာအုပ်၊ စာတမ်း အစုံအလင်ဆုံး စာကြည့်တိုက်ကြီးအဖြစ် သမိုင်းမှတ်တမ်းရှိခဲ့ဖူးတာပါ။ နိုင်ငံတော်က "Centre of Excellence" လို့ သတ်မှတ်ခံထားရတဲ့ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှာ အဓိက Software (အပျော့ထည်)ပိုင်းဖြစ်တဲ့ ခေတ်မီဝန်ဆောင်မှု၊ အသုံးပြုမှုစနစ်၊ ခေတ်မီစာကြည့်တိုက် နည်းပညာနဲ့ သင်တန်းများအကြောင်းကို အလေးထား တင်ပြလိုပါတယ်။ တက္ကသိုလ်စာကြည့်တိုက်မှာ သမားရိုးကျ ကတ်တလောက်စနစ်နဲ့ electronic စနစ်နှစ်မျိုးနဲ့ ဝန်ဆောင်မှုပေးနေပါတယ်။ ပညာရပ်ဆိုင်ရာစာအုပ် စာပေအသစ်များ၊ သုတ၊ ရသစာအုပ်များကို စင်ဖွင့်စနစ်နဲ့ အသုံးပြုစေခြင်း၊ အသစ်ထွက်လာတဲ့ စာအုပ်၊ စာပေ၊ ဂျာနယ်တွေကို display ပြသပေးခြင်း၊ ရည်ညွှန်းစာအုပ်များကို စာဖတ်သူက တောင်းဆိုခဲ့ရင် စာအုပ်ထားသိုခန်းမှာ ကိုယ်တိုင်ရှာဖွေခွင့်ပြုခြင်းစတဲ့ ဝန်ဆောင်မှုတွေပေးနေတာဖြစ်ပါတယ်။ ဒ့ါအပြင် စာကြည့်တိုက်ရဲ့ Facebook မှာ အသစ်ရောက်တဲ့ စာအုပ်များကို ကြေညာပေးခြင်း၊ ကျောင်းစဖွင့်ချိန်မှာ "Library Orientation"ပြုလုပ်ပြီး စာဖတ်ရှိန်မြင့်လာအောင်စည်းရုံးဆောင်ရွက်ခြင်း၊ ကျမ်းစာအုပ်နှင့် သုတေသနဂျာနယ်များ ဖတ်ရှုလေ့လာနိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားပါတယ်။

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ရဲ့ Electronic စနစ်ကို ၂၀၁၄ ခုနှစ် စပိုင်းမှာ စတင်ခဲ့ပြီး"Electronic Library Managment System"နဲ့ အင်္ဂလိပ်စာအုပ် ကတ်တလောက် ၂၄၉၇၅ အုပ်၊ မြန်မာကက်တလောက်ဒေတာ ၁၂၈၇၀ အုပ်၊ ဘာသာရပ်ဆိုင်ရာ ကျမ်း(Thesis)စာအုပ်ပေါင်း ၈၁၂၇ အုပ်တို့ကို ထည့်သွင်းပေးထားပါတယ်။ ဒါကြောင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနဲ့ ပြင်ပလေ့လာသူပုဂ္ဂိုလ်များ လိုအပ်တဲ့သတင်းအချက်အလက်တွေကို အချိန်တိုတိုအတွင်း ရှာဖွေလေ့လာအသုံးပြုနိုင်ကြပြီ ဖြစ်ပါတယ်။ ထို့မှုမကဘဲ ရှားပါးစာအုပ် ၁၈၈ အုပ်၊ ပညာရပ်ဆိုင်ရာ e-books ၃၅၀၀ကျော်၊ e.Journal ပေါင်း ၁၀၀၀၀ ကျော်နဲ့ e-book ပေါင်း ၁၃၀၀၀ ကျော်တို့ကို online မှာတင်ထားပြီးပါပြီ။ ဒီလိုတင်ပေး ထားတဲ့အတွက် သင်ကြားရေးနဲ့ သုတေသနကိစ္စအားလုံးအတွက် အဆင့်မြင့်အရည်အသွေးရှိတဲ့ နိုင်ငံတကာ ဂျာနယ်နဲ့ဆောင်းပါးများ၊ မဂ္ဂဇင်းများကို e-Library ပုံစံဖြင့် Online မှတစ်ဆင့် လေ့လာဖတ်ရှုကိုးကား နိုင်ကြပြီဖြစ်ပါတယ်။

Electronic Information for Libraries Project ကို ၂၀၁၄ ဇန်နဝါရီမှာ စတင်နိုင်ခဲ့ပါတယ်။ အကျဉ်းချုံးပြောရရင် Database ၃၅ ခုစုစည်းပြီး EBSCO Discovery Sercvice-EDS မှတစ်ဆင့် အသံဖိုင်၊ ဗီဒီယိုဖိုင်၊ ရုပ်ပုံများ၊ သတင်းစာများနဲ့ ရည်ညွှန်းစာအုပ်များကို ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်နဲ့ ဒဂုံတက္ကသိုလ်တို့မှာ ဝန်ဆောင်မှုပေးနိုင်ပြီဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှာ အခြားဝန်ဆောင်မှုများအနေဖြင့် ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်များမှ စာကြည့်တိုက်မှူးအသစ်များကို အခြေခံစာကြည့်တိုက်ပညာသင်တန်းပေးခြင်း Online Database များကို မည်ကဲ့သို့ ရှာဖွေ၊ အသုံးပြုရမယ်ဆိုတာ၊ ဆရာ ဆရာမနဲ့ ကျောင်းသား ကျောင်းသူတွေ လွယ်ကူစွာအသုံးပြုနိုင်အောင် စဉ်ဆက်မပြတ်သင်တန်းများ ပေးခြင်းစတဲ့ ဝန်ဆောင်မှုများပေးနေတာပါ။ Library Orentation Programme မှာလည်း သစ်လွင်ကျောင်းသား ကျောင်းသူတွေ စာကြည့်တိုက်မှာ စာဖတ်လာကြစေရန် စာကြည့်တိုက်ကို စနစ်တကျ အသုံးပြုတတ်စေရန်၊ စာဖတ်ရှိန် မြင့်မားလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

(၄)

တက္ကသိုလ်နဲ့ စာကြည့်တိုက်ဆိုတာ ရေနဲ့ကြာလိုပါပဲ၊ ခွဲခြားလို့မရနိုင်ပါ။ စာကြည့်တိုက်ဆိုတာ ပညာရပ် ဆိုင်ရာစာအုပ်၊ စာပေတွေ၊ သုတ၊ ရသစာပေတွေ နိုင်ငံရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ သမိုင်းနဲ့ ယဉ်ကျေးမှုဆိုင်ရာစာပေမျိုးစုံ စုဆောင်းထားရှိတဲ့ စာပေဘဏ်တိုက်ကြီးနဲ့တူပါတယ်။ လူတိုင်းကို ပညာမျက်စိ ဖွင့်ပေးတဲ့ ပညာ၊ ဗဟုသုတဘဏ်လို့လည်းဆိုနိုင်ပါတယ်။ သို့ပေမယ့် ၁၉၈၈ ခုနှစ် အရေးအခင်းနောက်ပိုင်းကာလမှာ အုပ်ချုပ်ခဲ့တဲ့ အစိုးရရဲ့ ကန့်သတ်မှုတွေကြောင့် ရန်ကုန်တက္ကသိုလ်၊ စက်မှုတက္ကသိုလ်တွေမှာ ဘွဲ့ကြိုသင်တန်းနဲ့ ကျောင်းဆောင်ထားရှိမှုအားလုံး ချုပ်ငြိမ်းသွားခဲ့ရပါတယ်။ နောက်တော့ ရန်ကုန်မြို့ရဲ့ ဆင်ခြေဖုံးရပ်ကွက် အစွန်အဖျားတွေမှာ တက္ကသိုလ်အသစ်တွေ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်ရဲ့ အကယ်ဒမစ် ပညာဝန်းကျင်ဟာ အသက်ဝင်မှုမရှိတော့ဘဲ ခြောက်ကပ်သွားခဲ့တာ အနုတ်လက္ခဏာဖြစ် သွားရခြင်းပါပဲ။ တက္ကသိုလ်စာကြည့်တိုက်မှာလည်း ဘွဲ့လွန်တက်ဆဲ ဆရာ ဆရာမနဲ့ ပြင်ပသုတေသီ အနည်းအကျဉ်းပဲ လေ့လာဖတ်ရှုသူရှိပါတော့တယ်။

တစ်နိုင်ငံလုံးမှာ တက္ကသိုလ်၊ ကောလိပ်တွေရာနဲ့ချီပြီးဖွင့်ထားတော့ တက္ကသိုလ်စာကြည့်တိုက်တွေလည်း ရာနဲ့ချီပြီး ဖွင့်လှစ်ခဲ့တာပါ။ တက္ကသိုလ်ဆရာ ဆရာမတွေဟာ ကိုယ်တိုင်က သင်ကြားရေးနဲ့ သုတေသန အရည်အသွေးတွေ အမြဲထက်မြက်နေအောင် စာကြည့်တိုက်ကို ပုံမှန်သွားပြီး နိုင်ငံတကာက ပညာရပ် ရည်ညွှန်းစာအုပ်တွေ၊ သုတေသနစာစောင်တွေကို မပြတ်လေ့လာဖတ်ရှုနေဖို့လိုပါတယ်။ သို့ပေမယ့် တက္ကသိုလ်စာကြည့်တိုက်အများစုမှာ စာဖတ်သူဦးရေနည်းပြီး အသက်မဝင်တော့တာကြာနေပါပြီ။ ဆရာ ဆရာမတွေ ကိုယ်တိုင်က ပညာရပ်စာပေရော၊ သုတ၊ ရသစာပေပါ ဖတ်ရှုလေ့လာမှု အားနည်းလာတယ်ဆိုတဲ့ သင်္ကေတတွေပါပဲ။ စာပေလေ့လာဖတ်ရှုမှုအားကောင်းမှ မိမိရဲ့ကိုယ်ပိုင်အတွေးအမြင်၊ အယူအဆတွေ၊ ဆုံးဖြတ်ချက်တွေမှန်ကန်လာပြီး သင်ကြားမှုနဲ့ သုတေသန အရည်အသွေးတွေလည်း မြင့်မားလာမှာဖြစ်ပါတယ်။ မည်သို့ဆိုစေ တက္ကသိုလ် ဆရာ ဆရာမတွေဆိုတာ ပညာရေးမှာ တက်တက်ကြွကြွနဲ့ကျောင်းသား ကျောင်းသူတွေရဲ့ ဦးဆောင်သူ "စံပြ" ဖြစ်နေရမှာ မဟုတ်ပါလား။

(၅)

မြန်မာနိုင်ငံပညာရေးပြုပြင်ပြောင်းလဲရာမှာ တက္ကသိုလ်များစာကြည့်တိုက် အပါအဝင် ရန်ကုန်နဲ့ မန္တလေးတက္ကသိုလ်စာကြည့်တိုက်ကြီးတွေကို e-library အဆင့်မြှင့်ပေးပြီး နိုင်ငံတကာ စာကြည့်တိုက်ကြီးများနဲ့ ချိတ်ဆက်ပူးပေါင်းကာ ဝန်ဆောင်မှုများပေးနိုင်ပြီဖြစ်ပါတယ်။ ဒီလို အရည်အသွေးတိုးတက်မြင့်မားလာခြင်းဟာ မြန်မာ့ပညာရေးအတွက် အပေါင်းလက္ခဏာပါ။ သို့ပေမယ့် အခြားသော တိုင်းဒေသကြီးနဲ့ပြည်နယ်များမှာ ရှိကြတဲ့ တက္ကသိုလ်၊ ကောလိပ်တွေရဲ့ စာကြည့်တိုက်တွေကိုလည်း နောက်ကျန်ရစ်မနေအောင် အရည်အသွေးမြှင့်ပေးဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် တက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်အားလုံးကို သမားရိုးကျဝန်ဆောင်မှုစနစ်အပြင် ဆက်သွယ်မှုမြန်ဆန်လှတဲ့ ယနေ့ အိုင်တီခေတ်မှာ "Electronic စနစ်" အဆင့်မြှင့်ပေးနိုင်ဖို့ အချိန်နဲ့တစ်ပြေးညီဆောင်ရွက်ရန် အရေးကြီးပါတယ်။ တက္ကသိုလ်စာကြည့်တိုက်အချင်းချင်းချိတ်ဆက်ပူးပေါင်းနိုင်ရန်လည်း ဗဟိုကော်မတီတစ်ရပ်ဖွဲ့စည်းပြီး စနစ်တကျဆောင်ရွက်နိုင်ဖို့လုပ်ဆောင်ရမှာပါ။ တက္ကသိုလ်စာကြည့်တိုက်အားလုံးရဲ့ Facility တွေကို အပြည့်အဝပေးနိုင်ဖို့လည်း လိုပါလိမ့်မယ်။ အထူးသဖြင့် စာအုပ်ထားသိုခန်းများခေတ်မီရေး၊ ကွန်ပျူတာခန်းများ ခေတ်မီပြည့်စုံရေး၊ စာကြည့်တိုက်ဝန်ထမ်းများ အရည်အသွေးမြင့်လာစေရန် မွမ်းမံသင်တန်းများ ပေးရေး၊ စာကြည့်တိုက်ဖွင့်ချိန် တိုးမြှင့်ပေးရေးတို့ကို အားလုံးတစ်ပြေးညီဖြစ်အောင် စီမံချက်များချမှတ်ဆောင်ရွက် သင့်ပါတယ်။ သို့မှသာ စာကြည့်တိုက်ရဲ့ အရည်အသွေးမြင့်လာပြီး အသိဉာဏ်ပြည့်ဝ ထူးချွန်ထက်မြက်တဲ့ မျိုးဆက်သစ်ပညာတက်လူငယ်များ၊ အကယ်ဒမစ်ပညာရှင် ဆရာ ဆရာမများ၊ သုတေသီများ ပေါ်ထွန်းလာမှာဖြစ်ပါတယ်။

နိဂုံးချုပ်ရရင် တက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်တွေ အဆင့်မြင့်လာရင် တက္ကသိုလ်၊ ကောလိပ်တွေလည်း အဆင့်မြင့်လာမှာပါ။ တက္ကသိုလ်တွေ အဆင့်မြင့်လာမှသာ မြန်မာ့ပညာရေးလည်း အဆင့်မြင့်လာမှာဖြစ်ပါတယ်။ ဒီထက်ဆိုရရင် ပညာရေးကဏ္ဍ အဆင့်မြင့်လာမှသာ နိုင်ငံလည်း အဆင့်မြင့်မားတိုးတက်လာမှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

# နန်းမြို့တွင်းမှ လေ့လာစရာ ရတနာပုံခေတ် မြန်မာ့စက်မှုခေတ်ပြောင်းသင်္ကေတ ဒင်္ဂါးသွန်းစက်ရုံ

**မန္တလေး ဇူလိုင် ၂၇**

မြန်မာနိုင်ငံတွင် အတိတ်ကာလမှသမိုင်းကြောင်း ယဉ်ကျေးမှု များစွာဂုဏ်ယူဖွယ်တည်ရှိပြီး လေ့လာစရာ များစွာရှိသည်။ လက်ရှိခေတ်တိုးတက်မှုများသည်လည်း စိတ်ဝင်စားစရာကောင်းသလိုပင် ရှေးခေတ်မှလူနေမှုပုံသဏ္ဌာန်ယဉ်ကျေးမှုမှအစ အသုံးအဆောင်၊ အဆောက်အအုံများသည် စိတ်ဝင်စားဖွယ်ကောင်းလှသည်။ သမိုင်းဝင်ပစ္စည်းတစ်ခုသည် ထိုနိုင်ငံအတွက် အဖိုးမဖြတ်နိုင်သော အဖိုးတန်ရတနာဟုပင် ညွှန်းဆိုနိုင်သည်။ နိုင်ငံသားတိုင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာ မိမိတိုင်းပြည်၏ ဂုဏ်ကိုမြှင့်တင်သင့်လှသည်။

မန္တလေးမြို့သည် မြန်မာမင်းများ၏ နောက်ဆုံးမင်းနေပြည်ဖြစ်ခဲ့သလို လေ့လာမကုန်နိုင်သော သမိုင်းဝင်ပစ္စည်းများ ရှေးဟောင်းအဆောက်အအုံများစွာ၊ ဘုရားစေတီများစွာကို ယနေ့တိုင်ဖူးမြင်နိုင်သည်။မန္တလေးမြို့တွင်ရှိသော ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များတွင် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ အထူးအံ့သြစွာ လေ့လာသောအရာမှာ ကျုံးမြို့ရိုးနှင့် မြနန်းစံကျော်ရွှေနန်းတော်ပင်ဖြစ်သည်။ မြနန်းစံကျော်ရွှေနန်းတော်ဘေး ရွှေမြို့တော်အတွင်းတွင် လေ့လာစရာ များစွာရှိသည်။ စွယ်တော်စင်၊ ပဟိုရ်စင်၊ မင်းတုန်းမင်း အုတ်ဂူပြာသာဒ်၊ ကျောက်စာရုံနှင့်တကွ အခြားလေ့လာစရာ များစွာရှိသည်။ ထိုလေ့လာစရာများစွာထဲတွင် ရတနာပုံ ခေတ်မြန်မာ့စက်မှုခေတ်ပြောင်းလဲမှု သင်္ကေတတစ်ခုအဖြစ် ကျန်ရှိနေသော စက်ရုံတစ်ရုံရှိသည်။ ထိုစက်ရုံမှာ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းနှင့် အိမ်ရှေ့စံ ကနောင်မင်းသားကြီးတို့တည်ခဲ့သော ဒင်္ဂါးသွန်းစက်ရုံပင်ဖြစ်သည်။



ရတနာပုံခေတ် စက်မှုနည်းပညာတိုးတက်မှု ကနောင်မင်းသားကြီး၏ အားထုတ်ကြိုးပမ်းမှု နိုင်ငံခြားပညာတော်သင်စေလွှတ်မှုနှင့် ရေမြှုပ်ဗုံး စမ်းသပ်အောင်မြင်ခဲ့မှုများနှင့် စက်ရုံများစွာ တည်ထောင်ခဲ့မှုသင်္ကေတများမှာ ယနေ့တိုင်တည်ရှိနေသည်။ လက်ရှိကာလ မန္တလေးနန်းမြို့အတွင်း လေ့လာနိုင်သော သမိုင်းဝင်ဒင်္ဂါးသွန်းစက်ရုံကို သက္ကရာဇ် ၁၂၁၄ ခုနှစ်တွင် အိမ်ရှေ့စံ ကနောင်မင်းသားကြီးကိုယ်တိုင်ကြီးကြပ်ကာတည်ဆောက်ခဲ့သည်။ သက္ကရာဇ် ၁၂၂၇ ခုနှစ်တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့တွင် ပြီးစီးခဲ့သည်။ ဒင်္ဂါးသွန်းစက်ရုံကို သက္ကရာဇ် ၁၂၂၇ ခုနှစ်တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်စနေနေ့ ၁၁-၁၁-၁၈၆၅ နံနက်ပိုင်းတွင် အမြောက်သုံးချက်ပစ်ဖောက်ကာ ဖွင့်လှစ်ခဲ့သည်။

ဒင်္ဂါးသွန်းစက်ရုံမှ ဒေါင်းဒင်္ဂါး၊ ဒေါင်းပိုက်ဆံ၊ မူးစေ့၊ မတ်စေ့၊ ပဲစေ့နှင့် ရွှေဒင်္ဂါးတို့ကို ထုတ်လုပ်သည်။ ရွှေဒင်္ဂါးစက်ကိုမူ အင်္ဂလိပ်ကုန်သည်ကြီး ဝီလျံဝါလစ်က ပြင်သစ်မှ မှာယူပေးခဲ့ကြောင်း သိရသည်။ အဆောက်အအုံမှာ အုတ်အင်္ဂတေတို့ဖြင့် တည်ဆောက်ထားသည်။ ခေါင်းတိုင်နှင့်တကွ အခန်းခုနစ်ခန်းပါကာ ထောင့်မှန်စတုဂံပုံအဆောက်အအုံပင်ဖြစ်သည်။ အခန်းများမှာ လုပ်ငန်းစဉ်အလိုက် ငွေအရည်ကျိုခန်း၊ သတ္တုရောစပ်ခန်း၊ ပုံနှိပ်ခန်း အဖြစ် စနစ်တကျခွဲထားသည်။ လက်ရှိကာလတွင် ရတနာပုံခေတ်လက်ရာ ဒင်္ဂါးသွန်းစက်ရုံကိုမန္တလေးနန်းမြို့အတွင်း ယနေ့တိုင်လေ့လာနိုင်ကြောင်း သိရသည်။

**နွေနဒီ၊ မြစ်ငယ်၊**